# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 29 May 2020 ၁၀၀၂၇


**စိုးရိမ်ကြောင့်ကြမှုမရှိ**

**ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)**

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးသည့်ကိစ္စရပ်များ မပါ)အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## ယခုဖြေလျှော့ပေးမှုများသည် စည်းကမ်းလိုက်နာခြင်းအားဖြင့် covid ကာကွယ်ရေးကို ဖေးမပေးခြင်း၏ အကျိုးဖြစ်တာကြောင့် covid ကို အနိုင်ရရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ဆက်ပြီးကူညီကြပါလို့ မေတ္တာရပ်ခံပါကြောင်း သတင်းစကားပါး

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုဖြေလျှော့ပေးမှုများသည် စည်းကမ်းလိုက်နာခြင်းအားဖြင့် covid ကာကွယ်ရေးကို ဖေးမပေးခြင်း၏ အကျိုးဖြစ်တာကြောင့် covid ကို အနိုင်ရရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ဆက်ပြီးကူညီကြပါလို့ မေတ္တာရပ်ခံပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အချိန်နဲ့ဒီရေဟာ မည်သူ့ကိုမှ မစောင့်တဲ့။ မည်သူ၊ မည်သည့်အရာကမှလည်း မရွေ့မလျား၊ မပြောင်းမလဲ မရှိပါကြောင်း၊ Covid နှင့်ပတ်သက်ပြီး ပြည်သူများနှင့် ဆက်သွယ်ရေးအတွက် Facebook ကိုစပြီး အသုံးပြုခဲ့သည်မှာ ၂ လ နီးပါးရှိလာပြီဖြစ်ကြောင်း၊ Covid ဘက်ကလည်း အငြိမ်မနေဘဲ တစ်နေ့တစ်မျိုး မရိုးရအောင် ဖြစ်နေကြောင်း။

မေလ ၃၁ ရက်နေ့အထိ ရောဂါမပြန့်ပွားရေးအတွက် ချထားသည့် သတ်မှတ်ချက်အချို့ကို ဇွန်လ ၁ ရက်နေ့မှစပြီး ဖြေလျှော့မည်ဖြစ်ပါကြောင်း၊ သတိကြီးစွာဖြင့် တဖြည်းဖြည်း နိုင်ငံ၏ယန္တရား ပြည့်ဝစွာပြန်လည်ပတ်နိုင်ရေးကို ဦးတည်ပါကြောင်း။

ဒီကိစ္စမှာသာမက အခြားကိစ္စအဝဝမှာပါ ပြည်သူများ၏ စိုးရိမ်ချက်များ၊ မျှော်မှန်းချက်များ၊ ဖြစ်ချင်တာများ၊ ဖြစ်သင့်တာများ၊ ဖြစ်နိုင်တာများကို အမြဲစိတ်ထဲမှာရှိနေပါကြောင်း၊ အကောင်းဆုံးအဖြေကို အမြဲရှာနေပါကြောင်း၊ အကောင်းဆုံးအဖြေရနိုင်ဖို့က ပြည်သူများ အကူအညီ၊ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်တယ်ဆိုတာကိုတော့ ထပ်လောင်းပြောချင်ပါကြောင်း၊ နှလုံးဦးနှောက်ထဲစွဲသွားအောင် အကြိမ်(၂၀၀) ပြောရမဲ့ကိစ္စမျိုး ဖြစ်ပါကြောင်း။

ယခုဖြေလျှော့ပေးမှုများသည် စည်းကမ်းလိုက်နာခြင်းအားဖြင့် covid ကာကွယ်ရေးကို ဖေးမပေးခြင်း၏ အကျိုးဖြစ်တာကြောင့် covid ကို အနိုင်ရရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ဆက်ပြီးကူညီကြပါလို့ မေတ္တာရပ်ခံပါကြောင်း ရေးသားထားသည်။

- ❖ **မေလ ၃၁ ရက်နေ့အထိ ရောဂါမပြန့်ပွားရေးအတွက် ချထားသည့် သတ်မှတ်ချက်အချို့ကို ဇွန်လ ၁ ရက်နေ့မှစပြီး ဖြေလျှော့မည်**
- ❖ **သတိကြီးစွာဖြင့် တဖြည်းဖြည်း နိုင်ငံ၏ယန္တရား ပြည့်ဝစွာ ပြန်လည်ပတ်နိုင်ရေးကို ဦးတည်**
- ❖ **အကောင်းဆုံးအဖြေရနိုင်ဖို့က ပြည်သူများ အကူအညီ၊ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်တယ်ဆိုတာကိုတော့ ထပ်လောင်းပြောချင်**

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောထော့လေးနှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က
KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောထော့လေးနှင့်
KNU/KNLA ငြိမ်းချမ်းရေးကောင်စီသို့ ပေးပို့သည့်
ဝမ်းမြောက်ကြောင်းသဝဏ်လွှာ
၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement–NCA)ကို လက်မှတ်ရေးထိုးခဲ့သော KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ဗဟိုကော်မတီနှင့် တပ်မှူး၊ တပ်ဗိုလ်များ အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ဗဟိုဌာနချုပ်၊ ထို့ကော်ကိုး(ဝေနော်တယာ)တွင် ကျင်းပခဲ့ပြီး လစ်လပ်နေသော KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီးစောထော့လေးအား ရွေးချယ်တင်မြှောက်သည့်အတွက် ဝမ်းမြောက်စွာဖြင့် ကြိုဆိုဂုဏ်ပြုပါသည်။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီအနေဖြင့် မကြာသေးမီက ခေါင်းဆောင်အချို့အပြောင်းအလဲရှိသော်လည်း ငြိမ်းချမ်းရေးအပေါ် ချမှတ်ထားသည့်မူဝါဒများ အပြောင်းအလဲတစ်စုံတစ်ရာမရှိဘဲ **စာမျက်နှာ ၂ ကော်လံ ၅ သို့** ❂


C B BANK

Best Digital Bank 2020

By ASIAMONEY



ကြေးမုံ

# မလျှော့သောသတိဖြင့် ဆက်လက်လိုက်နာ

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုအခြေအနေသည် ပြည်တွင်းကူးစက်မှုအပိုင်း၌ ရက်သတ္တနှစ်ပတ်နီးပါး ကူးစက်မှုမရှိတော့သည်ကို တွေ့ရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ တစ်လမှ တစ်လခွဲအတွင်း ပြည်တွင်း၌ ရောဂါကူးစက်မှုမရှိလျှင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ထိန်းချုပ်နိုင်ပြီဟု သတ်မှတ်ထားကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို ထိန်းချုပ်ထားပြီးနောက်ထပ် ရက်သတ္တသုံးပတ်နီးပါးမျှ ရောဂါပိုးကူးစက်မှုမရှိခဲ့လျှင် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ထားနိုင်သည့် အဆင့်ကို ရောက်မည်ဖြစ်သည်။ သို့သော် ရောဂါကူးစက်ဖြစ်ပွားခြင်း၊ မဖြစ်ပွားခြင်းသည် ပြည်သူသာလျှင်အဓိကဖြစ်၍ ရောဂါပိုးမကူးစက်အောင် သက်ဆိုင်ရာက လမ်းညွှန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ အလေးထားလိုက်နာကြရမည်ဖြစ်သည်။

လက်ရှိအခါတွင် ပြည်သူများအနေဖြင့် မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားမှုအခြေအနေကို နေ့စဉ်စိတ်ဝင်စားနေပြီး ရောဂါပိုးမတွေ့ရှိရသောရက်များတွင် ဝမ်းမြောက်ပျော်ရွှင်ဖြစ်ကြရသည်။ ရောဂါပိုးတွေ့ရှိသောနေ့များတွင် စိုးရိမ်ပူပန်မှု ဖြစ်ကြရသည်။ ရောဂါကူးစက်မှုကို မလိုလားလျှင် ပြည်သူများလိုက်နာရန်ညွှန်ပြထားသော လက်ကိုစင်ကြယ်စွာဆေးကြောခြင်း၊ အပြင်ထွက်လျှင် နှာခေါင်းစည်း အကာအကွယ်ဝတ်ဆင်ခြင်း၊ လူစုလူဝေးများကို ရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံအတွင်းသို့ ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နေ့စဉ်လက်ခံပေးလျက်ရှိရာ ရောဂါပိုးရှိသူများ ပါလာသည်ကိုတွေ့ရသည်။ နယ်စပ်ဝင်ပေါက်/ထွက်ပေါက်များ၊ နိုင်ငံတကာလေဆိပ်များမှ ရောက်ရှိလာသူများအား စောင့်ကြပ်ကြည့်ရှု၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ကြီးမားသောပြဿနာမရှိနိုင်ဘဲ ၎င်းတို့ကို နိုင်နင်းစွာ ထိန်းချုပ်ကုသပေးနိုင်သည်။ မမြင်နိုင်သော ပြည်တွင်း ရောဂါကူးစက်မှုများကိုမူ ထိန်းချုပ်ကုသရန်ခက်ခဲပြီး ကြီးမားသောပြဿနာ ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံတွင် ခေတ်ခွဲအတည်ပြုလူနာများအနက် ၆၂ ရာခိုင်နှုန်းခန့်သည် ရောဂါလက္ခဏာပြသခြင်းမရှိဘဲ ရောဂါပိုးရှိသည်ကို တွေ့ရှိနေရသည့်အတွက် ပြည်သူလူထုအတွင်း၌ ရောဂါပိုးကူးစက်ခံထားရသော်လည်း ရောဂါလက္ခဏာ မပြသူများ သို့မဟုတ် သာမန်ရောဂါလက္ခဏာသာရှိနေသူများ ရှိနေနိုင်သည်ဟူသောအချက်သည် မမြင်နိုင်သည့် အန္တရာယ်ကြီးမားသော မြေမြှုပ်မိုင်းဗုံးသဖွယ် ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မလျှော့သောသတိဖြင့် မပေါ့မဆနေထိုင်ကာ အကာအကွယ်များကို အစဉ်ပြုလုပ်ကြရမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာသဖြင့် ဖြေလျှော့မှုများ ပြုလုပ်လာခဲ့ကြရာ ထို့နောက်တစ်ဖန် တစ်ကျော့ပြန် ရောဂါကူးစက်ဖြစ်ပွားမှုများ မြင့်မားလာနေသည်ကို တွေ့နေရသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တားဆီးသည့်နေရာတွင် စံနမူနာယူရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်သဖြင့် လူမှုဝေးကွာခြင်းစည်းမျဉ်းများကို ဖြေလျှော့ပေးလိုက်ပြီး ရက်သတ္တ ခုနစ်ပတ်အကြာတွင် ရောဂါကူးစက်မှု ရတ်တရက်အမြင့်ဆုံးအဆင့် ပြန်လည်ရောက်ရှိလာသည်မှာ သင်ခန်းစာယူဖွယ် ဖြစ်သည်။

လူအများစုရှိရာနေရာများတွင် အသွားအလာကန့်သတ်ထိန်းချုပ်မှုစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကြောက်စရာကောင်းသော ရောဂါပိုးကူးစက်မှုနှင့် ကြုံတွေ့နိုင်သည်ကို သက်သေပြလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေအနေ အလားအလာကောင်းတစ်ခုသို့ ရောက်ရှိနေပြီဟု ဆိုနိုင်သော်လည်း လူအများထိတွေ့မှုများသောနေရာများ၌ မမြင်နိုင်သော ရောဂါပိုးအန္တရာယ်ရှိနေနိုင်ကြောင်းကို သတိပြုရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါသည် ရောဂါပိုးအသစ်အဆန်းဖြစ်ပြီး မခန့်မှန်းနိုင်သော သဘောသဘာဝများရှိနေသည်ဖြစ်ရာ မည်သူမဆို ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနိုင်သည်ဟုခံယူပြီး မိမိကိုယ်တိုင်၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်တွင် ရောဂါကူးစက်ဖြစ်ပွားခြင်း မရှိစေရန်အတွက် ကျန်းမာရေးအသိပညာပေး လမ်းညွှန်ချက်များနှင့်အညီ အလေးထားလိုက်နာကျင့်သုံးကြရန် တိုက်တွန်းအပ်ပါသည်။ ။

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၆/၂၀၂၀
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ် မေလ ၂၈ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမြင့်ဆန်းကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❂ ရှေ့ဖုံးမှ

ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင်လည်းကောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ညီနောင်တိုင်းရင်းသားများနှင့်အတူ လက်တွဲပြီး NCA လမ်းကြောင်းအတိုင်း စိတ်ရင်းစေတနာမှန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ သဘောထားသည် ငြိမ်းချမ်းရေးအပေါ် အမှန်တကယ် မြတ်နိုးတန်ဖိုးထားသော စိတ်ရင်းစေတနာမှန်ကို ပြသနေကြောင်း မြင်တွေ့ရ၍လည်း ဝမ်းမြောက်ရပါသည်။

**လက်တွဲပူးပေါင်း**

KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌနှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီအနေဖြင့် အားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆက်လက်လျှောက်လှမ်းရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် လက်ရှိဖြစ်ပွားနေသော COVID- 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းရင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၃,၈၁၈ | ၄၀,၂၉၅,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၁၀,၀၆၃ | ၃၇,၇၇၇,၄၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၅၄ | ၄၃၇,၄၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၀၀၀ | ၂၀၇ | ၄,၈၁၄,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၇၅၀ | ၁,၅၂၃ | ၄,၂၆၃,၅၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၃၁,၁၉၆ | ၈၄,၇၆၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၈

ရန်ကုန်(ရွှေဈေး) ၁၂၁၄၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၄၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၂၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၄၀/၅၆၅ ကျပ် | ၆၁၀/၆၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၆၀ ကျပ် | ၄၇၅/၄၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၃၅ ကျပ် | ၅၃၀/၅၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၅/၄၅၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၅/၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၃၉၅/၄၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၄.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၅.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၂၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၀၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၃၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၂၉ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၇.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၉.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၂.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၃၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

| | | |
|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့သာလျှင် အဓိက

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

နေပြည်တော်    မေ    ၂၈

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID–19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ဘီလီယံ ၃၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခု JICA Loan ကို Policy Matrix အတွက် (COVID–19 Economic Relief Plan–CERP) ၏ Action Plan များအပေါ် မူတည်ဆောင်ရွက်မည်ဖြစ်ကြောင်းကို JICA မှ ညှိနှိုင်းလာပါကြောင်း၊ ထိုသို့ ညှိနှိုင်းရာတွင် မိမိတို့ဆောင်ရွက်နိုင်မည့် အနေအထားနှင့် ၎င်းတို့လိုအပ်သည့် အနေအထားတို့ကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး အချိန်တိုအတွင်း အမှန်တကယ်အောင်မြင်နိုင်မည့် အချက်များကို ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် ချေးငွေထုတ်ယူမှုကို မြန်ဆန်စေမည်ဖြစ်ပါကြောင်း၊ JICA မှ ယန်းဘီလီယံ ၃၀ ရရှိမှုအပေါ်မူတည်၍ သင့်လျော်သော အသုံးစရိတ်ကို ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ အသုံးပြုခြင်းသည် ဘတ်ဂျက်လိုငွေကို လျော့နည်းသက်သာစေပါကြောင်း။

နိုင်ငံတော်အနေဖြင့် Project Loan များ ရယူလျက်ရှိသကဲ့သို့ အရေးပေါ်ကာလအတွင်း သင့်လျော်သော Program Loan များကိုလည်း ရယူသင့်ပါကြောင်း၊ ပြည်ပချေးငွေ အထူးသဖြင့် သက်သာမှုရှိသော ချေးငွေများရယူရာတွင် မိမိတို့ရယူလိုတိုင်း ရယူနိုင်သည်မဟုတ်ပါကြောင်း၊ ချေးငွေပေးအပ်မည့်နိုင်ငံ/ အဖွဲ့အစည်း၏ မိမိတို့နိုင်ငံအပေါ်ထားရှိသည့် မူဝါဒ၊ မိမိတို့နိုင်ငံနှင့် ဆက်ဆံရေး၊ မိမိတို့နိုင်ငံ၏ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုနှင့် မိမိတို့နိုင်ငံ၏ ရှေ့အလားအလာ စသည်တို့ကို အဘက်ဘက်မှ ကြည့်ရှုပြီးမှသာ ပေးအပ်လေ့ရှိပါကြောင်း။

ကြွေးမြီရယူနိုင်သည့် အခွင့်အလမ်းရရှိချိန်တွင် ရယူထားခြင်းဖြင့် နိုင်ငံအတွက် ပိုမိုအကျိုးရှိစေမည်ဖြစ်ပြီး ချေးငွေကို ထိရောက်အောင် သုံးစွဲနိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်–၁၉ ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများ လိုအပ်သလို ကုစားနိုင်ရေးနှင့် စီးပွားရေးနာလန်ထူလာအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေဂျပန်ယန်း ဘီလီယံ ၃၀ ရယူဆောင်ရွက်လိုခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးစေလိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

### COVID-19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးအတွက် JICA ထံမှ ဂျပန်ယန်း ဘီလီယံ ၃၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID–19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ဘီလီယံ ၃၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၉–၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံ အတွင်း ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေပိုငွေဟုဆိုရာတွင် အရအသုံးခန့်မှန်းခြေငွေစာရင်းအရ ဖြစ်ပေါ်လာသည့် လိုငွေနှင့်ပိုငွေများ အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်ရသည့် ကြွေးမြီအပ်ငွေနှင့် ယာယီစာရင်းများအရ ဖြစ်ပေါ်လာသည့် လိုငွေနှင့် ပိုငွေများလည်း ပါဝင်ပါကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်လိုငွေပမာဏနှင့် လိုငွေဖြည့်ဆည်းမှုပမာဏတို့သည် ထပ်တူမဖြစ်ဘဲ ကွာခြားနေရခြင်းဖြစ်ပါကြောင်း။

ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ပချေးငွေရရှိမှု၊ သုံးစွဲမှုတို့ကို ထည့်သွင်းရေးဆွဲရပြီး အဆိုပါ ချေးငွေများ အပါအဝင် ရငွေ၊ သုံးငွေခြားနားချက်ကြောင့် ဖြစ်ပေါ်လာသည့် ဘတ်ဂျက်လိုငွေကို ပြည်တွင်းချေးငွေဖြင့် ဖြည့်ဆည်းရခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဖြည့်ဆည်းရာတွင် အစိုးရငွေတိုက်စာချုပ်များ ရောင်းချခြင်း၊ အစိုးရငွေတိုက်လက်မှတ်များ ရောင်းချခြင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချေးယူခြင်းနည်းလမ်းတို့ဖြင့် ဆောင်ရွက်ပါကြောင်း။

### တစ်ဖက်တွင်လည်း ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးအောင် ဆောင်ရွက်၍ အခြားတစ်ဖက်ကလည်း လိုငွေဖြစ်ပေါ်မှု လျော့နည်းအောင် ကြိုးပမ်းဆောင်ရွက်ရမည်

အနာဂတ်ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းဖြင့် ဖြည့်ဆည်းခြင်းကို လျှော့ချ၍ ပြည်သူသို့ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များ ရောင်းချခြင်းဖြင့် ပိုမိုဖြည့်ဆည်းရန် ဦးတည်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးရန် လိုအပ်နေသေးသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံသို့ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးယူခြင်းကို လျှော့ချ၍ မရသေးပါကြောင်း၊ ယခုအခါတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ဘဏ်များအနေဖြင့် Liquidity Ratio (ငွေဖြစ်လွယ်မှုအချိုး) အခက်အခဲများလည်းရှိသည့်အတွက် မိမိတို့အနေဖြင့် ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ မည်မျှပင် ရောင်းချသော်လည်း အဓိကရင်းနှီးမြှုပ်နှံသူ ဘဏ်များအနေဖြင့် ဝယ်ချင်မှ ဝယ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းခြင်းကို လက်လွှတ်၍ မရသေးခြင်း ဖြစ်ပါကြောင်း၊ တဖြည်းဖြည်းလျှော့ချသွားရန် ရည်ရွယ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးအောင် ဆောင်ရွက်၍ အခြားတစ်ဖက်ကလည်း လိုငွေဖြစ်ပေါ်မှု လျော့နည်းအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေများရယူရန် ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံ လျာထားမှုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံမှ ချေးငွေရယူမှုကို လျှော့ချရန် ရည်ရွယ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ညှိနှိုင်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ အစိုးရငွေတိုက် လက်မှတ်များကို တစ်လလျှင်နှစ်ကြိမ် လေလံစနစ်ဖြင့် ရောင်းချခဲ့ပါကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ အစိုးရငွေတိုက်စာချုပ်များကို တစ်လလျှင် တစ်ကြိမ် လေလံစနစ်ဖြင့် ရောင်းချခဲ့ပါကြောင်း၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ချေးငွေ ငွေကျပ် ၆၆၃ ဒသမ ၁၂ ဘီလီယံ ဖြည့်ဆည်းပေးခဲ့ရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဖြည့်ဆည်းပေးခဲ့ရခြင်း မရှိပါကြောင်း၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၈၀၉ ဒသမ ၆၇ ဘီလီယံသာ ဖြည့်ဆည်းပေးခဲ့ရပါကြောင်း၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်အောက် ၂၀၇ ဒသမ ၁၄၈ ဘီလီယံ လျော့နည်း ဖြည့်ဆည်းပေးခဲ့ရခြင်းကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူရမှု အခြေအနေ တစ်စတစ်စ လျော့ကျလာသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၅၁ ရာခိုင်နှုန်း ရှိသော်လည်း ၂၀၁၉–၂၀၂၀ ခုနှစ် မတ်လအထိ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၆၁ ရာခိုင်နှုန်းသာ ရှိသဖြင့် ငွေကြေးတန်ဖိုးကို ထိန်းသိမ်းထားနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ လိုငွေကို ဖြည့်ဆည်းရန်၊ လိုအပ်သောငွေကြေးရရှိရန် ချေးငွေထုတ်ချေးခြင်းများ သို့မဟုတ် အစိုးရငွေတိုက်လက်မှတ်နှင့်ငွေတိုက်စာချုပ်များ ပိုမိုတိုးမြှင့်ရောင်းချခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေကို အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့် Public သို့ရောင်းချ လိုငွေဖြည့်ဆည်းပြီးနောက် အဆိုပါအပ်ငွေစာရင်းပိတ်တွင် လိုငွေဖြစ်ပေါ်မှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေဖြင့် ဖြည့်ဆည်းပေးရခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအတွက် ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံကို လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းမည်ဖြစ်ရာ ချေးငွေရယူနိုင်ရေး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ (၉၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

### ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံအတွင်း ရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြု

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၉–၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံအတွင်း ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အဋ္ဌမအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးသဘောတူညီချက် အသက်ဝင်ရေး အတည်ပြုစာချုန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက စီမံကိန်းအတွက် ကမ္ဘာ့ဘဏ် (IDA–18) အစီအစဉ်အရ ဒေါ်လာသန်း ၂၀၀ ချေးယူရေးကိစ္စသည် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၂၂၈ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ ကြိုဆိုပါကြောင်း။

စီမံကိန်းတွင် စိုက်ပျိုးထုတ်လုပ်မှုများတိုးပွားရေး၊ စိုက်ပျိုးထုတ်ကုန် အရည်အသွေးပိုမိုကောင်းမွန်ရေး၊ ဈေးကွက်ယှဉ်ပြိုင်မှုတိုးမြှင့်လာစေရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်မှု အထောက်အပံ့ပေးနိုင်ရေး၊

စာမျက်နှာ ၆ သို့ ✳

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**နေပြည်တော် မေ ၂၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်း ခြင်းတို့ကို ဆောင်ရွက်ကြသည်။

## အလောင်းတော်ကဿပဂေါပကအဖွဲ့ အတည်ပြုဆောင်ရွက်ဖွဲ့စည်းပြီးမှသာ အလောင်းတော်ကဿပဂေါပကအဖွဲ့ စည်းမျဉ်းကို သတ်မှတ်ဆောင်ရွက်နိုင်မည်

အစည်းအဝေးတွင် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ ကနီမြို့နယ် အလောင်းတော်ကဿပ ဂေါပကဖွဲ့စည်းရာတွင် ကနီမြို့နယ် သံဃနာယကအဖွဲ့၏ သဘောထား ထုတ်ပြန်ချက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နယ်မြေခံ သံဃနာယကအဖွဲ့က လက်ခံနိုင်သော ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများအား တိုင်းဒေသကြီးအစိုးရမှ ကြီးကြပ်ရေးဆွဲ၍ အတည်ပြုထုတ်ပြန်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အလောင်းတော်ကဿပ ဂေါပကအဖွဲ့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လေးမြို့နယ် သံဃနာယကအဖွဲ့ဆရာတော်များအချင်းချင်း သဘောတူညီမှုမရရှိကြသည့် အခြေအနေနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လျှောက်ထားပြီး ဩဝါဒခံယူခဲ့ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အလောင်းတော်ကဿပဂေါပကအဖွဲ့အတည်ပြုဆောင်ရွက်ဖွဲ့စည်းပြီးမှသာ အလောင်းတော်ကဿပ ဂေါပကအဖွဲ့ စည်းမျဉ်းကို သတ်မှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်




ဒုတိယဝန်ကြီး
ဦးကြည်မင်း



ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ မက်မန်းမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံပါဝန်ထမ်းဖွဲ့စည်းပုံအနက်မှ လစ်လပ်လျက်ရှိသည့် ဝန်ထမ်းဦးရေမည်မျှအား ထပ်မံဖြည့်ဆည်းခန့်အပ်ပေးရန်နှင့် မြို့နယ်သစ်တောဦးစီးဌာနရုံး အဆောက်အအုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လတ်တလော အခြေအနေတွင် လက်ရှိတာဝန်ချထားပြီး တောအုပ်တစ်ဦး၊ တောခေါင်းတစ်ဦးအပြင် နောက်ထပ် တောအုပ်တစ်ဦး သို့မဟုတ် တောခေါင်းတစ်ဦး အင်အားတိုးမြှင့် တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် "ခ"အဆင့် မြို့နယ်အဖြစ် တိုးမြှင့်ဖွဲ့စည်းခွင့်ရရှိပါက ရုံးနှင့် ဝန်ထမ်းနေအိမ်များ လိုအပ်ချက်များအတွက်ကိုလည်း ဘဏ္ဍာရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ မင်းဘူး(စကု) မြို့နယ် လေးပင်ကျေးရွာအုပ်စုရှိ ၁၂၇၉ ကွင်းမှ နှစ်ပေါင်း ၆၅ နှစ်ခန့် ဓားမဦးချလုပ်ကိုင်စားသောက်နေသော စိုက်ပျိုးဧရိယာအား ကွင်းဆင်းစစ်ဆေးပြီး ကြိုးဝိုင်းဧရိယာအတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက မေးခွန်းပါဧရိယာရှိ ဒေသခံပြည်သူများသည် ၂၀၁၃ ခုနှစ် စာရင်းကောက်ယူစဉ် မပါဝင်ခဲ့သည့်အတွက် ကျူးကျော်လုပ်ကိုင်လျက်ရှိသည့် စိုက်ပျိုးမြေဧရိယာများအား ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးရန် လတ်တလောအစီအစဉ် မရှိသေးသော်လည်း ၂၀၁၈ ခုနှစ် သစ်တောဥပဒေ အခန်း(၃)၊ ပုဒ်မ (၇) ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးဝိုင်းတောတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကြိုးဝိုင်းတော အမျိုးအစားပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းပြုနိုင်သည်ဟု ဖော်ပြပါရှိပါသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ဦးဆောင်မှုနှင့် မြေပြင်အခြေအနေမှန်ကို ဆက်စပ်ဌာနများအဖွဲ့စုံနှင့် ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ် ပယ်ဖျက်ဆောင်ရွက်ပေးသင့်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ကနီမဲဆန္ဒနယ်မှ
ဦးထွန်းထွန်းနိုင်



မင်းဘူးမဲဆန္ဒနယ်မှ
ဦးဝင်းဝင်း



မိုင်းပျဉ်းမဲဆန္ဒနယ်မှ
ဦးစိုင်းထွန်းစိန်

အလားတူ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ ဝန်ကြီးဌာနအသီးသီးက လက်ရှိကျင့်သုံးနေသော ပြဋ္ဌာန်းကာလ သက်တမ်းနှစ်နှစ်ကျော်နေပြီဖြစ်သော ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ပြန်လည်စိစစ်သုံးသပ်ပြီး ဥပဒေကျင့်သုံး အကောင်အထည်ဖော်မှု စိစစ်ချက်မှတ်တမ်း အစီရင်ခံစာကို လွှတ်တော်များနှင့် သက်ဆိုင်ရာ ကော်မတီများသို့ပေးပို့ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်ကလည်းကောင်း၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၏ ယခုပြင်ဆင်ထားသည်ထက် ပိုမိုထိရောက်သော စီမံခန့်ခွဲမှုများ နိုင်ငံအနှံ့မှာ အရေးပေါ်ပြင်ဆင်နိုင်ရန်နှင့် COVID-19 ဘေးအန္တရာယ် ကျရောက်လာသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရထံသို့ လုံလောက်သော ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရန် COVID-19 ကနဦး ရန်ပုံငွေကျပ်ဘီလီယံ ၁၀၀ အပြင် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံး ဥပဒေမူကြမ်းတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုလွှတ်တော်က လက်ရှိဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ်အရေးပေါ် ရန်ပုံငွေသုံးစွဲခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ တို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း၏ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် မစိုးရိမ် ကံတက်ကုန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

## တွံတေးတူးမြောင်းပိုင်မြေများအား (ရေ/မြစ်/ဖြိုး)ဦးစီးဌာနက စီမံခန့်ခွဲ ဆောင်ရွက်နေမှုအခြေအနေများနှင့် တိကျရှင်းလင်းသော မူဝါဒများ ချမှတ်ပေးနိုင်ခြင်းရှိ၊ မရှိမေးမြန်း

ဆက်လက်၍ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ တွံတေးတူးမြောင်းပိုင်မြေများအား (ရေ/မြစ်/ဖြိုး)ဦးစီးဌာနက စီမံခန့်ခွဲဆောင်ရွက်နေမှုအခြေအနေများနှင့် တိကျရှင်းလင်းသော မူဝါဒများ ချမှတ်ပေးနိုင်ခြင်းရှိ၊ မရှိ တို့ကို သိရှိလိုခြင်း မေးခွန်းနှင့် ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ ငပုတောမြို့ ဈေးတံတားဆိပ်ကမ်းတွင် ခရီးသွားပြည်သူများနှင့်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရန်အတွက် ဆိပ်ခံဖောတစ်စင်းကို နိုင်ငံသားများအတွက်မည်သို့ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လည်းကောင်း၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ ပေါင်မြို့နယ်ရှိ ကုလားမတောင်တန်းကြီးမှ လမ်းခင်းကျောက်ထုတ်လုပ်ခြင်း၊ ခဲတ်သတ္တုတူးဖော်ခြင်း၊ မြေကွက်ဖော်မြေတူးရောင်းချခြင်း စသည့်လုပ်ငန်းများကို တရားဝင်နှစ်ရှည်လုပ်ကိုင်ခွင့်ပြုထားခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်နေခြင်းကို ပိတ်သိမ်းပေးရန်နှင့် သဘာဝထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝတောင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ မော်ချီးဒေသတွင် သတ္တုအကြီးစားလုပ်ကွက် တူးဖော်လုပ်ကိုင်ခွင့်ရရှိသော ကယားပြည်နယ် သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ(KMPC)အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေနှင့် သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှု ရန်ပုံငွေထားရှိရန်စသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် ညွှန်ကြားချက်များနှင့် လိုက်နာဆောင်ရွက်ထားခြင်းမရှိပါက မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီအရေးယူရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာပါအတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်အတွက် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တင်သွင်းသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် ၇၃ ချက်အား တင်ပြ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန်အဆိုနှင့်စပ်လျဉ်း၍ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်က တင်သွင်းရာတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ တွင် ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးစလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် သတ်မှတ်နည်းလမ်းနှင့်အညီ တာဝန်မှ ရုပ်သိမ်းနိုင်ကြောင်းကို ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းတို့မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာပျက်ပြားခြင်းနှင့် ဥပဒေအရပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅ တို့အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် လေးပုံတစ်ပုံဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦးတို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်ပြီး လက်ရှိပြည်ထောင်စုလွှတ်တော်နာယက တာဝန်ကိုပါ ထမ်းဆောင်လျက်ရှိသည့် ဦးတီခွန်မြတ်အား တာဝန်မှ ရုပ်သိမ်းပေးပါရန် အဆိုလွှာတင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ယခုတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၂၀ပြည့်နှစ် မေ ၂၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

## ■ မန္တလေးတိုင်းဒေသကြီးမှ

မန္တလေးက ဟိုတယ်ကြီးတွေရော၊ ကွန်ပျူတာစက်ပန်းထိုး၊ ဆန်စက် စသဖြင့်ပေါ့။ နိုင်ငံတော်ကစိစစ်ပြီး အာမခံအပေါင်မပါဘဲ ယုံကြည်စွာချပေးတာဖြစ်လို့ ရသလောက်ယူပါ။ စနစ်တကျသုံးဖို့လည်းလိုတယ်။ အခြားနေရာမှာသုံးရင် ပြန်ဆပ်ရာမှာ ခက်မယ်"ဟုင်းက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ လျှောက်ထားသူများတွင် မန္တလေး၊ ပုဂံညောင်ဦး၊ ပြင်ဦးလွင်စသည့် ဒေသများမှ ဟိုတယ်များ၊ ကွန်ပျူတာစက်ပန်းထိုး၊ ဆန်စက်များ၊ ယိုလုပ်ငန်းများလည်းပါဝင်ပြီး လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေရရှိမှုပမာဏကွဲပြား၍ နိုင်ငံတော်ဘဏ်မှတစ်ဆင့် ထုတ်ယူရမည်ဖြစ်ကြောင်း၊ ချေးငွေပြန်ဆပ်ရန် ကာလမှာတစ်နှစ်နှင့် ချေးငွေအတိုးနှုန်းထားမှာ တစ်ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

"ရတာကလည်း တစ်ယောက်နဲ့တစ်ယောက်မတူဘူး။ နေပြည်တော်မှာစိစစ်ပြီး စာအိတ်နဲ့ ချေးငွေရတဲ့လုပ်ငန်းရှင်တွေဆီပို့တာပါ။ အတိုးက တစ်ရာခိုင်နှုန်းဆိုတော့ နိုင်ငံတကာနဲ့ယှဉ်ရင် သက်သာတဲ့နှုန်းထားပါ။ မန္တလေးမှ ဟိုတယ်ကြီးများ လုပ်ငန်းစုံပါတယ်။ အထည်ချုပ်တွေလည်းပါတယ်။ လုပ်ငန်းရှင်တွေ ကျေနပ်မှုရှိမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

COVID-19 Fund ချေးငွေအဖြစ် နိုင်ငံတော်မှ ငွေကျပ် ဘီလီယံ ၁၀၀ ကို CMPလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ချေးငွေချထားပေးခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ လျှောက်ထားသူ ၁၆၀၀ ကျော်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**နေပြည်တော် မေ ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရေနံမရဲစခန်းနှင့် လက်ပံတံခါးရဲစခန်းတို့အတွက် ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က ရေနံမနယ်မြေ ရဲစခန်းနှင့် လက်ပံတံခါးရဲကင်းစခန်းတို့ရှိ ပြုပြင်ရန်လိုအပ်သော နေအိမ်လိုင်းခန်းများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေမှ စိစစ်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လိုအပ်လျက်ရှိသည့် ၆ ခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ် တစ်လုံးနှင့် ၄ ခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ် တစ်လုံးတို့အား လွှတ်တော်များ၏ ကတိလက်ကျန်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များအတွင်း ညွှန်ကြားခဲ့သော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် အဆိုပါ အဆောက်အအုံများကို ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ ချင်းပြည်နယ် မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် ရဲကင်းစခန်း ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က လတ်တလောဖြစ်ပေါ်နေသည့် လုံခြုံရေးအခြေအနေများအရ ချင်းပြည်နယ် မတူပီခရိုင် မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် လုံခြုံရေး ရဲကင်း ပြန်လည်ဖွင့်လှစ်နိုင်သည့်အခြေအနေ မရှိသေးပါကြောင်းနှင့် နယ်စပ်ဈေးဖွင့်လှစ်ချိန်တွင် ချင်းပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရဲကင်းစခန်းဖွင့်လှစ်ရန် လိုအပ်မှုရှိကြောင်း တင်ပြလာပါက စခန်းဖွင့်လှစ်နိုင်ရေး အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲခိန်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာဇော်လင်းထွဋ်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး

## မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် မော်တော်ယာဉ်အသစ်များ ဝယ်ယူပြီးပါက လုပ်ငန်းလိုအပ်ချက်ရှိသော မြို့နယ်များသို့ ဦးစားပေး လဲလှယ်ထုတ်ပေးသွားမည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း ရာဇဝတ်မှု – မှုခင်းများ၊ ဒုစရိုက်မှုများ၊ လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရန် အတွက် မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ အသုံးပြုနိုင်ရန် အရည်အသွေးကောင်းမွန်သော 4 WD – Double Cub မော်တော်ယာဉ်အသစ်များကို လိုအပ်လျက်ရှိသော မြို့နယ်များသို့ ဖြည့်ဆည်းထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် မော်တော်ယာဉ်အသစ်များ ဝယ်ယူပြီးပါက လုပ်ငန်းလိုအပ်ချက်ရှိသော မြို့နယ်များသို့ ဦးစားပေး လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် ဖဲဖိုင် (ခ) အခြေခံပညာ အလယ်တန်းကျောင်း အဆောင်(၁)သည် ယိုယွင်းပျက်စီးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် RCC နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖဲဖိုင်(ခ) အခြေခံပညာအလယ်တန်းကျောင်းတွင်ရှိသည့် အန္တရာယ်ရှိ ကျောင်းဆောင် ပေ(၁၂၀ x ၃၀) သွပ်မိုးပျဉ်ကာကို ဖျက်သိမ်း၍ ပေ(၁၃၀ x ၃၀) RC နှစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် အတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ် အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းမုန့်ဈေးတန်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် ရောင်းချနေသော အန္တရာယ်ရှိသည့် အသင့်စားမုန့်များပပျောက်စေရန် မည်သို့ စီမံကိန်းချမှတ်၍ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် ကျောင်းမုန့်ဈေးတန်းများ ဖန်တီးပေးခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရန်နှင့် အဆိုပါ ကျောင်းမုန့်ဈေးတန်းများမှတစ်ဆင့် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ရောင်းချသူများ အားလုံး၏ ကျန်းမာရေး အသိပညာ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းမုန့်ဈေးတန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါတွင်လည်း ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီစဉ်သည့်အခါ မုန့်စားနားချိန်နှင့် ထမင်းစားနားချိန်များတွင် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဈေးရောင်း၊ ဈေးဝယ်များ လိုက်နာရမည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ကျောင်းမုန့်ဈေးဆိုင်များကို ဖွင့်လှစ်ခွင့်မပြုပါကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း ဖြစ်နိုင်မည်ဆိုပါက တစ်ဦးနှင့် တစ်ဦး ခြောက်ပေခွာ၍ နေထိုင်ရမည်ဖြစ်သည့် အတွက် မုန့်စားဆင်းချိန်တွင် အိမ်မှစီစဉ်၍ ယူဆောင်လာသော အစာအာဟာရများဖြစ်သည့် ရေ၊ မုန့်၊ နေ့လယ်စာ တို့ကို မိမိအတန်း စာသင်ခုံတွင်သာ တစ်ဦးချင်း သီးခြား စားသုံးစေမည်ဖြစ်ပါကြောင်း၊ စုပေါင်းစားသုံးခြင်းကို လုံးဝခွင့်မပြုပါကြောင်း။

ထို့ပြင် အစာမစားမီနှင့် စားပြီးချိန်တွင်လည်း ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို စက္ကန့် ၂၀ ကြာ စနစ်တကျ ဆေးကြောရန်နှင့် ရေနှင့်ဆပ်ပြာအလွယ်တကူ မရနိုင်ပါက အခြေခံပညာဦးစီးဌာနက ရေမရှိသည့်ကျောင်းစုစုပေါင်း ၇၀၀၀ ကျော်ကို အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သည့် လက်သန့်ဆေးရည်များကို ဖြန့်ဝေပေး၍ အသုံးပြုပြီး ခြောက်သည့်အခါမှသာ အစားအစာကို ကိုင်တွယ်စားသုံးရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၃၀ x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထား သတ်မှတ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သဇင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်နေသည့် ပေ (၁၂၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေ ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်၏ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မှော်အင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ပေ (၁၂၀ x ၃၀) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ကျောက်တော်မြို့နယ်အတွင်း ပန်ဖဲချောင်း အခြေခံပညာမူလတန်း(လွန်) ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် စပ်ကွပ်ချောင်းနှင့် ကျောက်ဖြူရွာသစ် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)တို့ကို အခြေခံပညာမူလတန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E–MTU/Transponder(VMS ကိရိယာ)များကို ၃၁–၁–၂၀၂၀ ရက်နေ့တွင် တပ်ဆင်ခဲ့ပြီးဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာန၏ VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၁–၂–၂၀၂၀ ရက်နေ့မှ ၃၁–၅–၂၀၂၀ ရက်နေ့ထိ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ Marine Protected Area အဖြစ် သတ်မှတ်ထားသော လန်ပိကျွန်းဧရိယာနှင့် တားမြစ်ထားသည့် ငါးဖမ်းကွက် ( F13, F14, F20, F21)များအတွင်းသို့ ဝင်ရောက်ငါးဖမ်းဆီးသော စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ တရားဝင်ရေယာဉ်ကိုယ်စားလှယ်များအား ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ အလားတူစည်းကမ်းဖောက်ဖျက်မှုမျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခြင်း၊ MRTV ရုပ်သံတို့မှ အသိပေးကြေညာခြင်းနှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်စာရင်းအား ငါးလုပ်ငန်းဦးစီးဌာန၏ Website တွင်(၅)ကြိမ်တိုင်တိုင် အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တည်နေရာသတင်းအချက်အလက် ပေးပို့မှုမရှိသည့် ရေယာဉ်များ(Silent Vessels)၏ ပိုင်ရှင်များ၊ တရားဝင်ကိုယ်စားလှယ်များအား ရေယာဉ်၏ တည်နေရာ သတင်းအချက်အလက် ပေးပို့မှုပြတ်တောက်စေမည့် စက်ဖြုတ်ခြင်း၊ စက်ပိတ်ခြင်းတို့ကို လုံးဝမပြုလုပ်စေရန်၊ ရေယာဉ်၏ တည်နေရာပြန်လည်ပေးပို့စေရန်နှင့် အလားတူကိစ္စရပ်မျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန်အတွက် ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်းအပြင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကိုလည်း အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါစည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်း/ငါးသယ်ရေယာဉ်များအား ၁–၆–၂၀၂၀ ရက်နေ့မှ စတင်၍ ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၈)နှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကွန်ပျူတာရှေ့က အချိန်တွေ လျှော့စေမယ့် နည်းလမ်းငါးသွယ်

ခင်မောင်ညို (ဘောဂဗေဒ)

ကွာရန်တင်းမလုပ်ခင်တုန်းက တစ်နေ့တစ်နေ့ ကွန်ပျူတာနဲ့ပဲ အချိန်ကုန်နေရတယ်လို့ထင်ခဲ့တယ်။ ဒါပေမယ့် ဒီထက်ပိုပြီး အချိန်ပေးနိုင်သေးတယ်လို့ မထင်ခဲ့မိဘူး။ တစ်နေ့တစ်နေ့ ဟိုဟိုဒီဒီသွား၊ အစည်းအဝေးတွေတက်၊ ကြုံတာနဲ့စကားပြော၊ သောက်ရေအိုးမှာဆုံလို့ပြော၊ ကော်ဖီသောက်ရင်း၊ နေ့လယ်စာစားရင်းစကားပြော။ ကွန်ပျူတာနဲ့ မျက်လုံးခွာလို့ရနေတဲ့အချိန်တွေ အများကြီး၊ ဒစ်ဂျစ်တယ်လောကရဲ့ အနှောင်အဖွဲ့ကလွတ်ချိန်တွေ အများကြီးပါ။

အခု အဲဒီလို သဘာဝအရ ခံစားခွင့်တွေမရှိတော့တဲ့အခါ နည်းပညာနဲ့ အချိတ်အဆက်ပြတ်ချိန် မရှိသလောက်ဖြစ်နေပြီ။ အထူးသဖြင့် ဗီဒီယိုနဲ့ အစည်းအဝေးတွေ လုပ်လာကြတော့ ပင်ပန်းစရာတစ်ခု တိုးလာစေတယ်။ မျက်နှာပေါင်းများစွာကို တစ်ချိန်တည်းမှာ အာရုံစိုက်နေရ၊ ကိုယ့်ကိုလည်း လူတိုင်းက မြင်တွေ့အောင် သတိထားနေရဆိုတော့ လူကိုယ်တိုင်မြင်ရ၊ တက်ရတဲ့ အစည်းအဝေးထက် စိတ်ပိုပြီးပင်ပန်းတယ်။ ကင်မရာရဲ့ရှုထောင့်ထဲ နာရီပေါင်းများစွာ ထိုင်နေရတာဆိုတော့ ညောင်းညာသလို အာရုံစိုက်နေရတဲ့အတွက် မျက်စိလည်းပင်ပန်းတယ်။

တစ်နေ့တစ်နေ့ အချိန်စီမံခန့်ခွဲရာမှာ ခွန်အားတွေ မဆုံးရှုံးဘဲ ပြန်ပြည့်စေဖို့ နည်းလမ်းတွေ ရှာကြည့်တယ်။

**၁။ တစ်ချိန်လုံး Zoom မသုံးပါနဲ့**

လူလူချင်း ထိတွေ့ဆက်ဆံတာမျိုးနဲ့တူအောင် ကြိုးစားတဲ့အခါမှာ Zoom နဲ့ အခြားဗီဒီယိုကနေ စကားပြောစရာ အက်ပလီကေးရှင်းတွေဟာ အတော်လေး အသုံးကျပါတယ်။ ဒါပေမယ့် ဆက်သွယ်ရေးကိစ္စအတော်များများဟာ Zoom လောက် အပင်ပန်းခံစရာ မလိုပါဘူး။ ဖုန်းနဲ့ပြောလို့ပြီးမယ့်ဟာဆိုရင် ဖုန်းခေါ်လိုက်ပါ။ ထိထိရောက်ရောက် ဆက်သွယ်ရာမှာ အီးမေးလ်ပို့တာ၊ စာရွက်စာတမ်းမျှဝေတာ၊ နောက်ဆုံးအချက်အလက်တွေ ပို့ပေးတာတွေလည်း လုပ်လို့ရပါတယ်။ လုပ်ငန်းတာဝန် ခွဲဝေစီမံတဲ့စနစ်ထဲမှာလည်း ဝေမျှနိုင်ပါတယ်။ ဗီဒီယိုသုံးနိုင်တာနဲ့ နေရာတကာ ဗီဒီယိုသုံးရမယ်လို့ မဆိုလိုပါဘူး။

**၂။ အစည်းအဝေးကို အချိန်ကန့်သတ်ပါ**

သာမန်အခြေအနေမှာ အလုပ်ပြီးအောင်လို့ အချိန်တွေ သတ်မှတ်ထားကြရတယ်။ အင်တာနက်မှာလုပ်တဲ့ အစည်းအဝေးတွေက သိပ်ပြီး မျောနေတာမျိုးဖြစ်နေရင် အချိန်သေသေချာချာသတ်မှတ်ဖို့ ပိုပြီးအရေးကြီးတယ်။ အစည်းအဝေးလုပ်လို့မဖြစ်တဲ့အချိန်ကိုလည်း သီးခြားသတ်မှတ်ထားပါ။ ဒါမှ အင်တာနက်အစည်းအဝေးတွေအတွက် တစ်နေ့မှာအချိန်ဘယ်လောက်ပဲပေးနိုင်မယ်ဆိုတာ ပေါ်ထွက်လာမယ်။ နံနက်ပိုင်း ဒါမှမဟုတ် နေ့ခင်းပိုင်း အချိန်အတော်များများကို အစည်းအဝေးမလုပ်တဲ့အချိန်လို့ ကန့်ထားနိုင်တယ်။ ဒါမှမဟုတ် အင်တာနက် အစည်းအဝေးမလုပ်ဘဲ တခြားအလုပ်တွေ အာရုံစိုက်နိုင်အောင် တစ်နာရီစီလောက် ကြိုးကြားကြိုးကြား အချိန်ကန့်သတ်ထားနိုင်တယ်။

**၃။ ဒစ်ဂျစ်တယ်ထက် ရုပ်ဝတ္ထုကိုပိုရွေးပါ**

ကွန်ပျူတာရှေ့မှာ အချိန်အများကြီးကုန်နေရတာကို သက်သာအောင်လုပ်တဲ့ နည်းတစ်နည်းက နည်းပညာနိမ့်တဲ့ လမ်းကြောင်းကို ရွေးဖို့ပါ။

ဆောင်းပါးတစ်ပုဒ်အတွက် အကြံဉာဏ်တွေ ထုတ်နေတာလား၊ ကိုယ့်အတွေးတွေကို စာရွက်ပေါ်ချရေးပါ။

လုပ်ငန်းစီမံကိန်းကြီးတစ်ခုအတွက် အစီအစဉ်ချချင်တာလား၊ ကနဦးမူကြမ်းကို ဗိုက်ဘုတ်ပေါ်မှာချရေးပါ။

စာအုပ်တစ်အုပ်ဖတ်ချင်တာလား၊ ပုံနှိပ်စာအုပ်တစ်အုပ်ကိုဆွဲဖတ်လိုက်ပါ။ လေ့ကျင့်ခန်းလုပ်ချင်တာလား၊ အပြင်ထွက်ပြေးပါ။ အစစအရာရာ ဒစ်ဂျစ်တယ်နည်းထက် ရုပ်ဝတ္ထုတွေကို အလေးပေးရွေးချယ်နိုင်ပါတယ်။ ကွန်ပျူတာကနေ ခပ်ခွာခွာလေးနေရင် ဒစ်ဂျစ်တယ်လောကက အနားရရုံသာမက တီထွင်ဖန်တီးနိုင်စွမ်းလည်း မြင့်မားလာတဲ့သာဓကတွေ ရှိပါတယ်။

**စာအုပ်တစ်အုပ်ဖတ်ချင်တာလား၊ ပုံနှိပ်စာအုပ်တစ်အုပ်ကို ဆွဲဖတ်လိုက်ပါ။ လေ့ကျင့်ခန်းလုပ်ချင်တာလား၊ အပြင် ထွက်ပြေးပါ။ အစစအရာရာ ဒစ်ဂျစ်တယ်နည်းထက် ရုပ်ဝတ္ထုတွေကို အလေးပေး ရွေးချယ်နိုင်ပါတယ်။ ကွန်ပျူတာကနေ ခပ်ခွာခွာလေးနေရင် ဒစ်ဂျစ်တယ် လောကက အနားရရုံသာမက တီထွင်ဖန်တီးနိုင်စွမ်းလည်း မြင့်မားလာတဲ့သာဓကတွေ ရှိပါတယ်။**

**၄။ တတ်နိုင်သမျှ လှုပ်ရှားပါ**

ကွန်ပျူတာရှေ့မှာ တောက်လျှောက် ငုတ်တုတ်ထိုင်နေမယ့်အစား တတ်နိုင်သမျှလှုပ်ရှားပါ။ အစည်းအဝေးတစ်ခုနဲ့တစ်ခုအကြား ရေ ဒါမှမဟုတ် ကော်ဖီထပ်ဖြည့်ဖို့ မီးဖိုဘက် လမ်းလျှောက်ပါ။ ခဏလောက်နားချင်ရင် သွေးလည်ပတ်အောင် ပခုံးလှုပ်ရှားပေးတာလို လွယ်ကူတဲ့ လေ့ကျင့်ခန်းကို လုပ်ပါ။ စားပွဲအမြင့်ရှိရင် တစ်နေ့လုံး ထိုင်လုပ်လိုက်၊ မတ်တတ်ထလုပ်လိုက် လုပ်လို့ရအောင် လုပ်ထားပါ။ စားပွဲအမြင့်မရှိရင် ကွန်ပျူတာကို စားပွဲအမြင့် ဒါမှမဟုတ် ဗီရိုအမြင့်ပေါ်တင်ပြီး ခြေလက်ဆန့်နိုင်အောင်လုပ်ပါ။ သာမန်ဖုန်းပြောတာဖြစ်ပြီး ကြည့်စရာ စာရွက်စာတမ်းတွေမလို၊ လိုက်ချရေးစရာမလိုရင် မတ်တတ်ထပြောပါ။ ဒါမှမဟုတ် လမ်းလျှောက်ရင်းပြောပါ။

**၅။ နည်းပညာမပါဘဲ အနားယူပါ**

ကွန်ပျူတာရှေ့မှာ နေ့လယ်စာစားရင် အလုပ်ပိုတွင်တယ်လို့ ထင်ရပေမယ့် တခြားမှာသွားစားရင် ဦးနှောက်က ကွန်ပျူတာကနေ နားရလို့ ကျေးဇူးတင်မယ်။ မီးဖိုထဲမှာ မိသားစုတွေနဲ့ စကားပြောရင်းစားပါ။ ပြတင်းပေါက်ဘေးမှာစားပါ။ ဒါမှမဟုတ် စာအုပ်တစ်အုပ်ကိုင်ပြီးစားပါ။ နည်းပညာတွေကနေ ခပ်ခွာခွာနေတာဟာ ဦးနှောက်အနားရရုံသာမက အမြင်လည်းပိုကျယ်စေပါတယ်။ ၁၅မိနစ်၊ မိနစ်၂၀လောက် ဘာအလုပ်မှမလုပ်ဘဲ နေ့လယ်စာစားရင် စားပြီးတဲ့အခါ ပိုပြီးငြိမ်းချမ်းလာတာကို တွေ့ရတယ်။ ကိုယ့်ဘဝနဲ့ ကိုယ့်အလုပ်ခွင်မှာ ဘာတွေ ဖြစ်နေသလဲဆိုတာ ပိုပြီးရှင်းရှင်းလင်းလင်းမြင်နိုင်လာတာလည်း တွေ့ရတယ်။ တခြားအကျိုးရှိတဲ့ အလေ့အထတစ်ခုကတော့ အလုပ်ပြီးရင် လေ့ကျင့်ခန်းလုပ်တာပါ။

လမ်းလျှောက်တာ၊ ဘတ်စကက်ဘောကစားတာ၊ သစ်ပင်စိုက်တာ၊ ကိုယ်တက်တက်ကြွကြွလုပ်စရာရှိတာတွေအားလုံးပေါ့။ ဒီလို ဒစ်ဂျစ်တယ်လောကက ခွာတာဟာ ဦးနှောက်ကိုလန်းဆန်းစေပြီး အလုပ်နဲ့ကိုယ့်ရဲ့တစ်ကိုယ်ရေ ပိုင်ဆိုင်တဲ့အချိန်ကို ခွဲခြားထားရာ ရောက်တယ်။

တစ်နေ့မှာ လူအချင်းချင်းပြန်ဆုံကြရတဲ့အခါ အတော်ပျော်စရာကောင်းမှာပါ။ လောလောဆယ်တော့ တချို့ဒစ်ဂျစ်တယ်ဝန်ပိုကို ရှောင်လွှဲလို့မရသေးပါဘူး။

စောစောက ဖော်ပြခဲ့တဲ့နည်းတွေဟာ ဒစ်ဂျစ်တယ်နယ်ထဲက အမောအပန်းတွေကို သက်သာစေနိုင်ပါတယ်။

ရည်ညွှန်း ။

Harvard Business Review

---

* စာမျက်နှာ ၃ မှ

ကိုဗစ်–၁၉ ကြောင့် ဆိုးကျိုးသက်ရောက်မှု ကြံ့ကြံ့ခံကျော်လွှားနိုင်စေရေး၊ အာဟာရပြည့်ဝပြီး ဘေးကင်းသောစားနပ်ရိက္ခာ စဉ်ဆက်မပြတ်ပံ့ပိုးနိုင်ရေး၊ ဆည်ရေသောက်စနစ် တူးမြောင်းတာတမံများ ပြုပြင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေးနှင့် လတ်တလော ရေရှည်ကုစားပေးရန် အစီအမံများကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ချေးငွေများကို စနစ်တကျ အဆင့်ဆင့်စီမံခန့်ခွဲမည်ဖြစ်၍ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်ထုမေက အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးငွေသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပေါ် အမှီအခိုပြုနေသည့် ကျေးလက်နေ တောင်သူလယ်သမားများနှင့် ပြည်သူများ ကိုဗစ်–၁၉ ၏ သက်ရောက်မှုများကို ကျော်လွှားနိုင်ရေးနှင့် အထောက်အကူပြုရေးကို ရည်ရွယ်၍ မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်မည်ဟု သိရပါကြောင်း၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုဖြစ်ထွန်းစေမည့် စီမံကိန်းဟု ယူဆပါကြောင်း၊ ထို့ကြောင့် ကိုဗစ်–၁၉ ကြောင့် ထိခိုက်ခံရသည့် ဝင်ငွေနည်းတောင်သူများအတွက် စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးရေးခေါင်းစဉ်အောက်ရှိ ချေးငွေကို ထောက်ခံပါကြောင်း၊ ချေးငွေကို ကိုဗစ်–၁၉ ကြောင့် ထိခိုက်ခံစားရသည့် မြို့နယ်များအတွက် ထိရောက်အကျိုးရှိမည့် အစီအစဉ်များ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက နိုင်ငံတော်၏ အခြေခံစီးပွားဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့အပေါ် အမှီအခိုပြု အသက်မွေးဝမ်းကျောင်းလျက်ရှိနေကြသည့် ကျေးလက်နေတောင်သူလယ်သမားများနှင့် ပြည်သူတို့အတွက် ယခုကဲ့သို့ ကြုံတွေ့နေရသည့် ကိုဗစ်–၁၉ သက်ရောက်မှုများကို ကျော်လွှားနိုင်စေရေး အထောက်အကူပြုနိုင်မှုများကို အခြေပြု၍ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးပြန်လည်ကုစားရာတွင် နိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများအတွက် ကိုဗစ်ရန်ပုံငွေကို ဦးစားပေးအသုံးပြုသင့်သကဲ့သို့ နိုင်ငံတကာချေးငွေများဖြင့်လည်း လုပ်ဆောင်သင့်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်လာပြီးနောက်ပိုင်း အဓိကလိုအပ်ချက်ဖြစ်လာမည့် နေ့စဉ်ဘဝအတွက် လိုအပ်သောစားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းဖြစ်သည့်အတွက် ပင်မအရင်းအမြစ်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ထောက်ပံ့ကူညီရန် အရေးကြီးပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးလိုအပ်သဖြင့် ချေးငွေကို ထောက်ခံရခြင်း ဖြစ်ပါကြောင်း၊ စီမံကိန်းပါ အစီအစဉ်များသည် ထိခိုက်သွားသည့် လယ်ယာကဏ္ဍနှင့် စီးပွားရေးလုပ်ငန်းများကို ကုစားပေးနိုင်ရေးနှင့် ကြုံတွေ့နေရသည့် အကျပ်အတည်းများကို လွတ်မြောက်သွားနိုင်ရေး အဓိကရည်ရွယ်ထားခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး (ဘောဂဗေဒ)၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသောင်းထိုက်စိုး၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မိုးအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးမျိုးဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၂၉ ရက် တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်း–မင်းမင်းဇော်၊ ဟန်လင်းနိုင်
ဓာတ်ပုံ–ကျော်ဇင်ထိုက်

## လူမှုဖူလုံရေး အာမခံအလုပ်သမားများအား အလုပ်ပိတ်ရက်အတွက် အကျိုးခံစားခွင့် ထုတ်ပေး

**ဇီးကုန်း မေ ၂၈**

နတ်တလင်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော လူမှုဖူလုံရေးအလုပ်သမားများ အလုပ်ပိတ်ရက်အတွက် အကျိုးခံစားခွင့်များကို မေ ၂၈ ရက်က ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်ရှိ "တင်ဟော့"ဇာထိုးပန်းထိုးအလုပ်ရုံသည် နတ်တလင်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားခြင်းဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလ အလုပ်ပိတ်ရက် ၂၀ ရက်အတွက် အလုပ်ရုံမှအလုပ်သမား ၂၆၆ ဦး၏ ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့် ငွေကျပ် ၈၁၃၁၂၀၀ ကို နတ်တလင်းမြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဒေါ်အေးအေးသွင်က ချက်လက်မှတ်ဖြင့် လာရောက်ပေးအပ်ခဲ့ရာ အလုပ်ရုံမန်နေဂျာ ဒေါ်အိအိထွန်းက လက်ခံရယူကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ၉၈ နှစ် ရှိသွားပြီ

## စည်သူ ဗိုလ်ကလေးတင့်အောင်

အချိန်ရှိသရွေ့ မှိန်း မေး နား နေချင်စိတ်ကပိုလာသည်။ ထာဝစဉ် ဖွင့်နေချင်သည့် မျက်လုံး၊ သင်းပျံ့သော ရနံ့ကလေးများကို အမြဲကြိုဆို ရှိုက်မွှေးလိုသည့် နှာခေါင်း၊ ကောင်းပေ့ဆိုသော ရသာများကို အမြဲတမ်းကြိတ်ဝါးနေလိုသည့် သွားတို့ကလည်း ကျိုးပဲ့ပျက်စီးကုန်လေပြီ။

အင်း .. ကိုယ့်အသက်ကိုပြန်ပြီး ရေတွက်လိုက်တော့ ၉၈ နှစ်ရှိသွားပါပကောဟု အလန့်တကြား ဖြစ်သွားမိ၏။ ၁၀၀ ပြည့်ဖို့ နှစ်နှစ်သာ လိုပါတော့လား။ ဘာရောဂါ ဝေဒနာမှ မရှိအောင် ကြိုးစား၍ လေ့ကျင့် ရှောင်ရှားနေထိုင်



ခဲ့မိသည့် ကိုယ့်ဘဝကို တွေးလိုက်မိပါ၏။

မိမိသည် ခံစားနေရမည့်ဝေဒနာဖြစ်မှုကို ကြောက်သည်။ ထို့ကြောင့် အစားအစာ စားရာ၌ မျှတရုံကလေး၊ ဝမ်းဝရုံကလေးသာ စားသည်။ ဗိုက်ပြည့်ဝမ်းလျှံအောင် ဘယ်တော့မှမစား။ အရသာရှိလှချည့်၊ ကောင်းလှချည့်ဟူ၍ ကြိုက်ခြင်းအလိုကို မလိုက်၊ နေထိုင်၍ မအီမသာ ရှိလာလျှင် တစ်စုံတစ်ခုသော အိမ်တွင်းသုံးဆေးကို အမြန်ဆုံးစားတော့သည်။ ထို့ကြောင့် ကြီးကြီးမားမား ဝေဒနာများ မကပ်ငြိခဲ့။ လူသားဘဝတွင် သင့်တင့်မျှတ အောင်နေရလျှင်တော်ပြီ။ လောဘမကြီးခဲ့ပါ၊ မကြွား မဝါ ဟန်မလုပ်တတ်ခဲ့ပါ။ ရိုးသားစွာနေလာခဲ့ပါသည်။

ဤဆင်ခြင်တုံတရားများကြောင့် ဤမျှ သက်ရှည်ကျန်းမာ ဝမ်းသာခဲ့ရသည်ဟု ယုံကြည်ပါ၏။

အနန္တော အနန္တငါးပါးကို ဘယ်ခါမှမမေ့ပါ။ သတ္တဝါအပေါင်းတို့အား နေ့စဉ် မေတ္တာပို့သည်။ ပေးပို့ကြသော မေတ္တာများကိုလည်း ဝမ်းမြောက်စွာခံယူပါ၏။ ရာကျော်အဘိုးကြီးဟူသော ဘဝကို ရောက်ရမည်မလွဲပါ။ ခံယူထားပါ၏။ နေရမလားတော့ မသိပါ။

**အနန္တော အနန္တ ငါးပါးကို ဘယ်ခါမှမမေ့ပါ။ သတ္တဝါအပေါင်းတို့အား နေ့စဉ် မေတ္တာပို့သည်။ ပေးပို့ကြသော မေတ္တာများကိုလည်း ဝမ်းမြောက်စွာ ခံယူပါ၏။ ရာကျော် အဘိုးကြီးဟူသော ဘဝကို ရောက်ရမည်မလွဲပါ။ ခံယူထားပါ၏။ နေရမလားတော့ မသိပါ။**

# ဇဟန်း၊ တောင်ဥက္ကလာပ၊ ပန်းဘဲတန်းနှင့် တာမွေမြို့နယ်တို့အား Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၇/၂၀၂၀**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ်၊ စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး ( Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် မြို့နယ်များမှ (၅) မြို့နယ်တွင် COVID–19 ရောဂါ ထိန်းချုပ်မှုအခြေအနေ တိုးတက်လာသည်ကိုတွေ့ရှိရသဖြင့် ၁၄–၅–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် (၅၀/၂၀၂၀) ဖြင့် ယင်းမြို့နယ်များအား Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ခဲ့ပါသည်။

၃။ ယခုအခါ အောက်ပါမြို့နယ်များသည်လည်း COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် ကပ်ရောဂါဗေဒဆိုင်ရာ အချက်အလက်များအရ ရောဂါထိန်းချုပ်မှုနှင့် စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကိုတွေ့ရှိရသဖြင့် ၂၉–၅–၂၀၂၀ ရက်နေ့၊ ၀၄ : ၀၀ နာရီအချိန်မှစတင်၍ ယင်းမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်–

(က) ဇဟန်းမြို့နယ်၊
(ခ) တောင်ဥက္ကလာပမြို့နယ်၊
(ဂ) ပန်းဘဲတန်းမြို့နယ်၊
(ဃ) တာမွေမြို့နယ်၊

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေး Online Meeting ဖြင့် ကျင်းပ

**နေပြည်တော် မေ ၂၈**
လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် Online Meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဝန်ကြီးဌာနများမှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (မြန်မာ/ အင်္ဂလိပ်)အား ရေးဆွဲခဲ့ပြီးနောက် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကာကွယ် တားဆီးရေးလုပ်ငန်း ကော်မတီနှင့် CTFMR တို့ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များနှင့် အသိပညာပေး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး အသိပညာပေး လုပ်ငန်းများကို UNICEF နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF တို့ လက်မှတ်ရေးထိုးထားသည့် Multi–Year Work Plan ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်း ကော်မတီနှင့် CTFMR တို့ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်တွင် တွေ့ဆုံဆွေးနွေးသွားရန် ဆုံးဖြတ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ (၂၀၀၅) နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအရ သတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆)ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကျေထိခိုက် ဒဏ်ရာရစေခြင်း၊ အရွယ် မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့်ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ ပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီ ရေးကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့ရှိ စာသင်တိုက်များနှင့် လုံခြုံရေးဝန်ထမ်းများအား ဝတ္ထုငွေ၊ ဆန်၊ ဆီ လှူဒါန်း

**ကျောင်းကုန်း မေ ၂၈**
အင်ကြင်းနီ စက်သုံးဆီဆိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ရှိ စာသင်တိုက်များနှင့် လုံခြုံရေးဝန်ထမ်းများအား ယနေ့ နံနက် ၉ နာရီက ဝတ္ထုငွေ၊ ဆန်၊ ဆီ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ် – ၁၉ ရောဂါ ကာလအတွင်း ကျောင်းကုန်းမြို့ မိုဃ်းကောင်းစာသင်တိုက်၊ ဒက္ခိဏာရာမစာသင်တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်သို့ ဝတ္ထုငွေကျပ် တစ်သိန်းစီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၁၈ ဦးအား ဆန်(၄)ပြည်၊ ဆီ(၁)ဘူးစီ ထောက်ပံ့လှူဒါန်းခဲ့ပြီး ကျောင်းကုန်းမြို့ဝင်ဂိတ်များ၌ လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသူ ၃၀ အား ကြက်ဆီထမင်းနှင့် လက်ဖက်ရည်တို့ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အေဝမ်းကြည်အေးနှင့် ရုပ်ရှင်စကားဝိုင်း

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

ကျွန်တော်ဟာ ဆက်တိုက်လိုလိုပဲ အေဝမ်းရုပ်ရှင်ကုမ္ပဏီအကြောင်းကို ပြောလာခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြီးမားတဲ့ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခု ရှိပါတယ်။ ဒီရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုရဲ့ အရိပ်အာဝါသအောက်က ဒီနေ့အထိကျွန်တော်တို့ဟာ မလွတ်နိုင်ဘူး ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီကြီးနှစ်ခုက ပညာတွေ၊ အတွေ့အကြုံတွေ၊ ပစ္စည်းတွေကို အရင်းအနှီး ပြုပြီးတော့ ရုပ်ရှင်ပညာကို တတ်မြောက်လာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကြီးနှစ်ခုကတော့ အေဝမ်းရုပ်ရှင်ကုမ္ပဏီနဲ့ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဒီနေ့လှုပ်ရှားနေတဲ့ ရုပ်ရှင်လောကသားတွေကိုကြည့်ရင် ဒီကုမ္ပဏီကြီးတွေရဲ့ ဩဇာသက်ရောက်မှု မကင်းတာကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့ ကျေးဇူးကိုဆပ်တဲ့အနေနဲ့ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့အကြောင်းကို ကျွန်တော်တင်ပြနေခြင်း ဖြစ်ပါတယ်။



(၂၅-၅-၂၀၂၀ ရက်နေ့မှ အဆက်)

**ကြည်စိုးထွန်း။** ။ ဩော် အမျိုးတွေ။

**အေဝမ်းကြည်အေး။** ။ ဆက်ပြီးတော့ အဲဒီမှာ ဦးတင်နွယ်နဲ့ ဒေါ်မိမိကြီးတို့၊ မောင်လှမျိုးတို့၊ ဦးမြင့်စိုးတို့အဖေကိုသွားခေါ်တယ်။ သွားခေါ်စမ်းကွာဆိုတော့ အဘိုးကြီးက ရောက်လာတယ်။ စွပ်ကျယ်လက်ပြတ်လေးနဲ့ ရောက်လာတော့ ဒါငါ့တူတော်တယ်တဲ့၊ ငါ့မြေးတော်တယ်တဲ့ အဲဒီတော့ မင်းအလုပ်ခန့်ကွာဆိုတော့ ရတယ်အဖေကြီးတဲ့ဆိုတော့ လခကိုးဆယ်နဲ့ ကျွန်တော်။

**ကြည်စိုးထွန်း။** ။ဩော်မနည်းဘူးပေါ့။

**အေဝမ်းကြည်အေး။** ။နောက်ပြီး တော့ အေဝမ်းက ထွက်ပြီး ဒါရိုက်တာဖြစ်တဲ့အထိလည်း ကိုးဆယ်ပဲ။

**ကြည်စိုးထွန်း။** ။ ကိုးဆယ် မနည်းပါဘူး အဲဒီတုန်းက။

**အေဝမ်းကြည်အေး။** ။ မနည်းဘူး အရင်ခေတ်က။ အဲဒီလိုခန့်ပြီး အေဝမ်းရောက်သွားတာ။

**ကြည်စိုးထွန်း။** ။ ရောက်သွား တဲ့ အခါ ကျတော့ ဦးလေး အန္တေဝါသိက ဆရာအနေနဲ့ ဘယ်သူဖြစ်သွားလဲ။

**အေဝမ်းကြည်အေး။** ။ အန္တေဝါသိက ဆရာက ဦးတင်မောင် ဖြစ်သွားတယ်။

**ကြည်စိုးထွန်း။** ။ ဩော် အေဝမ်း ဦးတင်မောင် ပေါ့နော်။

**အေဝမ်းကြည်အေး။** ။ ကျွန်တော်က ပထမ အဆိုကို သဘောပေါက်တော့ သူလည်း အဆိုတော် မဟုတ်လား။ ကျွန်တော့်ကို တပည့်အရင်း မွေးလိုက်ရော။ မွေးပြီးတော့ သူ့ကားထဲမှာပါတဲ့ သီချင်းတွေကို ကျွန်တော်က အရင်ကျက်ရတယ်။ ကျက်ပြီး သူ့ကိုပြန်ချပေးရတယ်။

**ကြည်စိုးထွန်း။** ။ ဩော် အဲဒီလို လုပ်ပေးရတာ။

**အေဝမ်းကြည်အေး။** ။ နောက် တော့ ကျွန်တော့်ကို မှတ်တမ်းလိုက်ရေးခိုင်းတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး။** ။ ကျွန်တော်က အဲဒီတုန်းက တလွဲထင်လိုက်မိတယ်။ ဟာ သူဌေးကြီးကကွာ တို့ကို အလုပ်အားနေတာ မကြည့်ချင်လို့ လျှောက်ခိုင်းတယ် ထင်တယ်လို့။ အဲဒီတုန်းက ကျွန်တော်တို့က Dubbing မပေါ်သေးဘူး။

**ကြည်စိုးထွန်း။** ။ Dubbingမပေါ်သေးဘူး။ Single System ထင်တယ်။

**အေဝမ်းကြည်အေး။** ။ အသံ သွင်းတယ်ဆိုရင် ထရော်လီပေါ်ကို စန္ဒရားတင်၊ နောက်က ဗုံ၊ တယောက လိုက်ထိုး၊ နောက် မိုက်ကရိုဖုန်းဆိုတာက တစ်လုံး။

**ကြည်စိုးထွန်း။** ။ ကားရိုက်နေတုန်းမှာ တစ်ခါတည်းသွင်းရတာလား။

**အေဝမ်းကြည်အေး။** ။ဟုတ်တယ်ကားရိုက်နေတုန်းမှာ တစ်ခါတည်း သွင်းရတာ၊ Playback မရိုက်ဘူး။

**ကြည်စိုးထွန်း။** ။ Single System ဆိုတော့ အသံရော၊ ရုပ်ရော တစ်ခါတည်း။

**အေဝမ်းကြည်အေး။** ။ အသံရော၊ ရုပ်ရော တစ်ခါတည်း၊ ပြီးတာနဲ့ ဖြတ်ထည့်ရင်ရတယ်။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ နောက်မှ ပိုးလို့မရဘူး။

**အေဝမ်းကြည်အေး။** ။ မရဘူး။

**ကြည်စိုးထွန်း။** ။ မရတော့ တစ်ခါတည်း ဥပမာဆိုပါတော့ ဦးလေးက ဆိုမယ်ဆိုရင် ကျွန်တော်တို့ တီးဝိုင်းအဖွဲ့ကနေပြီးတော့ ထရော်လီကြီးနဲ့ တွန်းပြီးတော့ တိုက်ရိုက်ဆိုပဲ။

**အေဝမ်းကြည်အေး။** ။ တိုက်ရိုက်ဆို၊ တိုက်ရိုက်တီးပဲ၊ အသံလည်း အခုခေတ်လို ကီးမရလို့ ချိန်ပေးတာ မရှိဘူး။ ရေးလာတဲ့လူ အသံအတိုင်းပဲ။

**ကြည်စိုးထွန်း။** ။ အမှားမခံဘူး။

**အေဝမ်းကြည်အေး။** ။ အမှားမခံဘူး၊ မမှားလည်း မမှားကြဘူးဗျ။

**ကြည်စိုးထွန်း။** ။ ဒါပေမယ့် ရီဟာဇယ်ကတော့ အများကြီး လုပ်ထားမှာပေါ့။

**အေဝမ်းကြည်အေး။** ။ လုပ်ရတာပေါ့၊ တိုက်ရတာပေါ့။

**ကြည်စိုးထွန်း။** ။ ကျွန်တော် ဒေါ်မြင့်မြင့်ခင်ဆီက ကြားဖူးတယ်။ ချစ်ဆိပ်ရည် သီချင်းကို သူရယ်၊ အေဝမ်းခင်မောင်ရယ် အဲဒီလိုတီးရတယ်ဆိုတဲ့ အကြောင်းလေး။ အင်မတန်စိတ်ဝင်စားစရာကောင်းတယ်။ အခုဦးလေးပြောတော့ ကင်မရာနောက်ကို ဒီထရော်လီကြီးနဲ့ လိုက်နေရပြီး အဲဒီမှာ တယောဆရာက။

**အေဝမ်းကြည်အေး။** ။ တယောဆရာက နောက်ကလိုက်တာ။

**ကြည်စိုးထွန်း။** ။ တယောဆရာကတော့ ထရော်လီပေါ် မတက်ရဘူးလား။

**အေဝမ်းကြည်အေး။** ။ မတက်ရဘူး၊ သူက တော့ မတ်တတ်လျှောက်ရတာ၊ ဘေးကနေပြီးတော့။

**ကြည်စိုးထွန်း။** ။ ဩော် ဦးလေးတို့က ဂီတာဆိုတော့။

**အေဝမ်းကြည်အေး။** ။ ကျွန်တော်ကတော့ ဂီတာဆိုတော့ ခုံလေးနဲ့ပေါ့ ထရော်လီပေါ်မှာ။ ဗုံသမားကလည်း အဲဒီပေါ်မှာပဲ။

**ကြည်စိုးထွန်း။** ။ ဒါကတော့ ထူးခြားတာပဲနော် ဦးလေး။ ဒါ Single System ဆိုတာကတော့ အသံထွက်အစပေါ့နော် ဦးလေး။

**အေဝမ်းကြည်အေး။** ။ ဟုတ်ပါတယ် အဲဒီတော့ ဖရိန်တစ်ခုကို ၂၁ ကွက်ရှိတယ်။

**ကြည်စိုးထွန်း။** ။ ဩော် ၂၄ မဟုတ်ဘူးလား။

**အေဝမ်းကြည်အေး။** ။ ၂၁ ကွက်။

**ကြည်စိုးထွန်း။** ။ ဩော် Advance လုပ်တာ အသံနဲ့ ရုပ်နဲ့။

**အေဝမ်းကြည်အေး။** ။ ပရိုဂျက်တာက အကွာ အဝေးကို တိုင်းတာ။

**ကြည်စိုးထွန်း။** ။ ဦးလေးရယ်၊ ကျွန်တော် တစ်လောက ဘာသွားကြည့်ရလဲဆိုတော့ ချစ်သက်ဝေဆိုတဲ့ကား သွားကြည့်ရတယ်။

**အေဝမ်းကြည်အေး။** ။ ဩော် ချစ်သက်ဝေ ကျွန်တော့်ဆရာ။

**ကြည်စိုးထွန်း။** ။ ချစ်သက်ဝေမှာ ဦးလေးက ဒုတိယ မင်းသားလောက် ပါတာပဲ။

**အေဝမ်းကြည်အေး။** ။ တော်တော်များတယ်၊

**ကြည်စိုးထွန်း။** ။ တော်တော်များတယ်နော်။

**အေဝမ်းကြည်အေး။** ။ အောင်သန်း။

**ကြည်စိုးထွန်း။** ။ ကိုအောင်သန်း ခေါ်မှာ ပေါ့နော် ဦးလေးရဲ့။

**အေဝမ်းကြည်အေး။** ။ ကျွန်တော့် တပည့်ပဲ။

**ကြည်စိုးထွန်း။** ။ သူကလည်း Script ရေးရတာ။

**အေဝမ်းကြည်အေး။** ။ သူက ဘာမှ မဆိုတတ်၊ မတီးတတ်ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ မှတ်တမ်း ရေးရတာလား။

**အေဝမ်းကြည်အေး။** ။ ဩော် နောက်မှ လိုက်ရေးတာ ကျွန်တော်တို့ မရှိတော့မှ နောက်တော့ဒါရိုက်တာ အောင်သန်း ဖြစ်သွားတယ်။ အခုနက ကျွန်တော်ဆရာ့ကို တင်ပြထားတဲ့ မဒ္ဒူနဲ့ သူက တွဲပြီးတော့ ဒါရိုက်တာ ဖြစ်တာ။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ ဦးလေး ပထမဆုံး ရုပ်ရှင်မှာ စပြီးလုပ်ခဲ့ရတာ မှတ်တမ်းဖြစ်စေ၊ နောက် ဂီတာဖြစ်စေ တီးရတဲ့ကားက ဘာကားလဲ။

**အေဝမ်းကြည်အေး။** ။ ချစ်မုန်းမာန်။


**ကြည်စိုးထွန်း။** ။ ဩော် ဦးတင်မောင်နဲ့။

**အေဝမ်းကြည်အေး။** ။ ဦးတင်မောင်၊ ဦးချင်းစိန်၊ မေသစ်၊ ဦးသုခ။

**စာမျက်နှာ ၉ သို့** ❖



ဦးသုခ



အေဝမ်းဦးတင်မောင်



အေဝမ်းခင်မောင်



မြင့်မြင့်ခင်



မေသစ်

❖ စာမျက်နှာ ၈ မှ

**ကြည်စိုးထွန်း။** ။ ဪ ဦးသုခ ပါသေးတယ်။

**အေဝမ်းကြည်အေး။** ။ ဆရာဦးတင်မောင်ရဲ့ တပည့်အရင်း။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဟုတ်ပါတယ်။ ဦးသုခက အဲဒီမှာ။

**အေဝမ်းကြည်အေး။** ။ ဦးသုခကလည်း musician အဆိုတော်လည်း လုပ်ခဲ့တာကိုး။ ခုနက ပြောသလို သူ့သီချင်းဆိုတော့မယ်ဆိုရင် ဘာလေးနဲ့ဆိုချင်တယ် မောင်ကြည်အေးရယ် လုပ်ပါဆို ဂီတာလေးနဲ့ ကျွန်တော်က လိုက်တီးပေးရတယ်။ တိုက်ရိုက်ကိုး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့၊ဟုတ်ကဲ့။

**အေဝမ်းကြည်အေး။** ။ ချစ်မုန်းမာန်ထဲမှာဆို မေသစ်ဆိုတဲ့။

**ကြည်+အေဝမ်း။** ။ "ချစ်ပင်ပျိုးလို့ ချစ်မိုးတွေ စွေစွေ ချစ်ရေစင်ပက်ကာဖျန်း ချစ်ပန်းပွင့်ကာနေ မေတ္တာတွေ အသချာအသချေ ဘယ်လိုပြောင်းသော်လည်း မမုန်းနိုင်ဘူး ချစ်သူရေ"။

**ကြည်စိုးထွန်း။** ။ ဟားဟားဟား ဦးလေးရသေးတာပဲ။ အဲဒီသီချင်းတွေ ကျွန်တော်တို့ သွင်းရအောင်နော်။ သီချင်းအဟောင်းတွေပေါ့နော်။ သမန်းကျား ကိုမြင့်တို့ဆီသွားပြီးတော့ပေါ့။ ဘာပဲဖြစ်ဖြစ် ရတဲ့သူကသိပ်နည်းသွားပြီ။ နောက်ပြီးတော့ တချို့ပေါ့လေ ကျွန်တော်တို့ သက်ရှယ်တန်းတွေကတော့ ကြားဖူးနားဝပဲရှိတယ်။ ဂီတသမားမဟုတ်တော့လည်း ရမ်းသမ်းဆိုနေရတာ။ ခုနက ဦးလေးက ရှေ့ကဆို ကျွန်တော်က နောက်ကနေ ဟင်းဟင်းနဲ့ အဲဒီလိုပေါ့၊ ယောင်ဝါးဆိုရတာ ပေါ့နော်။ အဲဒါက ချစ်မုန်းမာန်ကားထဲမှာ။ နောက်အဲဒီချစ်မုန်းမာန်က ပြန်ရိုက်သေးတယ်။

**အေဝမ်းကြည်အေး။** ။ ရိုက်တယ်ဘယ်သူလဲ မသိဘူးဗျ။မောင်လှမျိုးလား မသိဘူး ရိုက်တယ်။

**ကြည်စိုးထွန်း။** ။ ကောလိပ်ဂျင်နေဝင်းရယ်၊ ခင်သန်းနုရယ်။

**အေဝမ်းကြည်အေး။** ။ ဒါပေမယ့်ဟိုကားက အောင်မြင်တယ်။

**ကြည်စိုးထွန်း။** ။ အဲဒီတုန်းက ပုံတွေတွေ့ဖူးသေးတယ်။ မေသစ်က နှစ်ကိုယ်ခွဲထင်တယ်။ အမေဘဝရော ပါတယ်ထင်တယ်။

**အေဝမ်းကြည်အေး။** ။မဟုတ်ဘူး တစ်ကိုယ်တည်းပဲ။

**ကြည်စိုးထွန်း။** ။ တစ်ကိုယ် တည်းဆိုလည်းအသက်ကြီးတဲ့အခန်းပါတယ်ထင်တယ်။ ဦးချင်းစိန်ရောပါတယ်ထင်တယ်။

**အေဝမ်းကြည်အေး။** ။ဟုတ်တယ်ဦးချင်းစိန်က အဲဒီထဲမှာ အရှုးကြီးလုပ်တာ။ ဦးမြင့်စိုးဇာတ်။

**ကြည်စိုးထွန်း။** ။ ဦးမြင့်စိုး (ဘီအေ) ဟုတ်ကဲ့။ ဟုတ်ကဲ့ ဒဂုန်မြင့်စိုးပေါ့။ အဲဒီကစပြီးတော့ ဦးလေးက အဲဒီထဲမှာ ဂီတာတီးရတာ။

**အေဝမ်းကြည်အေး။** ။ အဲဒီကျတော့ ကျွန်တော်တီးနေပြီ။

**ကြည်စိုးထွန်း။** ။ သီချင်းရော စပ်သေးလား။

**အေဝမ်းကြည်အေး။** ။သီချင်းက ဒီလိုဆရာရဲ့။ ဆရာ့ကို မျိုးဇော်အောင် စာအုပ်လေးပေးလား မသိဘူး။

**ကြည်စိုးထွန်း။** ။ ပေးပါတယ်ခင်ဗျ။

**အေဝမ်းကြည်အေး။** ။ ဆရာမြို့မငြိမ်းကို အေဝမ်း ချစ်ပန်းဝေ ရိုက်ဖို့ ဒါရိုက်တာက ဦးညီပု၊ မင်းသားက ဦးတင်မောင်၊ မင်းသမီးက ဒေါ်မေရှင်။

**အေဝမ်းကြည်အေး။** ။ချစ်ပန်းဝေ ရိုက်ဖို့ဆိုပြီးညစျေးတန်းတွေဘာတွေတစ်ခန်းတောင် ရိုက်ပြီးသွားပြီ။ သူတို့က ညစျေးတန်းဆက်တင်နဲ့ ဆင်လိုက်တာပဲ။ ရိုက်ပြီးသွားတော့ ဆရာမြို့မငြိမ်းကို ခေါ်လာတာ။ ဆရာက အဲဒီတုန်းက ခေါင်းသိပ်မကောင်းတော့ဘူး။ အေဝမ်း Press က စက္ကူဖြတ်စ ဒီလောက်လေးတွေ (တစ်လက်မခန့်ပြ) အဲဒါခါးမှာထိုး၊ ခါးမှာလျှောက်ချိတ် ချိတ်ပြီးတော့မှ စိတ်ကူးရေး၊ ကျွန်တော်က မယ်ဒလင်လေးနဲ့ မှတ်ရတယ်။ ဆရာနဲ့ အတူတူပဲ။ ဆရာက အခု ကိုသိန်းဇော်တို့၊ မေလွင်တို့နေတဲ့အိမ်မှာ ဆရာက နေတာ။

**ကြည်စိုးထွန်း။** ။ ဟိုစေတီလေးနဲ့ အိမ်လား။

**အေဝမ်းကြည်အေး။** ။ ဟုတ်တယ် ဟုတ်တယ်၊ အဲဒီမှာနေတာ။

**ကြည်စိုးထွန်း။** ။ ဪ ဟုတ်ပြီ ဒေါ်မေလွင်နေတဲ့ အိမ်လေးထင်တယ်။

**အေဝမ်းကြည်အေး။** ။ ဟုတ်တယ် အခု ဒေါ်မေလွင်ရယ်၊ သူ့သမီးလေးရယ်နေတယ်။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး။** ။အဲဒီမှာ မှတ်ရတယ်၊ မှတ်ပြီးတော့မှ အဲဒါကို ပြန်ပြီးတော့ လုပ်တော့ သီချင်းတစ်ပိုဒ်ပြီးသွားပြီ။ ပြီးပြီးတော့ ဆရာမန္တလေးပြန်သွားပြီးတော့ လေယာဉ်ပျံကွင်းလမ်းမှာ ကားကြိတ်ခံလိုက်ရတာ။

**ကြည်စိုးထွန်း။** ။ ဪ ဟုတ်ကဲ့ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး။** ။ ဒီမှာကတည်းက ပြောပြောနေတယ် ဆရာက၊ ငါ့ခေါင်းကြီး မကောင်းဘူးကွတဲ့ သေသွားချင်တယ်တဲ့။

**ကြည်စိုးထွန်း။** ။ဪ ဖြစ်မှဖြစ်ရလေ။

**အေဝမ်းကြည်အေး။** ။ကားကြိတ်ခံလိုက်ရတော့ ပွဲချင်းပြီးပဲ။

**ကြည်စိုးထွန်း။** ။ ဦးလေးနဲ့ ဆရာမြို့မငြိမ်းက လက်ပွန်းတတီး နေလိုက်ရသေးတာပေါ့။

**အေဝမ်းကြည်အေး။** ။ ကျွန်တော်တစ်လလောက်နေခဲ့ရတယ်။

**ကြည်စိုးထွန်း။** ။ ကျေးဇူး အများကြီး ကြီးတာပဲ။

**အေဝမ်းကြည်အေး။** ။ ဟာ ကျွန်တော့်ဆရာ။ ဆရာကောင်းတွေ အများကြီးတွေ့ပါတယ်။

**ကြည်စိုးထွန်း။** ။ အဲဒါလည်း ကျွန်တော်က တစ်ချက်ဂုဏ်ပြုချင်တာပေါ့။ ဘာဂုဏ်ပြုချင်သလဲဆိုတော့ အေဝမ်းက ပုဂ္ဂိုလ်ကြီးများပေါ့လေ၊ အေဝမ်းက ပုဂ္ဂိုလ်ကြီးများဆိုတဲ့နေရာမှာ ဦးတင်နွယ်တို့၊ ဦးဘညွန့်ကစပြီးတော့ပေါ့။ ဒီပုဂ္ဂိုလ်ကြီးတွေကနေပြီးတော့ ဂီတသမားတွေကို ထိုက်ထိုက်တန်တန် နေရာပေးခဲ့တယ် ဦးလေးရဲ့။

**အေဝမ်းကြည်အေး။** ။ ပညာပေးတယ်။ နေရာလည်း ပေးတယ်။

**ကြည်စိုးထွန်း။** ။ သူတို့ရဲ့ ကား တစ်ကားမှာဆိုရင် စိန်ဗေဒါကြီးတောင် ခေါ်တီးတာ ကျွန်တော်ကြားဖူးတယ်။ ဆရာမြို့မငြိမ်းဆိုရင်လည်း နေကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သူတို့ကတန်ဖိုးထားရမှန်း သိတယ်။ နောက်တစ်ခါ ဝိုင်အမ်ဘီဆရာတင်၊ ဝိုင်အမ်ဘီဆရာတင်လည်း သူတို့ခေါ်ပြီးတော့ ထိုက်ထိုက်တန်တန် ချီးမြှင့်ပြီးတော့ သီချင်းတွေဘာတွေ ရေးခိုင်းတာ ကျွန်တော်ကြားဖူးတာပေါ့။

**အေဝမ်းကြည်အေး။** ။ ဟုတ်ပါတယ်။ ရဲတံခွန်တို့ ဘာတို့ဆိုရင် ဦးဘရှင်ကြီးရိုက်တဲ့ ရဲတံခွန် ကိုကျော်ဆွေ။

(ဆက်လက်ဖော်ပြပါမည်)








ဝိုင်အမ်ဘီဆရာတင်


ဦးဘရှင်


အေဝမ်းအောင်သန်း


ဆရာမြို့မငြိမ်း



# ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဝယ်လက်မရှိသဖြင့် ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံလုပ်ငန်းများ အခက်တွေ့

**ကောလင်း မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ မြို့နယ် ကိုးထောင်ဘို့ကျေးရွာသည် ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံ လုပ်ငန်းများကို အသက်မွေး ဝမ်းကျောင်းလုပ်ငန်းအဖြစ် အဓိက ထား၍ လုပ်ကိုင်ပြီး နှစ်စဉ် အများ အပြား ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ကိုးထောင်ဘို့ ကျေးရွာသည် ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံ လုပ်ငန်းကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က စတင်ပြုလုပ်ရောင်းချခဲ့ကြသည်။ ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံပြုလုပ်ရန်အတွက် ကျောက်ကြမ်းထည်များကို ကိုးထောင်ဘို့ရွာမ၏အရှေ့ဘက် နှစ်မိုင်ခန့်ကွာဝေးသော သဖန်းလှိုက်ကွင်းမှ ရရှိသည်။ ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံ လုပ်ငန်းကို ယခင်က လက်မှုပညာ အနေဖြင့်သာပြုလုပ်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်မှစ၍ စက်များဖြင့်လုပ်ကိုင်လာကြသည့်အတွက် ပစ္စည်းအရည်အသွေး ကောင်းမွန်လာပြီး လုပ်ငန်းလည်း တွင်ကျယ်လာသည်။ ကျောက်ပျဉ် အကြီးတစ်ချပ်လျှင် ငွေကျပ် ၂၀၀၀၊ ကျောက်ပျဉ်အသေးတစ်ချပ်လျှင် ငွေကျပ် ၁၀၀၀၊ အိမ်သုံးငရုတ်ဆုံတစ်စုံလျှင် ငွေကျပ် ၁၅၀၀ ဖြင့် လက်ကားဈေး ရောင်းချလျက်ရှိသည်။



ယခင်က ကိုးထောင်ဘို့ကျေးရွာတွင် ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံ လုပ်ကိုင်သူနည်းပါပြီး ယခုအခါ ကိုးထောင်ဘို့ကျေးရွာအပြင် ရွာမ၊ ပိတောက်ခုံ၊ ကွက်သစ်၊ ကျွန်းကုံး စသည့် ကျေးရွာများမှလည်း စီးပွားဖြစ် လုပ်ကိုင်လာကြသည်။ ထို့နောက် ကိုးထောင်ဘို့ကျေးရွာမှ ထွက်ရှိသော ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံများကို စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာသို့ တစ်လလျှင် ကားဖြင့် နှစ်ခေါက်ပို့ရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပြီး နောက်ပိုင်းတွင် ဝယ်လတ်များမရှိသည့်အတွက် ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံ လုပ်ငန်းများ အခက်အခဲ ကြုံတွေ့နေရပြီး ကျောက်ပျဉ်နှင့် ကျောက်ငရုတ်ဆုံများကို တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)



# နေပြည်တော်၌ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ အကျိုးခံစားခွင့်ပေးအပ်

**နေပြည်တော် မေ ၂၈**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်ထောင်စုနယ်မြေအတွင်းရှိ ယာယီပိတ်သိမ်းခဲ့သည့် အလုပ်ဌာနများမှ လူမှုဖူလုံရေး အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေး စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးညီထွန်း၊ လူမှုဖူလုံရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က အလုပ်ဌာန ၁၁ ခုမှ အာမခံအလုပ်သမား ၆၆၈ ဦးအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ယနေ့တွင် ရွှေမြန်မာဟိုတယ်မှ ၇၃ ဦးအတွက် ၁၆ ရက်စာ ငွေကျပ် ၂၇၅၉၀၄၀၊ KTM ရေသန့်မှ ဝန်ထမ်း ၁၀၀ အတွက် ၁၀ ရက်စာ ငွေကျပ် ၂၁၇၂၂၆၆ ဒသမ ၆၇ ကျပ်၊ KTZ Co.,Ltd. မှ ၂၈ ဦးအတွက် ၁၅ ရက်စာ ငွေကျပ် ၁၆၁၂၆၆၈ ကျပ်၊ Mapco ဆန်စက်မှ ၅၄ ဦးအတွက် ၁၁ ရက်စာ ငွေကျပ် ၁၅၄၉၅၃၃ ဒသမ ၃၃ ကျပ်၊ သင်္ဂဟဟိုတယ်မှ ၁၉၅ ဦးအတွက် ၁၃ ရက်စာ ငွေကျပ် ၆၅၅၀၂၆၆ ဒသမ ၆၇ ကျပ်၊ Myanmar Agrifood မှ ၇၀ အတွက် ၁၁ ရက်စာ ငွေကျပ် ၁၄၇၈၄၀၀၊ Oasis ဟိုတယ်မှ ၃၇ ဦးအတွက် ၁၆ ရက်စာ ငွေကျပ် ၁၃၈၀၆၉၃ ဒသမ ၃၃ ကျပ်၊ Golden Sunlund Co.,Ltd. မှ ၆၃ ဦးအတွက် ငါးရက်စာ ငွေကျပ် ၇၅၂၂၆၆ ဒသမ ၆၇ ကျပ်၊ CBC Myanmar Microfinance မှ ၃၃ ဦးအတွက် ငါးရက်စာ ငွေကျပ် ၅၆၆၄၅၁ ဒသမ ၅၃ ကျပ်၊ British American Tobacco Co.,Ltd. မှ ရှစ်ဦးအတွက် ၁၀ ရက်စာ ငွေကျပ် ၂၈၉၆၆၆ ဒသမ ၆၇ ကျပ်နှင့် Terminal(101) စက်သုံးဆီမှ ခုနစ်ဦးအတွက် ၁၃ ရက်စာ ငွေကျပ် ၂၀၉၉၀၆ ဒသမ ၆၇ ကျပ် စုစုပေါင်း ငွေကျပ် ၁၉၃၂၁၁၅၉ ဒသမ ၅၄ ကျပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၅ ရက်က Park Royal Hotel မှ ဝန်ထမ်း ၁၁၁ ဦးအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း အလုပ်ဌာနပိတ်ထားရသည့် ၁၆ ရက်အတွက် ငွေကျပ် ၄၂၅၄၀၈၀ ကို ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။ **ကိုမင်း(ကြေးမုံ)**

# အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့မှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ အကျိုးခံစားခွင့်ပေးအပ်

**ရန်ကုန် မေ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ယာယီပိတ်သိမ်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့မှ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ လူမှုဖူလုံရေး အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ငွေ ၄၀ ရာခိုင်နှုန်း ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးခွဲ (၅)၌ ပြုလုပ်သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးခွဲ(၅)မှ တာဝန်ခံအရာရှိ ဦးသန့်ဇော်မင်းက လူမှုဖူလုံရေးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၁၇ ခုမှ အာမခံအလုပ်သမား ၃၅၆၆ ဦးအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ဖြစ်သော ငွေကျပ် ၈၀၈၆၁၉၁၃ ဒသမ ၈၄ ကျပ်ကို သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့မှ တာဝန်ခံများထံ ပေးအပ်ခဲ့သည်။



အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)

ထောက်ပံ့ငွေပေးအပ်ခဲ့သည့် အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့ရှိ စက်ရုံ၊ အလုပ်ရုံများသည် ပူးပေါင်းအဖွဲ့နှင့် စစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုအမိန့်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရသော စက်ရုံ၊ အလုပ်ရုံများဖြစ်ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ခြင်းဖြစ်သည်။

ယနေ့ လူမှုဖူလုံရေးထောက်ပံ့ငွေများ ပေးအပ်ရာတွင် ကျန်းမာရေးနှင့်

## ❒ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့၌ ခေတ္တညအိပ်တည်းခိုနိုင်ရေးအတွက် ပညာရေးကောလိပ်တွင် စီစဉ်ထားရှိကာ စားသောက်ရေးကိစ္စရပ်များ၊ ကျန်းမာရေးစစ်ဆေးခြင်းများ၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းတို့ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လားရှိုးခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန (တွဲဖက်ပြည်နယ်ရုံး) လားရှိုးမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ် ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက လိုအပ်သည်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နန်းသန္တာဦး(ပြန်/ဆက်)

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် ယခုကာလအတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပွားလျက်ရှိရာ မေ ၂၇ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး၊ သာယာဝတီနှင့် နတ္တလင်းမြို့နယ်တို့၌ နေအိမ် ၆၁ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး ချောက်၊ မကွေး၊ မြို့သစ်၊ ရေနံချောင်း၊ နတ်မောက်၊ မင်းဘူးနှင့် စလင်းမြို့နယ်တို့၌ နေအိမ် ၁၂ လုံးပြိုကျပျက်စီးပြီး နေအိမ် ၁၃၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်း၊ ပျော်ဘွယ်၊ တောင်သာနှင့် မြင်းခြံမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၇ လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံးသွားရောက်ဆောင်ရွက်ခဲ့သည်။



အလားတူ ဧပြီ ၉ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ် ၈၄၈ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၆ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၁၉၉၄ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၂၃၇ လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူရှစ်ဦး သေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံး၊ ဒဏ်ရာရသူ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၇၀၁ ဒသမ ၈ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးစောင့်ရှောက်မှုစင်တာများကို ဆိုက်ဘာတိုက်ခိုက်သူများအား ထိရောက်စွာ အရေးယူရန် ကုလသမဂ္ဂတိုက်တွန်း

**ကုလသမဂ္ဂ မေ ၂၈**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေး စောင့်ရှောက်မှု စင်တာများကို ပစ်မှတ်ထား တိုက်ခိုက်ကြသည့် ဆိုက်ဘာတိုက်ခိုက်မှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ယနေ့ တိုက်တွန်းပြောကြားခဲ့သည်။

**ကာကွယ်သွားရန်လိုအပ်**

ကျန်းမာရေးစင်တာများကို ဆိုက်ဘာတိုက်ခိုက်မှုကျူးလွန်ခြင်းကဲ့သို့သော မြင့်မားလှသည့် ဒစ်ဂျစ်တယ်နည်းပညာများအား တလွဲအသုံးချမှုကို မိမိတို့အနေနဲ့ ကာကွယ်သွားရမည်ဖြစ်သည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က ယမန်နေ့က ပြုလုပ်ခဲ့သည့် ဗီဒီယိုကွန်ဖရင့် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစပြီး ကမ္ဘာ့နိုင်ငံအများအပြားရှိ ကျန်းမာရေးစင်တာများတွင် ဆိုက်ဘာတိုက်ခိုက်ခံရသည့် ဖြစ်စဉ်များနှင့်ပတ်သက်သည့် အစီရင်ခံစာများ မြင့်တက်လာကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဆိုသည်။

ထို့ကြောင့် ပြည်သူများအား ထိခိုက်နစ်နာစေသည့် ဖြစ်စဉ်များကို ကာကွယ်တားဆီးပေးရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မကြာသေးမီ ရက်သတ္တပတ်အတွင်းက ချက်သမ္မတနိုင်ငံ၊ ပြင်သစ်၊ စပိန်၊ ထိုင်းနှင့် အမေရိကန်နိုင်ငံများရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာများတွင် ဆိုက်ဘာတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်ဟု နိုင်ငံတကာ ကြက်ခြေနီကော်မတီက မေ ၂၅ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ဆိုက်ဘာတိုက်ခိုက်မှုများ ထပ်မံမဖြစ်ပွားစေရန်၊ ကိုရိုနာဗိုင်းရပ်စ် ဆိုင်ရာ သုတေသနရလဒ်များနှင့်ဆက်စပ်သည့် အချက်အလက်များ ခိုးယူမှုမဖြစ်ပွားစေရန် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းပြီး ကာကွယ်တားဆီးသွားရန် လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**






## ဒုံးကျည်ပစ်လွှတ်နိုင်သော မော်တော်ဘုတ် ၁၁၂စင်း အီရန်တော်လှန်ရေးအစောင့်တပ် လက်ခံရရှိ

**တီဟီရန် မေ ၂၈**

အီရန် အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်၏ ရေတပ်သည် နိုင်ငံ၏ တောင်ဘက်ရေပြင်တွင် စစ်ဆင်ရေး စွမ်းပကားတိုးမြှင့်ရန်အတွက် ဒုံးကျည်ပစ်လွှတ်နိုင်စွမ်း ရှိသော မော်တော်ဘုတ် ၁၁၂ စင်းကို ယနေ့ လက်ခံရရှိကြောင်း အီရန်အခြေစိုက် ပရက်စ်တီဗွီသတင်းဌာနက ယနေ့ ဖော်ပြသည်။

အီရန်အစိုးရသည် ပြည်တွင်းဖြစ် မျိုးဆက်သစ် မော်တော်ဘုတ်များကို အီရန်စစ်ဘက် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည့် အခမ်းအနားတစ်ခုတွင် အီရန် အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်၏ ရေတပ် လက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

မော်တော်ဘုတ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ဟိုစိန်ဆာလာမီ၊ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်၏ ရေတပ်တပ်မှူး ဗိုလ်ချုပ်ကြီးအာလီရီဇာတန်ဆီရီနှင့် အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမီဟာတမီတို့ အပါအဝင် အီရန်အဆင့်မြင့် စစ်ဘက် အရာရှိအများအပြား တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အီရန်နိုင်ငံသည်၎င်း၏ ကာကွယ်ရေးကဏ္ဍ၌ မကြာသေးမီနှစ်များက အဓိက အောင်မြင်မှုရရှိခဲ့ပြီး ယခုအခါ စစ်လက်နက်များ ထုတ်လုပ်မှုနယ်ပယ်တွင် ပိုမိုကျယ်ပြန့်လာခဲ့သည်။ သို့သော် အီရန် နိုင်ငံသည် ၎င်း၏ စစ်အင်အားကို အီရန်နိုင်ငံအပေါ် ခြိမ်းခြောက်နေသည့် ရန်သူများအား ခုခံကာကွယ်ရေး အတွက်သက်သက်သာ အသုံးပြုမည်ဟု ပြောဆိုလေ့ရှိသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

## ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၂၉ ဦး စံချိန်တင်စမ်းသပ်တွေ့ရှိရပြီး ၁၅ ဦး ထပ်မံသေဆုံး

**ဒါကာ မေ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၂၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန် မတ် ၈ ရက်ကတည်းက တစ်ရက်အတွင်း ရောဂါကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ ပြောကြားသည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၂၉ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၃၂၁ ဦးရှိလာကြောင်း သိရသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၅၉ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ပါမောက္ခနာဆီမာ ဆူလ်တနာက အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန်အတွက် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ နိုင်ငံတစ်ဝန်းတွင် ၂၄ နာရီအတွင်း လူဦးရေ ၉၃၁၀ တို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အတူ ရောဂါကူးစက်ခံရသူ ၅၀၀ သည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၄၂၅ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

## သေနတ်သမားများ၏ လက်ချက်ဖြင့် နိုင်ဂျီးရီးယား၌ လူ ၆၀ သေဆုံး

**နိုင်ဂျီးရီးယား မေ ၂၈**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ဘက် ကျေးရွာများတွင် မည်သူမည်ဝါဟု မသိရသော သေနတ်သမားများက တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အပြစ်မဲ့ပြည်သူ ၆၀ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ဆရာဝန်များနှင့် ဒေသခံပြည်သူများက ယနေ့ ပြောကြားသည်။

သေနတ်သမားများသည် ဆိုင်ကယ်စီးပြီး နိုင်ငံ၏ အနောက်မြောက်ဘက် ဆိုကိုတိုပြည်နယ် ဆာဘွန်ဘာနီခရိုင်ရှိ ကျေးရွာငါးရွာကို ယမန်နေ့ နှောင်းပိုင်းက စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ဒေသခံပြည်သူများက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားသည့် အလောင်း ၆၀ ကို ဆေးရုံသို့ ပို့ဆောင်လာခဲ့ကြောင်း ဒေသဆိုင်ရာ ဆေးရုံတစ်ရုံမှ အမည်မဖော်လိုသူ ဆရာဝန်နှစ်ဦးက ပြောကြားသည်။

ဆာဘွန်ဘာနီခရိုင်သည် ပြည်နယ်မြို့တော် ဆိုကိုတိုမှ ၁၇၅ ကီလိုမီတာခန့်အကွာတွင် တည်ရှိပြီး မကြာသေးမီရက်များမှစ၍ သေနတ်သမားများ၏ စီးနင်းတိုက်ခိုက်မှုကို ခံရလျက်ရှိသည်။ မေ ၂၅ ရက်က ဆာဘွန်ဘာနီခရိုင်တွင် အလားတူ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**

**ဘာသာပြန် – ဂျေတီ**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရန်ပုံငွေစုဆောင်းရန် ဖောင်ဒေးရှင်းတစ်ခု ဖွဲ့စည်း

**ဂျီနီဗာ မေ ၂၈**

ကိုရိုနာဗိုင်းရပ်စ်နှင့် အခြားကပ်ရောဂါများကို တိုက်ဖျက်ရေးအတွက် ရန်ပုံငွေစုဆောင်းရန် ဖောင်ဒေးရှင်းတစ်ခုကို ဖွဲ့စည်းခဲ့ကြောင်း ယင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် တီဒရော့စ် အက်နွမ် ဂါဘရီယီဆက်စ်က ယမန်နေ့က ဂျီနီဗာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနေဖြင့် ၎င်း၏ ရန်ပုံငွေ ၈၀ ရာခိုင်နှုန်းကျော်ကို အဖွဲ့ဝင်နိုင်ငံများနှင့် အခြားအလှူရှင်များထံမှရယူပြီး ရပ်တည်နေရသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အနေဖြင့် ရရှိသောရန်ပုံငွေများကို သီးသန့်လုပ်ငန်းများ ဆောင်ရွက်ရန် ခွဲဝေသတ်မှတ်ထားပြီး ရန်ပုံငွေ သုံးစွဲရာတွင် ဂရုတစိုက်သုံးစွဲကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အနာဂတ်အောင်မြင်မှုသည် အလှူရှင်များပေါ်တွင် တည်မှီနေကြောင်း၊ ယခုဖွဲ့စည်းခဲ့သော ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ ပြည်သူများနှင့် အဖွဲ့ဝင်နိုင်ငံများထံမှ ရန်ပုံငွေများ ရရှိစေရန်ရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၉ ဦး ထပ်မံတွေ့ရှိ




**ဆိုးလ်  မေ ၂၈**

တောင်ကိုရီးယားနိုင်ငံတွင် မေ ၂၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၉ ဦး ထပ်မံတွေ့ရှိခဲ့သည်။

ယင်းဗိုင်းရပ်စ်ကူးစက်ခံရသူများအား ဆိုးလ်မြို့ရှိ ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့ အဆောက်အအုံတစ်ခု၌ တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါအရေအတွက်သည် ဧပြီလမှစပြီး နှစ်လအတွင်း တစ်ရက်တာ ဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံးဖြစ်ကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

မေ ၂၆ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၀ တွေ့ရှိခဲ့သည့်အတွက် မေ ၂၇ ရက်တွင် တွေ့ရှိသော ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် မေ ၂၆ ရက်တွင် တွေ့ရှိသော အရေအတွက်ထက် နှစ်ဆပိုမိုများပြားကြောင်း၊ မေ ၂၆ ရက် မတိုင်မီရက်များတွင် တစ်ရက်တာ တွေ့ရှိနှုန်းသည် ၂၀ ဝန်းကျင်ခန့်သာရှိကြောင်း တောင်ကိုရီးယား ကျန်းမာရေး တာဝန်ရှိသူများက ဆိုသည်။

တောင်ကိုရီးယားနိုင်ငံတွင် မေလအစောပိုင်းမှစပြီး စီးပွားရေး လုပ်ငန်းများကို ပုံမှန်အတိုင်း ပြန်လည်လည်ပတ်လျက်ရှိသည်။ တောင်ကိုရီးယားအစိုးရက ဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ် ထပ်မံတွေ့ရှိမှုကို တစ်ရက်တာအတွင်း ၅၀ ထက် လျော့နည်းစေချင်သည်။ သို့သော် မေ ၂၈ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် အစိုးရခန့်မှန်း ထားသည်ထက် ပထမဆုံး အကြိမ် ပိုမိုများပြားစွာ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# တီဟီရန်မြို့တော်ဝန်ဟောင်းကို အီရန်လွှတ်တော်နာယကအဖြစ် ရွေးချယ်

**တီဟီရန်  မေ ၂၈**

အီရန်လွှတ်တော်က သဘောထားတင်းမာသော တီဟီရန်မြို့တော်ဝန်ဟောင်းကို လွှတ်တော်နာယကသစ်အဖြစ် ရွေးချယ်ရန် ယနေ့ ဆန္ဒမဲပေးခဲ့ကြသည်။

လွှတ်တော်အစည်းအဝေးအတွင်း တီဟီရန်မြို့တော်ဝန်ဟောင်း မိုဟာမက် ဘာဂါကာလီဘတ်ဖ်ကို လွှတ်တော်နာယကသစ်အဖြစ် ရွေးကောက်ခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံဌာနက ပြောကြားသည်။ အမတ်နေရာ ၂၉၀ ရှိသည့် အီရန်လွှတ်တော်တွင် အစည်းအဝေးတက်ရောက်သူ လွှတ်တော်အမတ် ၂၆၄ ဦးအနက် ၂၃၀ က ကာလီဘတ်ဖ်ကို လွှတ်တော်နာယကအဖြစ် မဲဆန္ဒပြုခဲ့သည်။ ကာလီဘတ်ဖ်သည် ၁၉၈၀ ပြည့်နှစ်များအတွင်း အီရတ်နှင့် ဖြစ်ပွားခဲ့သည့် စစ်ပွဲ၌ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

စစ်ပွဲပြီးဆုံးချိန်တွင် ကာလီဘတ်ဖ်သည် တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ဆောက်လုပ်ရေးလက်ရုံးတပ်ဖွဲ့ အကြီးအကဲအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ပိုင်းတွင် လေတပ်တပ်ဖွဲ့၏ အကြီးအကဲဖြစ်လာခဲ့သည်။ ထို့နောက် တီဟီရန်မြို့တော်ဝန်အဖြစ် တာဝန်ယူခဲ့သည်။ တီဟီရန်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ၁၂ နှစ်တာကာလအတွင်း ကာလီဘတ်ဖ်က မြို့တော်၏ မြေအောက်ရထားလိုင်းများကို အဆင့်မြှင့်တင်ခဲ့ပြီး ခေတ်မီ အဆောက်အအုံများ တည်ဆောက်မှုကို အားပေးခဲ့သည်။ တီဟီရန်မြို့တော်၏ လူမှုရေးနှင့် ယဉ်ကျေးမှုရှုထောင့်များကို အလေးပေးခြင်းမရှိဘဲ မလိုလားအပ်သော စီမံကိန်းများတွင် ပြည်သူ့ဘဏ္ဍာများ ဖြုန်းတီးနေကြောင်း အတိုက်အခံများက ကာလီဘတ်ဖ်ကို စွပ်စွဲခဲ့သည်။

အသက် ၅၈ နှစ်အရွယ် ကာလီဘတ်ဖ်က ၂၀၀၈ ခုနှစ်မှ ယခုနှစ် မေလအထိ လွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အလီလာရီဂျာနီ၏နေရာတွင် အစားထိုး၍ တာဝန်ယူခြင်းဖြစ်သည်။

ကိုးကား - သည်ဝါရှင်တန်ပို့စ်
ဘာသာပြန် - ကျော်ထိုက်စိုး

# အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များကို အချိန်မတိုင်မီ ပြန်လည်ခေါ်ယူမည်

**ဝါရှင်တန်  မေ ၂၈**

အမေရိကန် တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်နိုင်ငံမှ သတ်မှတ်ထားသည့်အချိန်မတိုင်မီ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ယနေ့သတင်းတစ်ရပ်အရ သိရသည်။

အာဖဂန်ရှိ အမေရိကန်စစ်သားများအား အမိမြေသို့ ပြန်လည်ခေါ်ယူရန် သမ္မတထရမ့်က ပင်တဂွန်စစ်ဌာနချုပ်အား အကြိမ်ကြိမ် တိုက်တွန်းပြောဆိုခဲ့သည်။



အာဖဂန် တပ်ဖွဲ့ဝင်များနှင့် တာလီဘန် စစ်သွေးကြွအဖွဲ့တို့ အကြား အိဒ်ဘာသာရေးပွဲတော်ကျင်းပရေးအတွက် သုံးရက်တာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့ပြီးနောက် စစ်ပွဲများ တစ်ကျော့ ပြန်လည်စတင်ရန် ပြင်ဆင်နေစဉ် အမေရိကန်တပ်ဖွဲ့များအား အာဖဂန်မှ ပြန်လည်ခေါ်ယူရန် သမ္မတထရမ့်က ပင်တဂွန်စစ်ဌာနချုပ်အား တိုက်တွန်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ကာလအတွင်း၌ အရပ်သားသေဆုံးမှုများ သိသိသာသာ လျော့ကျလာကြောင်း တွေ့ရှိရသည်။

သုံးရက်တာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် မေ ၂၇ ရက် ညပိုင်းတွင် အဆုံးသတ်ခဲ့သည်။ ထို့နောက် စစ်ပွဲများ ပြန်လည်စတင်လာမည်လား သို့မဟုတ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ထပ်မံတိုးမြှင့်ဆောင်ရွက်မည်လား စသည့် အချက်များနှင့် ပတ်သက်ပြီး အာဖဂန်ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပြီးဆုံးခဲ့ပြီးနောက် အာဖဂန်တပ်ဖွဲ့နှင့် တာလီဘန်အဖွဲ့တို့အကြား အပြန်အလှန်ပစ်ခတ်မှုများ မဖြစ်ပွားသေးသော်လည်း အာဖဂန်တပ်ဖွဲ့ဝင်များက နိုင်ငံ၏တောင်ဘက်ပိုင်းသို့ လေကြောင်းစစ်ဆင်ရေး ဆင်နွှဲခဲ့ရာ စစ်သွေးကြွ ၁၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ အနက် ၃၄၀၀ ခန့်ကို ဇူလိုင်လလယ်ပိုင်းတွင် ပြန်လည်ခေါ်ယူရန် အမေရိကန်နှင့် တာလီဘန်အဖွဲ့တို့သည် ဖေဖော်ဝါရီ အတွင်းက လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် တပ်ဖွဲ့ဝင်အားလုံးအား ၂၀၂၁ ခုနှစ် မေလတွင် ပြန်လည်ခေါ်ယူရန် အမေရိကန်နှင့် တာလီဘန်တို့ သဘောတူညီခဲ့ကြသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် အမေရိကန်စစ်သားများအား အမိမြေသို့ ပြန်ခွင့်ပြုခဲ့ရာ အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်စစ်သားအရေအတွက် ၈၅၀၀ ခန့်သာ ကျန်ရှိတော့သည်ဟု အမေရိကန် အဆင့်မြင့် ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - အောင်ကျော်ကျော်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ယာယီကုသဆောင် မီးလောင်မှုဖြစ်ပွား၊ ငါးဦးသေဆုံး



**ဒါကာ  မေ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ထိပ်တန်းဆေးရုံတစ်ခု၏ ကိုရိုနာဗိုင်းရပ်စ် ယာယီကုသဆောင်တစ်ခုတွင် ယမန်နေ့က မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူငါးဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက် မြင့်တက်လာမှု ကြုံတွေ့နေရချိန်တွင် ဒါကာမြို့ရှိ လူကုံထံများနေထိုင်ရာ ဂူလ်ရှန်ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယူနိုက်တက်ဆေးရုံကပိုင်ဆိုင်သည့် ပစ္စည်းသိုလှောင်ရုံတစ်ခုအတွင်း အဲကွန်းတစ်လုံး ပေါက်ကွဲရာမှ မီးလောင်မှု စတင်ခဲ့ကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူ ကမ်ရူဟာဆန်က ပြောသည်။ "မီးသတ်တပ်ဖွဲ့က တစ်နာရီဝန်းကျင်အတွင်း မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ မီးလောင်မှုအတွင်း လူငါးဦး သေဆုံးခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

သေဆုံးသူ သုံးဦးမှာ ကိုဗစ်-၁၉ လူနာများဖြစ်ပြီး နှစ်ဦးမှာ ရောဂါပိုးမရှိသူများဖြစ်ကြောင်း ဒါကာရဲတပ်ဖွဲ့မှ လက်ထောက်အကြီးအကဲ ဆူဒက်ပ်ကူးမားချတ်ကရာဘော်တီက ပြောသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကြာသေးမီ သီတင်းပတ်များအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သေဆုံးသူ ၅၄၄ ဦး အထိရှိလာခဲ့ပြီး ကူးစက်လူနာသစ် ၄၀၀၀၀ နီးပါး မြင့်တက်လာခဲ့သည်။ အစိုးရက ယခုရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါလူနာများ ကုသရန် နိုင်ငံပိုင်ဆေးရုံများကို ညွှန်ကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် အမှန်တကယ် ကူးစက်မှုနှင့် သေဆုံးမှုမှာ လက်ရှိစာရင်းထက် ပိုမိုများပြားဖွယ်ရှိကြောင်း ကျန်းမာရေးပညာရှင်များက ပြောကြားသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - ကျော်ထိုက်စိုး

# တရုတ်နိုင်ငံ ကိုဗစ်-၁၉၊ အရေးပါသောအစည်းအဝေးနှင့် အနာဂတ်အလားအလာ

နေစိုးဦး

တရုတ်နိုင်ငံက ကျင်းပနေကျအရေးပါသော နှစ်ပတ်လည် အစည်းအဝေးနှစ်ခုကို မကြာသေးမီက ကျင်းပပြီးစီး သွားခဲ့ပြီဖြစ်ပါသည်။ အဆိုပါ အရေးပါသော နှစ်ပတ်လည် အစည်းအဝေးနှစ်ခုမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် ဆိုင်းငံ့ထားခဲ့ရခြင်းဖြစ်ပြီး ယခုအခါ တရုတ်နိုင်ငံအနေဖြင့် ကပ်ရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ပြီဟူသော သဘောဖြင့် ဆိုင်းငံ့ထားသော အစည်းအဝေးနှစ်ခုကို ပြန်လည်ကျင်းပခဲ့ခြင်းလည်း ဖြစ်သည်။

တရုတ်နိုင်ငံ၏ အရေးပါသော အစည်းအဝေး နှစ်ခု ဖြစ်သည့် အကြံပေးအဖွဲ့ဝင် ၂၀၀၀ ကျော်ပါဝင်သော တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) နှင့် တရုတ်နိုင်ငံ၏ ဥပဒေပြုလွှတ်တော်ဖြစ်သော တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် (NPC) တည်းဟူသော အစည်းအဝေးများပင် ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးချုပ် လီခချန်းက လာမည့်နှစ်အတွင်း အစိုးရကဆောင်ရွက်မည့် အစီအစဉ် နှင့် ဦးစားပေး မူဝါဒများပါဝင်သော အစီရင်ခံစာကို တင်သွင်းသွားခဲ့ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီး ဖြစ်လင့်ကစား ကျန်းမာရေးအသိ၊ သတိရှိရှိဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ထားကာ တက်ရောက်လာသည့် ကိုယ်စားလှယ်များကို အစည်းအဝေးတွင် တွေ့မြင်ခဲ့ကြရပါသည်။ တရုတ်နိုင်ငံ၏ အရေးပါသောနှစ်ပတ်လည် အစည်းအဝေးတွင် အစိုးရက စုစုပေါင်း အမျိုးသားထုတ်ကုန် ရည်မှန်းချက်ကဲ့သို့သော အဓိကစီးပွားရေးမူဝါဒများကို ကြေညာလေ့ရှိသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ကို များစွာအလေးထားစိတ်ဝင်စားစေခဲ့သည့် အစည်းအဝေးလည်း ဖြစ်သည်ဟု ဆိုရပါမည်။

## စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရ

ယခုနှစ်တွင် ကျင်းပသော နှစ်ပတ်လည်အစည်းအဝေး၏ ပိုမိုအရေးပါမှုအဖြစ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသော တရုတ်နိုင်ငံအနေဖြင့် နိုင်ငံ၏ စီးပွားရေး ပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိရေးအတွက် မည်ကဲ့သို့ ပြန်လည်အသက်သွင်း ပုံဖော်သွားမည်ဆိုသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ကို စိတ်ဝင်တစားရှိစေမည်မှာလည်း အမှန်ပင်ဖြစ်သည်။

မည်သို့ဆိုစေ အစည်းအဝေးတွင် တင်သွင်းသော မစ္စတာလီခချန်း၏ အစီရင်ခံစာတွင် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းရည်မှန်းချက်နှင့်ပတ်သက်၍ ချန်လှပ်ထားသည်ကို တွေ့ကြရပါသည်။ ယင်းသည် အစိုးရအနေဖြင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဦးဆုံးအဖြစ် စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက်ကို သတ်မှတ်မှုပြုရန် ပျက်ကွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ဆိုရလျှင် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနေသည့် မရေရာမသေချာမှုများနှင့် ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်မှုအနေအထားများ ကြောင့်လည်း စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက်ကို သတ်မှတ်ခြင်းမပြုခဲ့ခြင်းဖြစ်ကြောင်း မစ္စတာလီက ထည့်သွင်းပြောကြားသွားခဲ့ပါသည်။



ကိုဗစ်-၁၉ မတိုင်မီက သုတေသီတို့၏ ခန့်မှန်းချက်အရ တရုတ်နိုင်ငံ၏ စီးပွားရေး ၆ ရာခိုင်နှုန်းခန့် တိုးတက်မည်ဟု ဆိုသည်။ လွန်ခဲ့သည့် နှစ်က နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းခန့် ရည်မှန်းထားပြီး ၆ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သို့ရာတွင် ယခုနှစ် ပထမဆုံးသုံးလပတ်အတွက် တရုတ်နိုင်ငံ၏ စီးပွားရေးမှာ ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ သေးကျုံ့သွားခဲ့ပြီး ထိုသို့သော အနေအထားမှာ ဒုတိယသုံးလပတ်အထိ ဆက်လက်စခန်းသွားဖွယ်ရှိနေသည်ဟု အချို့သော သုတေသီတို့က တွက်ဆခန့်မှန်းလျက်ရှိပါသည်။

## အကြံပြု ပြောကြား

အမှန်စင်စစ် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက်ကို နိုင်ငံ၏အရေးပါသော အစည်းအဝေး နှစ်ခုတွင် ကြေညာနေကျဖြစ်သော်လည်း စီးပွားရေးပညာရှင်အများစုက ၎င်း၏စီးပွားရေးတိုးတက်မှုနှုန်း ရည်မှန်းချက်ကို သတ်မှတ်မှုပြုသည့် အစဉ်အလာအား စွန့်လွှတ်ရန် အကြံပြု ပြောကြားနေကြသည်မှာလည်း အတန်ကြာပြီဖြစ်ပါသည်။ မည်သို့ဆိုစေ တရုတ်နိုင်ငံ၏ စုစုပေါင်းအမျိုးသား ထုတ်ကုန်ပမာဏတိုးတက်မှု ရည်မှန်းချက်မှာ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း အလားအလာခန့်မှန်းချက်သည် စီးပွားရေး ခန့်မှန်းချက်ဖြစ်သည်သာမက ရှေ့လာမည့် အစိုးရချေးငွေ နှင့်အသုံးစရိတ် စသည်တို့နှင့်ပတ်သက်၍ အချက်ပြနေသည့် အကြောင်းခြင်းရာလည်း ဖြစ်ပါသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် တင်သွင်းသည့် ဝန်ကြီးချုပ် လီခချန်း၏ အစီရင်ခံစာတွင် အလုပ်အကိုင် နေရာဖန်တီးရေးကို အထောက်အကူပြုစေမည့် အစီအမံများကို ဆောင်ရွက်သွားမည်ဟု ဖော်ပြထားသော်လည်း အဆိုပါ အစီအမံများက စီးပွားရေးတိုးတက်မှုကို မည်မျှအထိ အထောက်အကူပြုစေမည်ဟူ၍ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိမှုကမူ တရုတ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် နိမ့်ကျသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို လက်ခံထားသည့်သဘောဆောင်နေသည်မှာလည်း အမှန်ပင်ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူရေး အတွက် အမေရိကန်ဒေါ်လာ ၅၀၆ ဘီလီယံ ပမာဏရှိ ဘဏ္ဍာရေးအကူအညီ ဖော်ဆောင်မည့် အစီအစဉ်ကို မစ္စတာလီက အစည်းအဝေးတွင် ထုတ်ဖော်ကြေညာခဲ့ပါသည်။ ဆိုရလျှင် အစိုးရ၏ ဘဏ္ဍာရေးအကူအညီ ဖော်ဆောင်ခြင်းက အလုပ်အကိုင်နေရာ ဖန်တီးခြင်းကို အထောက်အကူပြုစေမည်ဖြစ်သကဲ့သို့ လူမှုဘဝ တည်ငြိမ်ရေးကိုပါ အထောက်အကူပြုစေမည်ဟု မျှော်လင့်ထားပုံရသည်။ အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် မြို့ပြအလုပ်အကိုင်နေရာ ကိုးသန်းခန့် ဖန်တီးပေးရန် ရည်မှန်းထားသည်ဟုလည်း ဆိုသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်နှင့် စီးပွားရေးအကူအညီပေးရေးဆိုင်ရာ ကြေညာချက်များအပြင်အခြားသော မူဝါဒဆိုင်ရာ ကြေညာချက်များကိုပါ ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့မြင်ကြရပါသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် နိုင်ငံ၏ စီးပွားရေးထိခိုက်မှုရှိနေသည့်တိုင်အောင် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အကောင်အထည်ဖော်ရန် မစ္စတာလီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ကိုလည်း တွေ့ကြရသည်။ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအစီအစဉ်သည် သမ္မတရှီ၏ ဦးစားပေး အစီအစဉ်လည်းဖြစ်သည်ဟုဆိုသည်။ နှစ်ပတ်လည်အစည်းအဝေး နှစ်ခုသို့ တက်ရောက်လာသော ကိုယ်စားလှယ်တို့က နိုင်ငံ၏ ရောဂါတားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေး စနစ်နှင့်ဆက်စပ်သည့် နိုင်ငံ၏ ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုတိုးတက်ရေးအပေါ် အလေးထားလျက်ရှိသည်ကိုလည်း တွေ့ကြရပါသည်။ လတ်တလောအနေအထားအရ ယခုနှစ်အတွက် တရုတ်နိုင်ငံ၏ ကျန်းမာရေးစနစ်တွင် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည့် အရိပ်အယောင်များကို တွေ့မြင်နေရခြင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသော မျှော်လင့်ချက် အလားအလာများလည်း ဖြစ်ပါသည်။

## ဒီမိုကရေစီက အရေးပါ

နှစ်ပတ်လည်အစည်းအဝေးတွင် နောက်ထပ်ထူးခြားမှုမှာ ကျယ်ပြန့်သော သတင်းအချက်အလက်များအတွက် အင်တာနက်အပါအဝင် ခေတ်မီနည်းပညာများကို ပိုမို အသုံးပြုခြင်းဖြင့် ကျရောက်လာသော တာဝန်များအား ပိုမိုကျေပွန်စွာ ထမ်းဆောင်နိုင်ရေးဟူသောအချက်ကို အစိုးရထိပ်တန်းအကြံပေးပုဂ္ဂိုလ် ဝမ်ယိက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ မစ္စတာဝမ်ယိ၏ အဆိုအရ သက်ဆိုင်ရာအရာရှိများ တာဝန်ထမ်းဆောင်မှုစွမ်းရည် တိုးတက်ရေးနှင့် လုပ်ငန်းများထိရောက်မှုရှိရေးဖြစ်ပြီး ထိုသို့ လုပ်ဆောင်ရာတွင် တရုတ်ပုံစံ ဒီမိုကရေစီက အရေးပါကြောင်း ပြောကြားသွားခဲ့ပါသည်။


မည်သို့ဆိုစေ ၇ ရက်ကြာ ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် တတိယအကြိမ်အစည်းအဝေးသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဂယက်ရိုက်ခတ်မှုကြောင့် ပုံမှန်ထက် အချိန်တိုတောင်းမှု ရှိခဲ့ပါသည်။ သို့ရာတွင် တရုတ်နိုင်ငံအနေဖြင့် အရေးပါသော နှစ်ပတ်လည်အစည်းအဝေးမှနေ၍ နိုင်ငံ၏ ကျဆင်းနေသော စီးပွားရေး ပြန်လည်နာလန်ထူလာရေး အပြင် အခြားသော အရေးပါလှသည့် နိုင်ငံရေး အခင်းအကျင်းသစ်ကို အဖြေရှာပုံဖော်လာနိုင်မည်ဟု မျှော်လင့်ရပါကြောင်း သုံးသပ်လိုက်ရပါသည်။ ။

Ref: China’s Two Sessions 2020: What Have We Learnt So Far (china-briefing.com )

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| |
|---|
| ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ |
| ၅၈၅၂၅၉၉ ဦး |
| သေဆုံးသူ |
| ၃၅၉၈၀၅ ဦး |
| ပြန်လည်ကျန်းမာလာသူ |
| ၂၅၃၉၉၁၄ ဦး |

facebook



သင့်လုံခြုံမှုရှိရေးအတွက် ကျွန်ုပ်တို့ အလေးထားပါသည်

ကျွန်ုပ်တို့သည် Facebook ကို အသုံးပြုနေသူများအားလုံး၏ ကိုယ်ရေးဆိုင်ရာအချက်အလက် လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးထားပြီး ကာကွယ်ပေးပါသည်။ Facebook ကို အသုံးပြုနေသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျွန်ုပ်ကဲ့သို့ သင့်အား လိုက်နာလေးစားစေလိုသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## ရမည်းသင်းမြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် လက်လုပ်သေနတ် သိမ်းဆည်းရမိ



**နေပြည်တော် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကျော် ဦးစီးသည့် ခရိုင်မှုခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ယနေ့နံနက် ၁ နာရီခွဲက ကျောင်းကုန်းကျေးရွာနေ အောင်ဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၊ ဘိန်းချေးဟု ယူဆရသော အမည်းရောင်အမှုန့် ၄၃ ကျပ်သားခန့်၊ ဘိန်းရှူရာတွင် အသုံးပြုသော ပစ္စည်းများ ထည့်ထားသည့် သံသေတ္တာတစ်လုံး၊ အရှည် ၁၅ လက်မရှိ လက်လုပ်တူမီးသေနတ်အတို တစ်လက်၊ ခဲသီးခုနစ်လုံး၊ ဓားအိမ်ပါ ဓားလေးချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူရမည်းသင်းမြို့နယ် ကျောက်အိုးရဲကင်းမှူး ဒုတိယရဲအုပ်ထင်ကျော်ထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် တိန်းညက်ကုန်းကျေးရွာနေ ဇော်ဝင်း၏ နေအိမ်အားဝင်ရောက် ရှာဖွေရာ ဇော်ဝင်း၊ နိုင်ဦးနှင့် မအေးမြင့်တို့ သုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၊ ငွေကျပ် ၄၀၀၀၀၊ ဖုန်းနှစ်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရွှေစက်တော်ဘေးမဲ့တောရေိယာအတွင်း ကျော့ကွင်းပေါင်း ၁၇၀ကျော် သိမ်းဆည်းရမိ

**မင်းဘူး မေ ၂၈**

မင်းဘူးခရိုင် ရွှေစက်တော်ဘေးမဲ့တောဧရိယာ ဧကပေါင်းတစ်သိန်းကျော်အတွင်း၌ ရွှေသမင်များ အဓိကကျက်စားသည့် ဧက ၄၀၀ ကျော်ရှိပြီး ဧပြီလနှင့် မေလများအတွင်း သမင်နှင့် တောဝက်များကို ဖမ်းဆီးနိုင်သည့် ကျော့ကွင်းပေါင်း ၁၇၂ ကွင်းကို ဖြုတ်သိမ်းနိုင်ခဲ့ကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ထွန်စက်တာယာတွေကနေ သံကြိုးထုတ်ပြီးတော့ သမင်ကွင်းထောင်တာရှိနေတယ်။ ဒေသခံတွေထဲက လုပ်ကြတာပါ။ အဲဒါကလည်း နှစ်ပေါင်းများစွာကြာပါပြီ။ ဓလေ့လို ဖြစ်နေကြတာ။ ရွှေသမင်တွေ သေနတ်နဲ့ ပစ်ခံရတယ်ဆိုတဲ့ သတင်းတွေကြားရပေမယ့် သက်သေမရှိသေးပါဘူး။ ရှိတဲ့ဝန်ထမ်းအင်အားနဲ့ ကျော့ကွင်းတွေ သိမ်းဆည်းတာ၊ ကျေးရွာတွေမှာ အသိပညာပေးတာတွေလုပ်နေပါတယ်"ဟု ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးအောင်စိုးတင့်က ပြောသည်။

ပွင့်ဖြူမြို့နယ် တပ်မတော် ဝါစိုက်ခင်းအနီးတွင် ရွှေသမင်များ အများဆုံးကျက်စားသည့် ကိုယ်စားပြုဧရိယာမှာ ဧက ၄၀၀ ကျော်ရှိပြီး နောက်ဆုံးကောက်ယူတွက်ချက်ရသည့် စာရင်းအရ သမင်ကောင်ရေ ၁၁၀၆ ကောင်ရှိကြောင်း ရွှေစက်တော်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## နှာခေါင်းစည်းမဝတ်ဘဲ သွားလာသူများအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် အရေးယူ

**မတုပီ**

ချင်းပြည်နယ် မတုပီမြို့နယ်အတွင်း၌ မေ ၂၇ ရက် နံနက် ၉ နာရီတွင် နှာခေါင်းစည်းမဝတ်ဘဲ သွားလာနေသူ ၃၀ အား ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်တရားစွဲတင်ပို့ခဲ့ကြောင်း သိရသည်။

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း၌ မေ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် နှာခေါင်းစည်းမဝတ်ဘဲ သွားလာနေသူ ၁၃၂ ဦးအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် မြို့နယ်တရားရုံးများသို့ ဦးတိုက်လျှောက်တရားစွဲတင်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မိတ္ထီလာမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့၌ ဒေသန္တရအမိန့် ဖောက်ဖျက်သူများအား အရေးယူ

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပြည်သာယာတောင်ရပ်ကွက်၌ မေ ၂၇ ရက် နံနက် ၂ နာရီ ၁၀ မိနစ်တွင် အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လိုက်လံစစ်ဆေးဆောင်ရွက်နေစဉ် အောင်ဇော်လင်းပါ သုံးဦးအား တွေ့ရှိရ၍ ညမထွက်ရဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်သဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်တရားစွဲတင်ပို့ကြောင်း သိရသည်။

**ဇမ္ဗူသီရိမြို့နယ်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ မေ ၂၇ ရက် နံနက် ၁ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လိုက်လံစစ်ဆေးဆောင်ရွက်နေစဉ် အောင်ဇမ္ဗူရပ်ကွက်နေ ကျော်မင်းအောင်အား တွေ့ရှိရ၍ ညမထွက်ရဒေသန္တရအမိန့်ဖောက်ဖျက်ကျူးလွန်သဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်တရားစွဲတင်ပို့ကြောင်း သိရသည်။

**ရဲပြန်ကြား**




## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇၆ စီး၊ သွင်းကုန် ၄၁၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၂၅ သန်း)ရှိ ကျောပိုးအိတ်(အကြီး) 196 U၊ ကျောပိုးအိတ်(အသေး) 83 U နှင့် အဆီကျဆေးခါးပတ် 30 U အား ရှောင်ကွင်းသယ်ဆောင်ရန်စုပုံထားသည်ကို တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**


## မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၈**

သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက်မှ ၂၇ ရက်အတွင်း တောင်ကုတ်မြို့နယ် တန်းလွဲချောင်းအတွင်း တရားမဝင် ကညင်/ သင်္ဂူ/ သစ်ပုပ်/သင်ပုန်းခွဲသား ၈ ဒသမ ၉၅၆တန်၊ မော်ကူးကြိုးဝိုင်းအကွက်အမှတ်(၁၂) အတွင်း တရားမဝင် ကျွန်း/ပျဉ်းကတိုးသစ် ၅ ဒသမ ၂၀၄၀ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ကနီမြို့နယ် နတ်လာပို့ရွာအောက်ဘက်တစ်မိုင်ခန့်အကွာ ချင်းတွင်းမြစ်အတွင်း ဖောင်တွဲနှစ်တွဲနှင့်အတူ အင်/ကညင်သစ်လုံးများ(တိုင်းတာဆဲ)အား ပြစ်မှုကျူးလွန်သူလေးဦး၊ ယင်းမာပင်မြို့နယ် ကျောက်မှော်ရွာ နေအိမ်ခြံဝင်းအတွင်းမှ အင်ခွဲသား ၂ ဒသမ ၈၀၃၈ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂/၅)အနီး၊ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား နှစ်တန်ကျော်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ ပျဉ်းမနားမြို့နယ် ကျည်တောင်ကျေးရွာအနီးယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုးခွဲသားနှစ်တန်ကျော်အား ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၈ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၈-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၄၇၀)ခု၊ ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၄၈)ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၄) ခု၊ စုစုပေါင်း (၇၁၂)ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၈-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆) ဦးရှိပါသည်။

၃။ (၂၈-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၂၆) ဦးရှိပြီး ၎င်းတို့အနက် (၁၁၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၇-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၈-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၆) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၈ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၇၀) ခု |
| (၂၈-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၈) ခု |
| (၂၈-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀ ) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၈ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၀၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၂၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၈ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

၁။ (၂၇ - ၅ - ၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၆၅၁) ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (၇၃) ခုတို့တွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၇ - ၅ - ၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ဓာတ်ခွဲနမူနာ (၁၀၂၆)ခု၊ ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၅၁)ခု၊ ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော် ဆေးရုံကြီး (ခုတင်- ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၁၃၄၃) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၃။ (၂၈ - ၅ - ၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆)ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၈ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၂၇-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၀၂၆) ခု |
| (၂၇-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅၁) ခု |
| (၂၇-၅-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ( ခုတင် - ၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်း

**နေပြည်တော် မေ ၂၈**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူရှင်များက ဆေးရုံသုံးစက်ပစ္စည်းကိရိယာများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ လာရောက်လှူဒါန်းရာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား Rotary Club of Central Yangon ၏ ဥက္ကဋ္ဌ ဦးထက်ညီက Rotary Club of Central Yangon သည် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်စဉ်၌ မိမိတို့အနေဖြင့် ဆေးရုံများတွင် လူနာများအား ကုသမှုပေးရာတွင် အသုံးပြုရန် စက်ပစ္စည်းကိရိယာများ လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ လှူဒါန်းမှုသည် ကိုဗစ်-၁၉ လူနာများအတွက်သာမက အခြားရောဂါဖြင့် ကုသမှုခံယူရသော လူနာများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရေရှည်အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ယခုအချိန်တွင် လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းမှုတွင် Rotary Club of Central Yangon (District 3350) မှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိသည့် Patient Monitor ၅၉ ခု၊Rotary Club of Central Yangon (District 3350), District 2570, Rotary Club of Kawagoe and Rotary Club of Honjo Minami တို့မှ အမေရိကန်ဒေါ်လာ ၆၁၅၀၀ တန်ဖိုးရှိ Syringe Pump ၁၁၅ ခု၊ Rotary Club of Central Yangon (District 3350) နှင့် District 3630 တို့မှ အမေရိကန်ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိ Patient Monitor ၇၄ ခုတို့အား လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လာရောက်လှူဒါန်းမှုကို လက်ခံပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထိုသို့လှူဒါန်းမှုတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး-ဒေါ်တိုးတိုးသူ မိသားစု၊ ဒေါ်အေးမြင့်ဦး၊ ဒေါ်အေးချစ်ဦး၊ ဒေါက်တာသီသီဦးနှင့် ဒေါ်စီစီဦးတို့က ငွေကျပ် ၁၅ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ တိုင်းရင်းသားအိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများနှင့် ငွေကျပ်တစ်သောင်းစီ ပေးအပ်

**တောင်ကြီး မေ ၂၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်း၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့များသည် ယမန်နေ့နံနက်ပိုင်းက တောင်ကြီးမြို့နှင့်အေးသာယာမြို့အတွင်း ထနော့၊ လီဆူ၊ ရှမ်း၊ ကချင်၊ ကရင်နှင့် ဗမာ တိုင်းရင်းသားအများစု နေထိုင်ရာရပ်ကွက် ခြောက်ရပ်ကွက်ရှိ တိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၁၁၈၉ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ၁၅၂၆ ထုပ်နှင့် ငွေကျပ်တစ်သောင်းစီအား လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။




**ပေးအပ်လှူဒါန်း**

ထို့အတူ ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက်နာယကဦးစီးအဖွဲ့က မေ ၂၆ ရက်က ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ နောင်တရားမြို့ ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအတွက် ဆန်အိတ် ၂၀ နှင့် ဆီငါးပုံး၊ ယင်းမြို့ရှိ အခြေခံအိမ်ထောင်စု ၃၀၀ အတွက် ရိက္ခာထုပ် ၃၀၀ နှင့် ငွေကျပ်တစ်သောင်းစီ၊ ကယန်းတိုင်းရင်းသားများနေထိုင်ရာ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ပရဟိတဘုန်းတော်ကြီးကျောင်း သံဃာတော်များအတွက် ဆန်အိတ် ၂၀ နှင့် ဆီငါးပုံး၊ ယင်းမြို့မှ အခြေခံအိမ်ထောင်စု ၃၀၀ အတွက် ရိက္ခာထုပ် ၃၀၀ နှင့် ငွေကျပ်တစ်သောင်းစီ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွက် ဆန်အိတ် ၂၀ နှင့် ဆီရှစ်ပုံး၊ ကယားပြည်နယ်အတွင်းရှိ လယ်တွန်ရွာနေ ကယန်းတိုင်းရင်းသားလူမျိုးစုအိမ်ထောင်စု ၃၀၀ စုအတွက် ရိက္ခာထုပ် ၃၀၀ နှင့် ငွေကျပ်တစ်သောင်း၊ ကယန်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့သို့ ငွေကျပ်သိန်း ၅၀၊ တောင်ရိုးစာပေယဉ်ကျေးမှုကော်မတီသို့ငွေကျပ်သိန်း ၅၀၊ ဖယ်ခုံရွှေဓမ္မရောင်ခြည်ဖောင်ဒေးရှင်းသို့ ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေးပို့လှူဒါန်း**

အလားတူ ပအိုဝ်းတိုင်းရင်းသားအများစုနေထိုင်ရာ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်ရှိ အခြေခံတိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၆၀၀ စုအတွက် ရိက္ခာထုပ် ၆၀၀၊ ကျောက်တစ်လုံးကြီးမြို့ရှိ အခြေခံပြည်သူ အိမ်ထောင်စု ၅၀၀ အတွက် ရိက္ခာထုပ် ၅၀၀ နှင့် ငွေကျပ်တစ်သောင်းစီ၊ ကျောက်တစ်လုံးမြို့ ဘုန်းတော်ကြီးကျောင်း လေးကျောင်းအတွက် ဆန်အိတ် ၂၀ နှင့် ဆီရှစ်ပုံးတို့ ပေးပို့လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ယနေ့နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေး ကော်မတီနာယကဦးစီးအဖွဲ့ဝင်များသည် တောင်ကြီးမြို့၊ အေးသာယာမြို့ ရိက္ခာထုပ်ဖြန့်ဝေရန် ကျန်ရှိသည့်ရပ်ကွက် ခြောက်ရပ်ကွက်မှ အခြေခံတိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၂၃၇၆ စု အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ၃၂၁၅ ထုပ်နှင့် ငွေကျပ်တစ်သောင်းစီကို လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကမျက်မမြင်ကျောင်းများအား ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဆောင်ရွက်လျက်ရှိသည့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးစီမံချက်အရ မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ အသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။




ထိုသို့ဆောင်ရွက်ရာတွင် ပုဂ္ဂလိကမျက်မမြင်ကျောင်း ၁၃ ကျောင်းရှိ အမြင်အာရုံ မသန်စွမ်းသူ ၆၅၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အခြေခံ စားသောက်ကုန်များနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ပစ္စည်းများဝယ်ယူနိုင်ရန် ထောက်ပံ့ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မျက်မမြင်ကျောင်းအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် လူ ၅၀ အတွက် ငွေကျပ် ၁၅၀၀၀၀၀ နှင့် မေ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျက်မမြင်ကျောင်းလေးကျောင်းရှိ အမြင်အာရုံမသန်စွမ်းသူ ၂၅၀ အတွက် ငွေကျပ် ၇၅၀၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ရမည်းသင်းမြို့တို့ရှိ မျက်မမြင်ကျောင်း သုံးကျောင်းမှ အမြင်အာရုံမသန်စွမ်းသူ ၉၉ ဦး အတွက် ငွေကျပ် ၂၉၇၀၀၀၀ ကို ထောက်ပံ့ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း နှစ်ကျောင်း၊ မကွေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်းတစ်ကျောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်းလေးကျောင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိမျက်မမြင်ကျောင်း တစ်ကျောင်းတို့မှ အမြင်အာရုံ မသန်စွမ်းသူများအား ဆက်လက် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းပြုလုပ်ထားသည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လူမှုဖူလုံရေးအဖွဲ့က မကျန်းမာမှု အကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေး

**နေပြည်တော် မေ ၂၈**

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သည် ကိုဗစ်-၁၉ ကာလအတွင်း ကန့်သတ်စောင့်ကြည့် ပြုလုပ်ထားသူ အာမခံအလုပ်သမားများအား အသွားအလာကန့်သတ်၊ စောင့်ကြပ်ကြည့်ရှုခြင်းကာလကို မကျန်းမာမှုဆေးခွင့်အဖြစ်သတ်မှတ်၍လည်းကောင်း၊ အာမခံအလုပ်သမားကိုယ်ဝန်ဆောင်မိခင်များအား တစ်ကြိမ်လျှင် ရှစ်ပတ်မှ အများဆုံး ၂၆ ပတ်အထိ မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်ပေးကာ ထည့်ဝင်ကြေးလစာ၏ ၆၀ ရာခိုင်နှုန်းအား ငွေကြေးအကျိုးခံစားခွင့်အဖြစ် ထုတ်ပေးရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်၍ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် မေလ ၂၇ ရက်ထိ စာရင်းများအရ ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံအလုပ်သမား ၈၈၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၅၇၁၀ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၂၁၂ ဦးအား ငွေကြေးအကျိုးခံစားခွင့် ငွေ ၉၉၀၁၆၃၁ ကျပ်နှင့် ကိုယ်ဝန်ဆောင်မိခင် ၅၆ ဦးအား ငွေကျပ် ၆၄၆၃၉၅၀ တို့ကို ခွင့်ပြုခဲ့ပြီးဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ မကျန်းမာမှုဆေးခွင့်ခံစားနေသော ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာမှထုတ်ပေးသော ကန့်သတ်စောင့်ကြည့်ရက်ပြည့်ပြီးကြောင်း ထောက်ခံချက်၊ လူမှုဖူလုံရေးဆေးခန်းများမှ ထုတ်ပေးသော ဆေးသက်သေခံ လက်မှတ်နှင့်အတူ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်၍ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ငှက်ချောင်း(၁)နှင့် ငှက်ချောင်း(၂) IDP စခန်းတို့တွင် ဆပ်ပြာ ၁၆၂၆ တောင့်၊ Surgical Mask ၃၂၅၂ ခု၊ Hand Speaker တစ်လုံး၊ အပူချိန်တိုင်းကိရိယာနှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick တစ်ခု၊ အဝတ် Mask ၁၈၅၉၀ နှင့် ဗီနိုင်းနှစ်ချပ်တို့ကို သွားရောက်ထောက်ပံ့ခဲ့ပြီး ရသေ့တောင်မြို့နယ်ရှိ ပေါက်ပင်ရင်း၊ ပိန်းတော၊ ကုန်တန်း၊ ခွဆုံ၊ အောက်ကျောင်းတောင်နှင့် ဘူးသီးတောင်မြို့နယ်ရှိ သေကံခွဆုံ၊ စက်ခေါ်ရွာ၊ သိန်းတန်၊ ဝရကျွန်းရွာ၊ ဆေးအိုးကျရွာနှင့် သံခြေ ယာယီတိုက်ပွဲရှောင်စခန်းတို့တွင် Surgical Mask ၆၂၈ ခု၊ အဝတ် Mask ၄၉၆၆ ခု၊ အပူချိန်တိုင်းကိရိယာ ၁၁ ခု၊ လက်သန့်ဆေးရည် ၃၁၂ ဘူး၊ Hand Speaker ၁၃ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင်ထည့်သွင်းထားသော Memory Stick ၁၃ ခု၊ ဗီနိုင်း ၁၃ ခု၊ ထုံး ၁၉ အိတ်နှင့် လက်ဆေးစင်ငါးခုတို့အား သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၂၇၆၃ | ၂၀၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၈၄၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၁၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၆၁ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | နေပြည်တော် | ၂ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၇၄၉၁၆၀ | ၄၉၀၂၅၆ | ၁၀၂၄၁ |
| ဘရာဇီး | ၄၁၄၆၆၁ | ၁၆၆၆၄၇ | ၂၅၆၉၇ |
| ရုရှား | ၃၇၉၀၅၁ | ၁၅၀၉၉၃ | ၄၁၄၂ |
| စပိန် | ၂၈၃၈၄၉ | ၁၉၆၉၅၈ | ၂၇၁၁၈ |
| ဗြိတိန် | ၂၆၇၂၄၀ | စိစစ်ဆဲ | ၃၇၄၆၀ |
| အီတလီ | ၂၃၁၁၃၉ | ၁၄၇၁၀၁ | ၃၃၀၇၂ |
| ပြင်သစ် | ၁၈၂၉၁၃ | ၆၆၅၈၄ | ၂၈၅၉၆ |
| ဂျာမနီ | ၁၈၁၈၉၅ | ၁၆၃၂၀၀ | ၈၅၃၃ |
| အိန္ဒိယ | ၁၆၀၃၁၀ | ၆၈၇၁၃ | ၄၅၆၀ |
| တူရကီ | ၁၅၉၇၉၇ | ၁၂၂၇၉၃ | ၄၄၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၃၂၄၉ | ၁၇၂၇၆ | ၂၃ |
| အင်ဒိုနီးရှား | ၂၄၅၃၈ | ၆၂၄၀ | ၁၄၉၆ |
| ဖိလစ်ပိုင် | ၁၅၅၈၈ | ၃၅၉၈ | ၉၂၁ |
| မလေးရှား | ၇၆၂၉ | ၆၁၆၉ | ၁၁၅ |
| ထိုင်း | ၃၀၆၅ | ၂၉၄၅ | ၅၇ |
| ဗီယက်နမ် | ၃၂၇ | ၂၇၈ | ၀ |
| မြန်မာ | ၂၀၆ | ၁၂၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

## အင်းစိန်မြို့နယ်ရှိ ဈေး၊ ကားမှတ်တိုင်နှင့် လူစည်ကားရာနေရာများ၌ ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ လေဟာပြင်ဈေး၊ ကားမှတ်တိုင်နှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း အခု ၄၀၀၊ မျက်နှာအကာအကွယ် အခု ၄၀၀၊ ခေါင်းစွပ်အခု ၂၀၀ နှင့် ကာပေါ်လစ်ဆပ်ပြာခဲ ၆၀၀ တို့ကို လောကဪသည်သွေးကူညီမှုအသင်း(ရန်ကုန်)နှင့် အာယုပါလ သွေးကူညီမှုအသင်းတို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းကြသည်။

ယင်းသို့လှူဒါန်းမှုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် လောကဪသည် သွေးကူညီမှုအသင်း၏ (၆)ကြိမ်မြောက် အလှူဖြစ်ပြီး ဇွန် ၁ ရက်တွင်လည်း အဆိုပါအဖွဲ့များက (၇)ကြိမ်မြောက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက်ရှိ ဈေး၊ ကားမှတ်တိုင်နှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း အခု ၄၀၀၊ မျက်နှာအကာအကွယ် အခု ၄၀၀၊ ခေါင်းစွပ်အခု ၂၀၀ နှင့် ကာပေါ်လစ်ဆပ်ပြာခဲ ၆၀၀ တို့ကို သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်တွင် အသင်းအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီလှူဒါန်းမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလှူဒါန်းမှုများတွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉၂၅၂၆၆၈၁၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အေးမင်းသူ





## ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၆၈ ဦး ဆက်လက်ဝင်ရောက်

မြဝတီ မေ ၂၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၆၈ ဦးသည် မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ပြန်လည်ဝင်ရောက်လာသူများအနက် ၅၀၃ ဦးသည် ယာဉ် ၂၄ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှု၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၆၆၅ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ပြန်လည်ဝင်ရောက်

ယနေ့ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ ၅၁ ဦး၊ ကယားပြည်နယ်မှ ရှစ်ဦး၊ ကရင်ပြည်နယ်မှ ၁၂၇ ဦး၊ မွန်ပြည်နယ်မှ ၁၈၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၆၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၃၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၇၅ ဦး၊ နေပြည်တော်မှ ၂၅ ဦး၊ ရှမ်းပြည်နယ်မှ ၉၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ ဦး၊ ရခိုင်ပြည်နယ်မှ ကိုးဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၆၃ ဦး စုစုပေါင်း ၁၁၆၈ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်



**နေပြည်တော်  မေ  ၂၈**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၃ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၀ ရှိ နေရာ ၁၀၀ တို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၈၇ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၄၄ ကီလိုဂရမ်၊ ရေဂါလန် ၇၈၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ TWS ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ချင်းပြည်နယ် ဟားခါးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မြင်းခြံဒီဂရီကောလိပ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ချင်းပြည်နယ် ဟားခါးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၂)
# အမျိုးသားလွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်း



မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ပုံမှန်အားဖြင့် ယခင်ရွေးကောက်ပွဲများကျင်းပမြဲကာလအတိုင်း ကျင်းပသွားနိုင်ဖွယ်ရှိမည်ဟု မျှော်လင့်ရပါသည်။ ရွေးကောက်ပွဲကျင်းပမည့် အချိန်က ပို၍ပို၍နီးကပ်လာပါပြီ။ လွှတ်တော်ရွေးကောက်ပွဲများကျင်းပသည့်ရက်ကြေညာပြီးသည့်အခါ အထောက်အကူဖြစ်စေရေးအတွက်ပြည်သူ့လွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုထပ်မံ၍ အမျိုးသားလွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

**အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်အများဆုံး ၂၂၄ ဦးဖြင့် ဖွဲ့စည်းသည်။ ယင်းသို့ဖွဲ့စည်းရာတွင်–

ပထမအချက်အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး သက်ဆိုင်ရာပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး ပါဝင်သည်။ [ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က)]

ဒုတိယအချက်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုချင်းစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး ပါဝင်သည်။ [ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (ခ) ]

**မဲဆန္ဒနယ်များသတ်မှတ်ခြင်း**

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သည်။ ထိုသို့သတ်မှတ်ရာ၌ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သည်–

ပထမအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၂ နယ် သတ်မှတ်ရသည်။

ဒုတိယအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင်ပါဝင်သော မြို့နယ်အရေအတွက်သည် ၁၂ မြို့နယ်အောက် လျော့နည်းနေပါက မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ပေးရသည်။ ထိုသို့သတ်မှတ်ရာတွင် မဲဆန္ဒနယ်အရေအတွက်သည် ၁၂ နယ်အောက် လျော့နည်းခဲ့သော် လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက်ကို ယင်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်များ၏လူဦးရေအများအနည်းအလိုက် တန်းစီဇယားပြု၍ လူဦးရေအများဆုံး မြို့နယ်မှစပြီး မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်သောမဲဆန္ဒနယ်အရေအတွက်ပြည့်သည်အထိ ထပ်ဆောင်းသတ်မှတ်ပေးရသည်။

တတိယအချက်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင် ပါဝင်သည့် မြို့နယ်အရေအတွက်သည် ၁၂ မြို့နယ်ထက်ပိုမိုနေပါက မဲဆန္ဒနယ်အရေအတွက်ကို ခရိုင်များရှိလူဦးရေကို အခြေခံ၍ သတ်မှတ်ရသည်။ ထိုသို့သတ်မှတ်ခြင်းဖြင့် ခရိုင်တစ်ခုစီအတွက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အရေအတွက် ရရှိသည်။ ခရိုင်တစ်ခုအတွက်ရရှိသော မဲဆန္ဒနယ်အရေအတွက်သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်အရေအတွက်နှင့်တူညီနေပါက တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးရသည်။

အကယ်၍ ခရိုင်တစ်ခုအတွက်ရရှိသော မဲဆန္ဒနယ်အရေအတွက်သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်အရေအတွက်ထက် ပိုမိုနေပါက တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးရသည်။ ယင်းသို့ သတ်မှတ်ပြီးနောက် ပိုမိုနေသေးသော မဲဆန္ဒနယ်အရေအတွက်ကို ယင်းခရိုင်အတွင်းရှိ မြို့နယ်များ၏ လူဦးရေအများအနည်းအလိုက် တန်းစီဇယားပြု၍ လူဦးရေအများဆုံး မြို့နယ်မှစ၍ တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်းပေးရသည်။

အကယ်၍ ခရိုင်တစ်ခုအတွက်ရရှိသော မဲဆန္ဒနယ်အရေအတွက်သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်ဦးရေအောက် လျော့နည်းနေပါက လူဦးရေကွာဟမှု မကြီးမားစေရေးအတွက် မဲဆန္ဒနယ်များ၏ လူဦးရေအချိုးအစားတတ်နိုင်သမျှနီးစပ်မှုရှိစေရန် တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်တစ်မြို့နယ် သို့မဟုတ် မြို့နယ်များဖြင့် ပေါင်းရုံး ဖွဲ့စည်းနိုင်သည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် သတိပြုရမည့်အချက်မှာ မြို့နယ်တစ်မြို့နယ်၏အစိတ်အပိုင်းတစ်ခုကို အခြားမြို့နယ်နှင့်ပေါင်း၍ မဲဆန္ဒနယ်သတ်မှတ်ခြင်း မပြုရပါ။ လူဦးရေနည်းသောခရိုင်များရှိပါက မဲဆန္ဒနယ် သတ်မှတ်ရာတွင် လူဦးရေမျှတမှုရှိစေရန်အတွက် ယင်းခရိုင်များနှင့် ဆက်စပ်လျက်ရှိသော အခြားခရိုင်တစ်ခုခုနှင့်စုစည်း၍ မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်နိုင်သည်။

စတုတ္ထအချက်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ( ဥပမာ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး) အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များသတ်မှတ်ရာတွင် ရှေးဦးစွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီအတွက် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်သည်။ ယင်းသို့ သတ်မှတ်ပေးပြီးနောက် ကျန်ရှိသောမဲဆန္ဒနယ်များအတွက် အထက်ပါ တတိယအချက်တွင် ဖော်ပြထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရသည်။

**ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ**

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် အသက်ကန့်သတ်ချက်မှလွဲ၍ ကျန်အချက်များ အတူတူပင်ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် အမည်စာရင်းတင်သွင်းသည့်အချိန်တွင် အသက် ၂၅ နှစ်ပြည့်ပြီးသူများဖြစ်ရပြီး အမျိုးသားလွှတ်တော်အတွက် အသက် ၃၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရပါမည်။

> **အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီတွင် ၁၂ နယ်စီ တူညီစွာသတ်မှတ်ရသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင်ရှိသော မြို့နယ်နှင့် ခရိုင်အရေအတွက် နေထိုင်သောလူဦးရေတို့အပေါ် အခြေခံပြီး သတ်မှတ်ရ . . .**

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကျင်းပခြင်း**

လွှတ်တော်ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက် ကျင်းပရသည်ဖြစ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများနှင့်အတူ တစ်နေ့တည်းတွင် တစ်ပြိုင်နက်တည်း ကျင်းပသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ၃၄ ပါတီရှိသည်။ ပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သူ ၄၇၂ ဦး၊ တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်သူခုနစ်ဦးရှိသည်။ ယင်းတို့ထဲတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး ပါဝင်သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ၇၂ ပါတီ ရှိသည်။ ပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သူ ၈၄၄ ဦး၊ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ၄၂ ဦး ရှိသည်။ ယင်းတို့ထဲတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦး ပါဝင်သည်။

**မဲဆန္ဒနယ်များ၏ပုံစံ မတူညီကြပါ**

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီတွင် ၁၂ နယ်စီ တူညီစွာသတ်မှတ်ရသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင်ရှိသော မြို့နယ်နှင့် ခရိုင်အရေအတွက် နေထိုင်သော လူဦးရေတို့အပေါ် အခြေခံပြီး သတ်မှတ်ရသည်။ တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခု၊ ပြည်နယ်တစ်ခုနှင့်တစ်ခု မဲဆန္ဒနယ်ပုံစံများ တူညီခြင်း မရှိကြပါ။ သာဓကအားဖြင့် ဖော်ပြရလျှင်–

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကို လေ့လာရာတွင် မြို့နယ်တစ်ခုကို နှစ်ပိုင်းခွဲ၍ မဲဆန္ဒနယ်နှစ်နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၁၉ ခု ရှိသည်။ မြို့နယ်တစ်ခုကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၄၄ ခု ရှိသည်။ မြို့နယ်နှစ်ခုကို မဲဆန္ဒနယ်တစ်နယ်သတ်မှတ်ခဲ့သည့် မြို့နယ် ၇၀ ခု၊ မြို့နယ်သုံးခုကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၄၈ ခု၊ မြို့နယ်လေးခုကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၂၀ ခု၊ မြို့နယ်ငါးခုကို မဲဆန္ဒနယ်တစ်နယ်သတ်မှတ်ခဲ့သည့် မြို့နယ် ၁၀ ခု၊ မြို့နယ်ခြောက်ခုကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၁၈ ခု ရှိသည်။ ထို့ပြင် ခရိုင်တစ်ခုလုံးကို မဲဆန္ဒနယ်သတ်မှတ်ခဲ့သည့် ခရိုင် ၂၁ ခုရှိသည်။

**အသင့်ပြင်ဆင်ပါဝင်ဆောင်ရွက်နိုင်ကြပါစေ**

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံကြရပါမည်။ အထူးသဖြင့် မဲစာရင်းတွင်ပါဝင်သူဖြစ်ရပါမည်။ မဲစာရင်းတွင် ပါဝင်သူဟုဆိုရာတွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်၏မဲစာရင်းတွင် ပါဝင်ရန်မလိုပါ။ မဲဆန္ဒနယ်တစ်ခုခု၏ မဲစာရင်းတွင် ပါဝင်နေဖို့လိုသည်။ ဤသည်မှာ အရေးကြီးသည်။

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ကို တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည်။ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အများစုသည် တစ်မြို့နယ်ထက်ပိုမိုပါဝင်နေသည်။ အချို့မှာ ခရိုင်တစ်ခုလုံးဖြစ်သည်။ ထို့ကြောင့် ယင်းသို့သောဒေသများမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်သူများအနေဖြင့် မဲဆွယ်စည်းရုံးရမည့် နယ်မြေဧရိယာ ပိုမိုကျယ်ပြန့်မည်ကို သတိမူကြရပါမည်။

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် မိမိတို့၏ပါတီကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများအားမည်သည့် မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည်ကို ကြိုတင်ရွေးချယ်မှုတွေ ပြုကြရပါမည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကို ကြိုတင်လေ့လာ ဖတ်ရှုထားကြရပါမည်။ သို့မှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းရမည့်နေ့ရက်နှင့် မဲဆွယ်စည်းရုံးရေး ကာလများကို ထုတ်ပြန်ကြေညာသည့်အခါ အဆင်သင့်ရှိနေကြမည် ဖြစ်ကြောင်းပါဗျာ။

- **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ လွတ်လပ်၍ တရားမျှတပါစေ၊**
- **လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြိုတင်စီမံဆောင်ရွက်နိုင်ကြပါစေ၊**
- **အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပိုမိုပါဝင်လာနိုင်ပါစေ။ ။**

# ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး မေ ၂၈**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၂၃/၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ရောဂါပျံ့နှံ့မှုမဖြစ်ပွားရအောင် ထိန်းချုပ်ကုသနိုင်ရေး၊ ကန့်သတ်စောင့်ကြည့်စခန်းထားရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ သတ်မှတ်အချိန်မီ စနစ်တကျ ပြန်လည်အပ်နှံရန်နှင့် ကန့်သတ်စောင့်ကြည့်စခန်းထားရှိရန် သင့်လျော်သည့် အခြားနေရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြရန်၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေအရ ဒေသတွင်းပြည်သူများ စားဝတ်နေရေး အခက်အခဲမရှိစေရန် ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာဌာနများ ကြိုတင်၍ စီမံဆောင်ရွက်ထားရှိကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ပေါင်းစပ်ဖြေရှင်းရမည့်နည်းလမ်းများကိုပွင့်လင်းမြင်သာစွာချပြဆွေးနွေး၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် လုပ်ငန်းကော်မတီအသီးသီးမှ အတွင်းရေးမှူးများက ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုများအပေါ် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် စားဝတ်နေရေးအခက်အခဲမရှိစေရေးတို့အတွက် မြို့နယ်ကိုးမြို့နယ်တွင် တစ်မြို့နယ်လျှင် ဆန်အိတ် ၅၀၀ စီကို အရေးပေါ်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် မေ ၂၈**

ရောဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ဝန်ကြီးချုပ်ဦးလှမိုးအောင်က ကန့်သတ်စောင့်ကြည့်စခန်းထားရှိသည့် ကျောင်းများအား ပြန်လည်မဖွင့်လှစ်မီ အနည်းဆုံးနှစ်ကြိမ် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား ကန့်သတ်စောင့်ကြည့်စခန်းဝင်ရောက်လာ သည့်အခါ နေထိုင်စားသောက်ရေးကိစ္စများအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များ တွင် ပါဝင်လုပ်ဆောင်နေကြသော လူမှုရေးအသင်းအဖွဲ့များအား ၎င်းတို့၏ လိုအပ်ချက်များအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရှိ ကိုဗစ်-၁၉ ကော်မတီများက အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရေး၊ ဖွင့်လှစ်ပြီးသည့် ဈေးများ၊ စားသောက်ဆိုင်များ၊ တည်းခိုခန်းများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် အညီလိုက်နာရေး သက်ဆိုင်ရာဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများကမပြတ် ကြီးကြပ်ဆောင်ရွက်သွားရေး၊ ဖြေလျှော့ရန်ရှိသည့် လုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ အတတ်နိုင်ဆုံး ဖြေလျှော့နိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များ ဆောင်ရွက်သွားရေး စသည်ဖြင့် အမှာစကားပြောကြားသည်။



ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က ယခင်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည်များကိုရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက ကျောင်းများဖွင့်လှစ်နိုင်ရေး စီစဉ်ထားရှိမှု၊ နှာခေါင်းစည်းများဝတ်ဆင်ရေး လိုက်နာဆောင်ရွက်မှုအခြေအနေများနှင့် အသွားအလာကန့်သတ် စောင့်ကြည့်မည့်နေရာများ စီစဉ်ထားရှိမှုစသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကော့သောင်း-ရနောင်းကူးတို့လှေ လုပ်သားများအား ထောက်ပံ့

**ကော့သောင်း မေ ၂၈**

အခြေခံစားကုန်လေးမျိုးကို ကော့သောင်း-ရနောင်းပြေးဆွဲသည့် ကူးတို့လှေ(ပွဲချိတ်လှေ) လုပ်သားမိသားစုများအား ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ လွှတ်တော်ကိုယ်စားလှယ်များရုံးရှေ့၌ ကျင်းပသည်။

ကော့သောင်းမြို့တွင် ကော့သောင်း - ရနောင်း ပြေးဆွဲနေသည့် ကူးတို့လှေ(ပွဲချိတ်လှေ) အစင်းရေ ၂၃၀ ရှိရာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း နှစ်နိုင်ငံကူးသန်းသွားလာမှု ပိတ်သိမ်းထားကာ ကော့သောင်း-ရနောင်း ခရီးသည်ပို့ဆောင်မှုလုပ်ငန်းများဖြင့် မိသားစုဘဝ ရပ်တည်ရသည့် ကူးတို့လှေ(ပွဲချိတ်လှေ) လုပ်သားမိသားစုများ စားဝတ်နေမှု အခက်အခဲများ တစ်စတစ်စဖြစ်ပေါ်လာမှုကို တစ်စိတ်တစ်ဒေသ အဆင်ပြေကြစေရန်ရည်ရွယ်ကာ ကျပ်သိန်း ၄၀ ခန့်တန်ဖိုးရှိ အခြေခံစားကုန်လေးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာတို့ကို လှူဒါန်းခြင်းဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်ကိုယ်စားကော့သောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်နှင့်တာဝန်ရှိသူများက ကူးတို့လှေ (ပွဲချိတ်လှေ) လုပ်သားမိသားစုများအား လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ကျော်စိုး (ကော့သောင်း)

## လှိုင်ကော်မြို့နယ် ဖားမော့ရေစုကန် ပြန်လည်ပြုပြင်နိုင်ရေး ထောက်ပံ့ငွေပေးအပ်

**လှိုင်ကော် မေ ၂၈**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုတို့သည် လှိုင်ကော်မြို့နယ် ဖားမော့ကျေးရွာရှိ ဖားမော့ရေစုကန် ကန်ပေါင် ပြန်လည်ပြုပြင်နိုင်ရန်နှင့် ရေပိုလွှဲအသစ် တည်ဆောက်နိုင်ရန် ငွေကျပ် ၂၅ သိန်းကို ယမန်နေ့ ညနေပိုင်းတွင် ဝန်ကြီးချုပ်ရုံးခန်း၌ ဖားမော့ကျေးရွာ ရပ်မိ ရပ်ဖများအား ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ဖားမော့ရေစုကန်သည် ဖားမော့ကျေးရွာအတွင်း နေထိုင်သည့် အိမ်ထောင်စု ၈၄ စု၊ လူဦးရေ ၃၉၈ ဦးအတွက် သောက်သုံးရေအဓိက သိုလှောင်သည့် ရေစုကန်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# စက်တပ်သမ္ဗန်များ ရေကြောင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေး

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ ရေကြောင်းရဲတပ်ဖွဲ့စု(ရန်ကုန်) က ရန်ကုန်မြစ်တွင်းသွားစက်တပ်သမ္ဗန်များ ရေကြောင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမဝါယမအသင်းလီမိတက်ပိုင် ကမာကဆစ်ကူးတို့ဆိပ်ရှိ ရေယာဉ်ရုံးခန်း၌ ပြုလုပ်သည်။

ရေကြောင်းရဲတပ်ဖွဲ့စု(ရန်ကုန်) မှ ရဲမှူးမင်းအေးနိုင်ဦးက ရာသီဥတုဆိုးရွားချိန်၌ လှိုင်းကြီးချိန်များတွင် မြစ်တွင်းသွား စက်တပ်သမ္ဗန်များမောင်းနှင်ကြသည့် ရေယာဉ်မောင်းနှင်သူများအနေဖြင့် အလျင်မလိုစေရေးနှင့် ရာသီဥတုကောင်းမွန်သည့်အချိန်ထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ သမ္ဗန်မောင်းနှင်သူများအနေဖြင့် အရက်သေစာသောက်စားမူးယစ်ပြီး မောင်းနှင်ခြင်းမပြုလုပ်ရန်နှင့် မောင်းနှင်ခြင်းတွေ့ရှိပါက တိုင်ကြားသတင်းပေးရမည်ဖြစ်ကြောင်း၊ ရေယာဉ်မောင်းနှင်သူနှင့် ခရီးသည်များ အသက်အန္တရာယ်လုံခြုံရေးအတွက် အသက်ကယ်အင်္ကျီဝတ်ဆင်ရန်လိုအပ်ပြီး အသက်ကယ်ဖောကွင်းများ တပ်ဆင်ခြင်းနှင့် အချက်ပြမီးများကို တပ်ဆင်ထားကြရန်၊ အထူးသဖြင့် ဒလတံတားတည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်းသို့ စက်တပ်သမ္ဗန်များ ဝင်ရောက်ပြေးဆွဲခြင်း မပြုလုပ်ရန်၊ ရေကြောင်းရဲတပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးဌာနခွဲအနေဖြင့် စပိဘုတ်ဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မြစ်အတွင်း အန္တရာယ်တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ရေကြောင်းရဲတပ်ဖွဲ့ ဖုန်း ၀၁၉-၅၅၅၀၀၆၊ ၅၅၅၆၈၆ နှင့် ၀၁-၂၃၁၆၉၈၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်ရှိ မြစ်တွင်းသွားစက်တပ်သမ္ဗန်များ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်ရှိ ရေယာဉ်ဥက္ကဋ္ဌများနှင့် ရေယာဉ်မောင်းနှင်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲရေကြောင်းရဲတပ်ဖွဲ့စု (ရန်ကုန်) မှ ရဲမှူးမင်းအေးနိုင်ဦးနှင့် တာဝန်ရှိသူများသည် ရေကြောင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများကို ကမာကဆစ်ကူးတို့ဆိပ်ကမ်းနှင့်ကမာကသွယ်ကူးတို့ဆိပ်ကမ်းတို့၌ အခမဲ့ပေးဝေပြီး ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

# ရေသုံးစွဲမှုကို လျှော့ချချွေတာနိုင်မည့် စပါးစိုက်ပျိုးနည်း

ကမ္ဘာနှင့်အဝန်း ရာသီဥတုသည် ပြောင်းလဲလျက်ရှိသည်။ ယင်းပြောင်းလဲလျက်ရှိသော ရာသီဥတုနှင့် အညီ လူတို့၏ နေထိုင်ပြုမူမှုများသည်လည်း အတူလိုက်ပါပြောင်းလဲရန် လိုအပ်လျက်ရှိပါသည်။ ပြောင်းလဲစိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေးနည်းများအနက် ရေသုံးစွဲမှုကို လျှော့ချချွေတာနိုင်မည့် အောက်ပါစပါးစိုက်ပျိုးနည်းတစ်ခုကို အများပြည်သူသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

System of Rice Intensification (SRI) နည်းဖြင့် စပါးစိုက်ပျိုးခြင်း

SRI စိုက်ပျိုးနည်းစနစ်သည် ၂၀၀၀ ခုနှစ်နောက်ပိုင်း နိုင်ငံတကာတွင် အသုံးပြုမှု ပိုမိုများပြားလာသည်။ ယင်းစိုက်ပျိုးနည်းကို Fr. Henri de Laulanie ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၈၃ခုနှစ်တွင် Madagascar ၌ စတင်ခဲ့သည်။ တောင်သူလယ်သမားများ၏ ဆင်းရဲမှုကိုလျော့ကျနိုင်ရန်အတွက် သူ့ဘဝ၏ ၃၄ နှစ်တာအချိန်ကာလကို ကုန်ဆုံးစေခဲ့သည့် လေးစားဖွယ်ပညာရှင်တစ်ဦးဖြစ်ပါသည်။

## SRI စိုက်ပျိုးနည်း



SRI စိုက်ပျိုးနည်းဟူသည် စပါးစိုက်ပျိုးရာတွင် အပင်၊ မြေဩဇာ၊ ရေနှင့် အာဟာရဆိုင်ရာကိစ္စရပ်များကိုစီမံရန်အတွက် လိုအပ်သောအယူအဆများနှင့် လက်တွေ့လုပ်ဆောင်မှုများ၏ အရည်အသွေးတို့ကို တိုးတက်စေရန် ဆောင်ရွက်ထားသည့် စိုက်ပျိုးနည်းတစ်ခုဖြစ်သည်။

မည်သည့် စပါးမျိုးကိုမဆို SRI နည်းဖြင့် စိုက်ပျိုးနိုင်သည်။ သို့ဖြစ်၍ မိမိဒေသနှင့် ကိုက်ညီသော စပါးမျိုးကို SRI နည်းဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ ဤနည်းသည် ကျန်းမာသန်စွမ်းသောအပင်များ ဖြစ်ပေါ်စေသည့်အတွက် စပါးအထွက်နှုန်းကို ကောင်းမွန်စေသည်။ ဤနည်းသည် မြေ၊ အရင်းအနှီး၊ လုပ်အားနှင့် ရေတို့ အကန့်အသတ်ရှိသူများအတွက် အကျိုးအမြတ်အများဆုံး ရရှိစေနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။

### SRI စိုက်ပျိုးနည်း၏ အထွက်နှုန်းတိုးစေသည့်အကြောင်းများ

၁။ ကြဲကြဲစိုက်ခြင်း။

၂။ အပင်ငယ်စဉ်တွင် ရွှေ့ပြောင်းခြင်း။

၃။ ပေါင်းများကို မြေကြီးအတွင်းသို့ထည့်သွင်းခြင်း။

၄။ အစေ့နည်းနည်းသုံးခြင်း။

၅။ ရေကိုလိုအပ်သလောက်သာအသုံးပြုခြင်း။

၆။ အော်ဂဲနစ်မြေဆွေးများအသုံးပြုခြင်း။

### စိုက်ပျိုးရန်သင့်တော်သောမြေ

ဆားမပေါက်သောမြေ၊ မြေမျက်နှာပြင်ညီညာပြီး ရေသွင်းရေထုတ် လွယ်ကူသောမြေနှင့် မြေဩဇာပြည့်ဝသော မြေတို့သည် စိုက်ပျိုးရန်သင့်လျော်သောမြေများ ဖြစ်သည်။

### လယ်ယာမြေကို မြေဩဇာပြည့်ဝသောမြေဖြစ်ရန် ဆောင်ရွက်နိုင်သည့်နည်းများ

(က) နုန်းမြေထည့်သွင်းခြင်း။

( ခ ) မြေဆွေးထည့်သွင်းခြင်း။

( ဂ ) သစ်စိမ်းမြေဆွေးပေးသော သီးနှံများစိုက်ပျိုးခြင်း။
ပဲမျိုးရင်းဝင် သီးနှံများ၊ ညန်ပင်၊ ပိုက်ဆံလျှော်၊ မဲဇလီ၊ ဘောစကိုင်း၊ ဒန့်ကျွဲ၊ ကုက္ကိုသီးနှံမျိုးစေ့များကြဲပက်စိုက်ပျိုး၍ ၃၀ မှ ၄၅ ရက်သားအချိန်တွင် ထယ်ထိုး မြေမြှုပ်ပေးရန်ဖြစ်သည်။

(ဃ) အိမ်မွေးတိရစ္ဆာန်များလွှတ်ကျောင်းခြင်း။

အထက်ပါနည်း (၄)နည်းအနက် အနည်းဆုံး(၂)နည်းကို နှစ်စဉ် ဆောင်ရွက်သင့်သည်။

### ဖျာပုံသဏ္ဌာန်ပျိုးထောင်နည်း

ပျိုးခင်းမြေပြင်ခြင်း၊ ပျိုးနုတ်ခြင်း စသည့်ကုန်ကျစရိတ်များကို လျှော့ချနိုင်ရုံသာမက မျိုးစေ့သုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။

### မျိုးညှောင့်ဖောက်ခြင်း

- လယ်တစ်ဧကအတွက် ပျိုးထောင်ရန် စပါးနို့ဆီဘူး ၁၀-၁၂ လုံးခန့်သာ လိုပါမည်။
- ပျိုးထောင်ရန်အတွက် စပါးစေ့များကို (၁၂)နာရီကြာရေစိမ်ပါ။
- ရေပေါ်ပေါ်သောမျိုးစေ့များကို ဖယ်ရှားပါ။
- ယင်းနောက် (၂၄)နာရီကြာဖုံးအုပ်ပါ။
  (စပါးမျိုးအလိုက် အချိန်အပြောင်းအလဲရှိပါသည်။)

ပျိုးခင်းအတွက် ကြဲပက်ရန်အသင့်ဖြစ်နေသော မျိုးညှောင့်ဖောက်ပြီး စာပါးစပ်ပြူ မျိုးစေ့များကို ရရှိပြီဖြစ်ပါသည်။

### ပျိုးခင်းမြေပြင်ရန်အတွက် လိုအပ်သောပစ္စည်းများ

**(က) မြေ**

နုန်းမြေ(သို့)လယ်မြေနှင့် နွားချေး (သို့)မြေဆွေးတို့ကို(၇:၂)အတိုင်း ရောစပ် ပြီး သမအောင်နယ်ထားသောမြေ

**( ခ ) အောက်ခံအခင်း**

အောက်ခံအခင်းအဖြစ် ပလတ်စတစ်အခင်း(သို့) ဘိလပ်မြေအိတ်နှင့် မြေဩဇာအိတ်စသည့် အိတ်ခွံများ(သို့) ငှက်ပျောရွက်စသည့်သစ်ရွက်များ

**(ဂ) သစ်သားပေါင်**

(၂)ပေx(၁) ပေ အကွက်ငယ်များပါသည့် သစ်သားပေါင်ဖြစ်သည်။ ယင်းသစ်သားပေါင်ကို (၂-၁) (၂)လက်မ x (၁)လက်မ သစ်သားဖြင့်ပြုလုပ်သည်။ မြေကြီးအား (၂)ပေ x (၁)ပေ ပုံစံ အတုံးများပြုလုပ်ရန်ဖြစ်သည်။

### ပျိုးထောင်ခြင်း

- ပလတ်စတစ်အခင်းပေါ်ရှိသစ်သားပေါင်အတွင်းသို့ ရောစပ်ထားသောမြေကို ထည့်ပါ**(ပုံ-၁)**။
- အကွက်ငယ်(၁၆)ကွက်အတွင်း နို့ဆီဘူး(၂)လုံးကို အသုံးပြု၍ ပျိုးကြဲရန်ဖြစ်သည်။ ယင်းနို့ဆီဘူး(၂)လုံးကို ဘူးဝက်စီ အညီအမျှ(၄)ပုံ ပုံပါ**(ပုံ-၂)**။
- ဘူးဝက်တစ်ခုစီအား အကွက်(၄)ခုအတွက် ကြဲပက်ရန်ဖြစ်သည်။ မျက်နှာပြင်ကို ညီညာစေပြီး အညှောက်ဖောက်ထားသော မျိုးစေ့များကို ကြဲပက်ပါ**(ပုံ၃-၄)**။
- ကြဲပက်အပြီး မြေကြီးဖြင့် ခပ်ပါးပါးဖုံးအုပ်ပေးပြီး သင့်လျော်သော အစိုဓာတ်ရရှိစေရန် ရေပန်းကရားဖြင့် ရေလောင်းပေးပါ**(ပုံ-၅)**။
- ယင်းနောက်သစ်သားပေါင်ကိုဖယ်လိုက်လျှင် ပျိုးခင်းတစ်ခုကိုရပြီဖြစ်သည်**(ပုံ-၆)**။
- ထပ်မံ၍ ကောက်ရိုးပါးပါးဖြင့် ဖုံးအုပ်ပေးပါ**(ပုံ-၇)**။
- ပထမ(၅)ရက်တွင် အစိုဓာတ်လိုအပ်ပါက နေ့စဉ်နံနက်နှင့် ညနေတို့၌ ရေလောင်းပေးရန် ဖြစ်ပါသည်။
- (၃)ရက်အကြာ အပင်ငယ်များ အညွန့်ထွက်ချိန်တွင် ကောက်ရိုးကို ဖယ်ရှားပေးရန် ဖြစ်သည်**(ပုံ-၈)**။
- အရွက်(၂)ရွက်ထွက်ချိန်တွင် စိုက်ပျိုးရန် အသင့်ဖြစ်သောအချိန် ဖြစ်သည်**(ပုံ-၉)**။

### စိုက်ခင်းမြေပြင်ခြင်း

ပုံမှန်အတိုင်း ပြုပြင်ရန်ဖြစ်သည်။ အခြောက်ထယ်ထိုးခြင်း မပြုရပါ။ လယ်ကွက်သည် ရေပြင်ညီဖြစ်ရန်နှင့် ပျိုးပင်ရွှေ့ပြောင်း စိုက်ပျိုးရာတွင် ရေမရှိရန်လိုအပ်သည်။ စိုက်ပျိုးရာတွင် -

- တန်းကြားပင်ကြား (၁၀x၁၀)လက်မအနည်းဆုံးထားသင့်သည်။
- သင့်တော်သောနည်းကို အသုံးပြု၍ အမှတ်အသားပြုလုပ်သည်။
- (၁၂)တန်း (၁)တန်းလှပ်လမ်းများ ချန်ပေးရန် လိုအပ်သည်။ ယင်းလမ်းများသည် လယ်ကွင်းအတွက် လေဝင်လေထွက်ကောင်းမွန်စေသည်။ ရလဒ်အဖြစ် ပိုးမွှားရောဂါကျရောက်မှုနှုန်းကို လျော့ကျစေသည်။

### ရွှေ့ပြောင်းစိုက်ပျိုးခြင်း

- ပျိုးသက်(၈-၁၂)ရက်ကြား အပင်ကိုရွှေ့ပြောင်းစိုက်ပျိုးရန် ဖြစ်သည်။ ပျိုးပင်များကို လွယ်ကူစွာရွှေ့ပြောင်းနိုင်သည်**(ပုံ-၁၀)**။
- ယင်းအပြင် အချိန်တိုအတွင်း ပျိုးချနိုင်မည်လည်းဖြစ်သည်။
- ပျိုးပင်ငယ်အား ထိခိုက်မှုမရှိစေရေး ဂရုပြုရန်လိုအပ်သည်။
- ပျိုးပင်ကို လက်မနှင့် လက်ညှိုးကြားထားပြီး မြေကြီးနှင့်အတူ ယူပါ**(ပုံ-၁၁)**။ ပြီးနောက်မြေပြင်အထက်(၁)လက်မအကွာမှ လက်ညှိုးကို အသုံးပြုပြီး အောက်ဖက်ကို ညင်သာစွာဆွဲပြီး စိုက်ပျိုးရန်ဖြစ်သည်။

### ပေါင်းနှိမ်နင်းခြင်း

- SRI နည်းတွင်ရေအမြဲမရှိသည့်အတွက် ပေါင်းများ ပိုမိုပေါက်သည်။
- ပေါင်းများကို လက်နှင့်နှုတ်ပြီး လယ်ကွက်၏ အပြင်ဘက်သို့ ပစ်မည့်အစား ပေါင်းတွန်းကိရိယာကိုအသုံးပြုပြီး မြေဆီလွှာအတွင်း ထည့်သွင်းလျှင် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်။
- ပေါင်းတွန်းကိရိယာကို ပြောင်းရွှေ့စိုက်ပြီး(၁၀)ရက်နှင့် (၂၀)ရက်မြောက်သောရက်များတွင် အသုံးပြုရန်ဖြစ်သည် **(ပုံ-၁၂)**။ လိုအပ်လျှင် (၃၀)ရက်နှင့် (၄၀)ရက်များတွင် ဆက်လက်အသုံးပြုရန်ဖြစ်သည်။

### ရေအသုံးချမှု

- မြေပြင်တွင်ရေအမြဲလွှမ်းနေခဲ့လျှင် အမြစ်များသည် အောက်ဆီဂျင်ချို့တဲ့မှုကြောင့် သေကျေမှုဖြစ်ပွားသည်။
- SRI နည်းတွင်ရေကိုအမြဲ ဖုံးလွှမ်းမနေရေး စီစဉ်ပေးရန်လိုအပ်သည်။
- ရေသွင်းရေထုတ်တစ်လှည့်စီပြုလုပ်ပေးရသည်။
- ရေထုတ်အပြီး မြေဆီလွှာ၏ အပေါ်ယံကြောအက်ကွဲသည့်အချိန်တွင် ရေကို ပြန်လည်သွင်းပေးရမည်။
- ပေါင်းတွန်းကိရိယာမသုံးမီ (၁)ရက်အလိုတွင် လယ်ကွင်းအား ရေသွင်းပေးရန် လိုအပ်သည်။
- မှို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြား ရေကို(၁)လက်မခန့်သာ သွင်းထားရန် လိုအပ်သည်။
- စပါးစေ့များ၏ (၇၀)ရာခိုင်နှုန်းခန့်မာလာသည့်အချိန်တွင် ရေထုတ်ပေးရန်ဖြစ်သည်။

### ပိုးမွှားရောဂါ ထိန်းသိမ်းမှု

- SRI နည်းတွင် အော်ဂဲနစ်မြေဩဇာကို အသုံးပြုရသည့်ရလဒ်အဖြစ် အပင်များ ကျန်းမာကြံ့ခိုင်ပြီး ပိုးမွှားရောဂါကျရောက်မှုနှုန်း လျော့စေသည်။
- ပိုးမွှားများကို Amrit jalam နည်းဖြင့် နှိမ်နင်းနိုင်သည်။

(က) နွားကျင်ငယ်ရေ (၁) လီတာ၊ (ခ) နွားချေး(၁)ကီလိုဂရမ် (သို့) (၆၀) ကျပ်သားခန့်၊ (ဂ) ထန်းလျက်(၂၅၀)ဂရမ် (သို့) (၁၅-၂၅) ကျပ်သား ၊ (ဃ) ရေ(၁၀) လီတာ

**ပြင်ဆင်အသုံးပြုပုံ**

အထက်ပါပစ္စည်းများကို ပလတ်စတစ်ပုံး(သို့) မြေအိုးတစ်လုံးတွင် ထည့်သွင်းရောစပ်ပြီး (၂၄)နာရီ အချဉ်ဖောက်ပါ။ ရရှိသော ဖျော်ရည်နှင့်ရေကို (၁:၁၀) အတိုင်းရောစပ်ပြီး ဆေးဖျန်းပုံးအတွင်း အဝတ်သန့်သန့်တစ်ခုဖြင့် စစ်ထည့်ကာ အသုံးပြုရန်ဖြစ်သည်။ ဖျော်ရည်ကို ရက်ပေါင်း(၃၀)ထိထားရှိနိုင်သည်။ နေ့စဉ်မွှေရန် လိုအပ်ပါသည်။

### SRI နည်း၏ အကျိုးကျေးဇူးများ

၁။ အသုံးပြုနေသော မျိုးစေ့လိုအပ်ချက် (တစ်ဧကနို့ဆီဘူး ၁၀ လုံးခန့်) နည်းသဖြင့် မျိုးဖိုးကုန်ကျစရိတ် သက်သာသည်။

၂။ စိုက်ခင်းအား အခြောက်ခံစနစ်ကို ကျင့်သုံးသည့်အတွက် ရေအသုံးပြုမှု လျော့နည်းသည်။

၃။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကို အသုံးမပြုသည့်အတွက် ယင်းတို့၏ အသုံးစရိတ်လျှော့ချနိုင်သည်။

၄။ မြေလွှာကို အလှည့်ကျအခြောက်ခံပေးသည့်အတွက် ပိုးမွှားနှင့်ရောဂါကျရောက်မှုကို လျှော့ချနိုင်သည်။

၅။ အော်ဂဲနစ်စိုက်ပျိုးရေး၏ရလဒ်အဖြစ် အရသာရှိ၍ကျန်းမာရေးကို အထောက်အကူဖြစ်သော ဆန်ကို ထုတ်လုပ်ရရှိသည်။

၆။ ပင်ပွားထွက်ရှိမှု အလွန်များပြားခြင်း၊ အနှံအခက်များပိုမိုရှည်လျားခြင်းနှင့် အစေ့အလေးချိန်တိုးသည့်အတွက် အထွက်များပြားစွာ ရရှိနိုင်သည်။

၇။ မူလမျိုးစေ့အနည်းငယ်မှ မျိုးစေ့အရေအတွက် များပြားစွာ ရရှိနိုင်သည်။

၈။ ကိုယ်ပိုင်မျိုးစေ့များကိုထုတ်ယူနိုင်သည်။

၉။ စပါးမျိုးတူလျှင် မိရိုးဖလာစိုက်ပျိုးနည်းထက် အပင်သက်တမ်း (၁၀)ရက်ခန့် လျော့နည်းသည်။


၁၀။ ဇီဝဖြစ်စဉ် များပြားစွာဖြစ်ပေါ်သည့်အတွက် မြေဆီဩဇာ တိုးတက်ဖြစ်ထွန်းသည်။

၁၁။ စပါးစေ့အရွယ်အစားတူလျှင် အလေးချိန်ပိုမိုသည်။ စပါးခွံ၊ ဖွဲကြမ်းပါဝင်မှုရာခိုင်နှုန်းနည်းပြီး စပါးအကျိုးအကြေ လျော့နည်းသည်။


























# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

(ည) မော်တော်ယာဉ်မောင်း သင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

( ဋ ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပညာပေး လှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဌ ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

( ဍ ) အများပြည်သူဆိုင်ရာလမ်းများတွင် ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအန္တရာယ်ကင်းရှင်းရေးစိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) များ ဆောင်ရွက်ခြင်း၊

( ဎ ) အများပြည်သူဆိုင်ရာနေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့် ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဏ) ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(တ) ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ထ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဒ ) အများပြည်သူသုံးလမ်းပေါ်တွင် သွားလာနေသည့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်း သတ်မှတ်ခြင်း၊

( ဓ ) မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလ သတ်မှတ်ခြင်းနှင့် မော်တော်ယာဉ်သက်တမ်းတိုး မှတ်ပုံတင်ပေးခြင်း၊

( န ) မော်တော်ယာဉ်မတော်တဆမှုများဖြစ်ပေါ်ရသည့် အကြောင်းရင်းများကို စုံစမ်းစစ်ဆေးခြင်းနှင့် အလားတူ မတော်တဆမှုများ ဖြစ်ပေါ်ခြင်းမရှိနိုင်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အကြံပြုခြင်း။

**အခန်း(၆)**

**မော်တော်ယာဉ်မှတ်ပုံတင်ခြင်း**

၁၅။ ဦးစီးဌာနသည် –

(က) ဦးစီးဌာနရှိ အရာရှိများထဲမှ သင့်လျော်သော အရာရှိများကို ဦးစီးဌာန မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရှိ အရာရှိများထဲမှ သင့်လျော်သော အရာရှိများကို ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၆။ ဦးစီးဌာနသည်–

(က) မော်တော်ယာဉ် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာန မှတ်ပုံတင်အရာရှိများကို တာဝန်ပေးအပ်ရမည်။ သို့ရာတွင် လိုအပ်ပါက သင့်လျော်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများကိုလည်း တာဝန်ပေးအပ်နိုင်သည်။

( ခ ) ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်း ခေတ္တဝင်ရောက်ခြင်းနှင့် ခေတ္တဖြတ်သန်းသွားလာခြင်းအတွက် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

( ဂ ) ပြန်လည်တင်ပို့ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများမှ ယာယီတင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ကာလအတွင်း အသုံးပြုနိုင်ရေးအတွက် ယာယီမှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုး မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

၁၇။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

၁၈။ မော်တော်ယာဉ်ပိုင်ရှင်သည်–

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

( ခ ) အောက်ပါ အခြေအနေတစ်ရပ်ရပ်နှင့် ငြိစွန်းသော မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့် မရှိစေရ–

(၁) စက်ချို့ယွင်းပျက်စီးနေခြင်း၊

(၂) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် မညီညွတ်ခြင်း၊

(၃) နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း၊

(၄) မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးကြောင်းဖော်ပြရန် ပျက်ကွက်ခြင်း။

၁၉။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

( ခ ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မော်တော်ယာဉ်ကို အချိန်ကာလနှင့် နေရာအပိုင်းအခြား သတ်မှတ်၍ ယာယီမှတ်ပုံတင်ပေးနိုင်သည်။

၂၀။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ရန် လျှောက်ထားချက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိသည် သက်တမ်းတိုးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရန် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး–

(က) ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

( ဂ ) အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုရန် သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနသို့ တင်ပြရမည်–

(၁) အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချို့ယွင်းချက်တစ်ခုခုကို မော်တော်ယာဉ်တွင် စစ်ဆေးတွေ့ရှိခြင်း၊

(၂) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းဖြစ်သည့် ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ ဘောင်၊ ဝင်ရိုးနှင့် မောင်းနှင်တံ အထိုင်စနစ်တို့ကို ပြောင်းလဲပြင်ဆင်ခြင်း။

(၃) အခါအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရေး ထပ်မံစိစစ်ရန် ကိစ္စရပ်များ စစ်ဆေးတွေ့ရှိခြင်း။

၂၂။ ဦးစီးဌာနမှတ်ပုံတင် အရာရှိသည်–

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကိုစိစစ်ပြီး သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကိုစိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၂၃။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၂၄။ မော်တော်ယာဉ်ပိုင်ရှင်သည် စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၅။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူအပါအဝင် တစ်နည်းနည်းဖြင့် မော်တော်ယာဉ်ကို တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူသည်လည်းကောင်း၊ ထိုသူတစ်ဦးဦးမှာ အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူသည်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၆။ မော်တော်ယာဉ် မှတ်ပုံတင်ထားသူသည် နေရပ်လိပ်စာ ပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

၂၇။ (က) ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ပါ ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်းပြုနိုင်သည်။

( ခ ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယာဉ်စစ်ဆေးရန် လိုအပ်သော ကိစ္စရပ်များအတွက် လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာမှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် မော်တော်ယာဉ်တွင်ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့်အချက်အလက်များ ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်းပြုနိုင်သည်။

၂၈။ မော်တော်ယာဉ် မှတ်ပုံတင်ထားသူသည် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုး မှတ်ပုံတင်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ကာလအတွင်း လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးမှ လျှောက်ထားပါက ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၉။ မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည်–

(က) မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများဆောင်ရွက်လိုပါက သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

( ခ ) မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များမှအပ မော်တော်ယာဉ်ကို ပြောင်းလဲပြင်ဆင်ခြင်းများပြုလုပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၃၀။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လာပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းနိုင်သည်–

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်မှတ်ပုံတင်ထားသူကို ဆင့်ခေါ်ရာတွင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း။

( ခ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း၊

( ဂ ) တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၃၁။ (က) ဦးစီးဌာနမှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားလျှင် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်–

(၁) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍ မရနိုင်သည်အထိ ပျက်စီးခြင်း၊

(၂) မော်တော်ယာဉ်ကို မြန်မာနိုင်ငံပြင်ပသို့ အပြီးအပိုင်ယူဆောင်သွားခြင်း၊

(၃) မော်တော်ယာဉ် မှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီးနောက် ပုဒ်မ ၂၈ အရ သက်တမ်းတိုး မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း၊

(၄) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မော်တော်ယာဉ်မှတ်ပုံတင်ထားသူက အထောက်အထား ခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

# စက်မှုဇုန်ဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

၂၂။ စီမံခန့်ခွဲရေးကော်မတီ ရုံးအဖွဲ့၏ အုပ်ချုပ်ရေးမှုနှင့် ဝန်ထမ်းများအတွက် လစာနှင့်စရိတ်များကို ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

**အခန်း(၉)**

**ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၃။ ရင်းနှီးတည်ဆောက်သူသည် –

(က) ရင်းနှီးတည်ဆောက်မှုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ရင်းနှီးတည်ထောင်မည့် အဆိုပြုချက်ကို ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူရမည်။

( ခ ) ဒေသဆိုင်ရာကော်မတီနှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ခွင့်ပြုထားသည့် သတ်မှတ်ချက်များနှင့်အညီ စက်မှုဇုန်လုပ်ငန်း အကောင်အထည်ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား ထပ်ဆင့်မြေအငှားချထားခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

( ဂ ) စက်မှုဇုန်မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်နိုင်သည်။

(ဃ) သက်ဆိုင်ရာစက်မှုဇုန်အတွင်း တည်ဆောက်ရေးစီမံကိန်းတစ်ခုစီအတွက် အဆိုပြုကာလအတွင်း လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်ရမည်။ ယင်းအဆိုပြုကာလအတွင်း တည်ဆောက်မှုလုပ်ငန်းပြီးစီးခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို ဒေသဆိုင်ရာကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ခိုင်လုံသောအကြောင်းပြချက်မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

( င ) စက်မှုဇုန်အတွင်းရှိ အခြေခံအဆောက်အအုံများကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများအား လုပ်ငန်းအပ်နှံ၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

( စ ) အခြေခံအဆောက်အအုံတစ်ခုနှင့် ဆက်စပ်ဝန်ဆောင်မှုအား စက်မှုဇုန်အတွင်းတွင်သာမက ပြင်ပသို့ပါ ဝန်ဆောင်မှုပေးမည်ဆိုပါက ယင်းပြင်ပဝန်ဆောင်မှု လုပ်ငန်းများအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၏ ခွင့်ပြုချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များအတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( ဇ ) မြေအသုံးချခွင့်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်တို့အတွက် ပေးရန်ရှိသည့် အဖိုးအခကို ဒေသဆိုင်ရာကော်မတီနှင့် သဘောတူချုပ်ဆိုထားသော လုပ်ငန်းသဘောတူစာချုပ်အရ တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ဒေသဆိုင်ရာကော်မတီသို့ ပေးသွင်းရမည်။

( ဈ ) စက်မှုဇုန်အတွင်း အကောက်ခွန်ကြီးကြပ်မှု ကုန်လှောင်ရုံစနစ် (Bonded Warehouse System) ဆောင်ရွက်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၁၀)**

**ရင်းနှီးမြှုပ်နှံသူ၏ တာဝန်များ**

၂၄။ ရင်းနှီးမြှုပ်နှံသူသည် စက်မှုဇုန်အတွင်း အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည် –

(က) ကုန်ချောပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆက်စပ်ကုန်ပစ္စည်း အဆင့်ဆင့် ထုတ်လုပ်ခြင်းလုပ်ငန်း၊ ထုပ်ပိုးပစ္စည်း ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊

( ခ ) ကုန်ကြမ်း၊ ကုန်ချောသယ်ယူပို့ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လမ်းထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊

( ဂ ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့် ပစ္စည်းများအား သတ်မှတ်ချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပသို့ ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ။

၂၅။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာ ကော်မတီသို့ လျှောက်ထားရမည်။

၂၆။ သက်ဆိုင်ရာ စက်မှုဇုန်အတွင်း တည်ဆောက်ရေးစီမံကိန်းတစ်ခုစီအတွက် အဆိုပြုကာလအတွင်း လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်ရမည်။ ယင်းအဆိုပြုကာလအတွင်း တည်ဆောက်မှုလုပ်ငန်းပြီးစီးခြင်း မရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို စီမံခန့်ခွဲရေးကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဒေသဆိုင်ရာကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ခိုင်လုံသောအကြောင်းပြချက်မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

၂၇။ ရင်းနှီးမြှုပ်နှံသူသည် –

(က) သက်ဆိုင်ရာဌာနများတွင် တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်ရမည်။

( ခ ) လုပ်ငန်းဆောင်ရွက်ခြင်းအား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

( ဂ ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို စီမံခန့်ခွဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

(ဃ) စက်မှုဇုန်အတွင်းရှိ ပျက်စီးယိုယွင်း၍ အများပြည်သူအား ဘေးအန္တရာယ်ဖြစ်စေသော ကုန်ကြမ်းပစ္စည်းများနှင့် စံချိန်စံညွှန်းမမီသော ထုတ်ကုန်ပစ္စည်းများကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( င ) ဝန်ထမ်းများခန့်ထားခြင်း၊ လစာနှင့် အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များ အပါအဝင် အလုပ်သမားများ၏ အကျိုးခံစားခွင့်များ ရရှိရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၈။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ စံချိန်စံညွှန်းများကို လိုက်နာရမည့်အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၉။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏လုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုလုပ်လိုပါက သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ကြိုတင်အကြောင်းကြား၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစုရှယ်ယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းသည့်အခါ သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီအား အကြောင်းကြားပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်း၊ ပြည်ပဝန်ထမ်းများ ခန့်ထားမှုအခြေအနေ အရပ်ရပ်အား စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

**အခန်း(၁၁)**

**မြေအသုံးပြုခြင်း**

၃၂။ ဒေသဆိုင်ရာကော်မတီသည် စက်မှုမြေအား စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ထားသည့် မြေငှားရမ်းခများကို ပေးသွင်းစေပြီး နှစ် ၅၀ အထိခွင့်ပြုနိုင်သည်။ ယင်းသက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုလျှင် တစ်ဆက်တည်း ၁၀ နှစ်သက်တမ်း နှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

၃၃။ စက်မှုဇုန် သတ်မှတ်ကြေညာခြင်းမပြုမီ စက်မှုဇုန်တည်ထောင်ရန် လျာထားသော မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အဦများ၊ လယ်ယာ ဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များ၊ စိုက်ခင်းများ စသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းပေးရန်ရှိပါက ၎င်းတို့ကို ပြောင်းရွှေ့နေရာချထားခြင်း၊ နစ်နာကြေးပေးခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်။

၃၄။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည်–

(က) အသုံးပြုခွင့်ရရှိသောမြေကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

( ခ ) စက်မှုဇုန်၊ တည်ထောင်ပြီးစက်မှုဇုန်အတွင်း မြေကွက်များအားရယူထားပြီး လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော မြေကွက်များကို စက်မှုဇုန်အဖြစ်သတ်မှတ်ကြေညာသည့်နေ့မှ ခြောက်လအတွင်းလုပ်ငန်းစီမံချက်နှင့် ပြီးစီးမည့်ကာလကိုတင်ပြ၍ ဒေသဆိုင်ရာကော်မတီ၏ အတည်ပြုချက် ရယူရမည်။ အတည်ပြုပြီးဖြစ်သည့် စီမံကိန်းသတ်မှတ်ကာလအတိုင်း ပြီးစီးအောင် လုပ်ကိုင်ခြင်းမရှိပါက သက်ဆိုင်ရာဒေသဆိုင်ရာကော်မတီက သတ်မှတ်သော မြေကာလတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် သက်ဆိုင်သည့် ဒေသဆိုင်ရာကော်မတီသို့ နှစ်စဉ်ပေးဆောင်ရမည်။ ဒဏ်ကြေးပေးဆောင်နိုင်ခြင်းမရှိပါက အဆိုပါမြေ အသုံးပြုခွင့်ပါမစ် သို့မဟုတ် ဂရန်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

( ဂ ) အသုံးပြုခွင့်ရရှိသော မြေ၏သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားကို သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ သိသာထင်ရှားစွာ ပြုပြင်ပြောင်းလဲခြင်းမပြုရ။

(ဃ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းများသို့ မြေငှားရမ်းခြင်း၊ မြေအသုံးပြုခွင့်နှင့် အဆောက်အအုံများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းပြုလုပ်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာကော်မတီသို့ တင်ပြပြီး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၅။ အသုံးပြုခွင့်ရရှိသော မြေ၏ မြေပေါ်၊ မြေအောက်၌ ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရတနာသိုက်ကို ဖြစ်စေတွေ့ရှိလျှင် စီမံခန့်ခွဲရေးကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။ စီမံခန့်ခွဲရေးကော်မတီမှ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုချက်ရလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုချက်မရလျှင် ဒေသဆိုင်ရာကော်မတီက အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

၃၆။ မြေငှားရမ်းခများနှင့် မြေအသုံးပြုခများအား ဒေသတွင်းနိုင်ငံများရှိ စက်မှုဇုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နှုန်းထားများကို ဒေသဆိုင်ရာကော်မတီမှ ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

**အခန်း(၁၂)**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း**

၃၇။ စက်မှုဇုန် တည်ထောင်ရာတွင်လည်းကောင်း၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၈။ ရင်းနှီးတည်ဆောက်သူက အသစ်တည်ထောင်မည့် စက်မှုဇုန်တွင် စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ခြင်းအတွက် စုပေါင်းအသုံးပြုနိုင်ရန် လိုအပ်သည့် နည်းစနစ်နှင့် တည်ဆောက်မှုများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရမည်။

၃၉။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးစီမံခန့်ခွဲခြင်း (Pollution Control Management)၊ စွမ်းအင်စီမံခန့်ခွဲခြင်း (Energy Management) များအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ တည်ထောင်ပြီး စက်မှုဇုန်များတွင် ဒေသဆိုင်ရာကော်မတီက ကြီးကြပ်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို နှစ်အလိုက် စီမံကိန်းများချမှတ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည်။

၄၁။ ရင်းနှီးမြှုပ်နှံသူများသည် စက်မှုဇုန်အတွင်းစုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်းထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုအတွက် ကုန်ကျစရိတ်များကို စွန့်ပစ်ပစ္စည်းထွက်ရှိမှုပမာဏအလိုက် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့် သင့်လျော်သောနှုန်းထားဖြင့် ကျခံရမည်။

၄၂။ စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်းထိန်းသိမ်း၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုနည်းစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသည့် တည်ထောင်ပြီး စက်မှုဇုန်များရှိ ရင်းနှီးမြှုပ်နှံသူများသည် မိမိအစီအစဉ်ဖြင့် စွန့်ပစ်ပစ္စည်းထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုစနစ်ကို သတ်မှတ်ကာလအတွင်း တည်ဆောက်တပ်ဆင်အသုံးပြုရမည်။

**အခန်း(၁၃)**

**ပေးချေငွေများအပေါ် ဝင်ငွေခွန်ကောက်ခံခြင်း**

၄၃။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း တည်ထောင်ထားခြင်းမရှိသော်လည်း ကိုယ်ပိုင်ပစ္စည်းနှင့် အသိဉာဏ်ဆိုင်ရာပစ္စည်း လုပ်ငန်းတစ်ခုခုအရ စက်မှုဇုန်နှင့် ဆက်စပ်၍ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသော ပြည်ပနေ နိုင်ငံခြားသားအား ရင်းနှီးမြှုပ်နှံသူကငွေပေးချေသည့်ကိစ္စနှင့်ပတ်သက်၍ ဝင်ငွေခွန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်သည့် နှုန်းထားအတိုင်း ကျသင့်သော ဝင်ငွေခွန်ကို ငွေထုတ်ပေးချိန်တိုင်းတွင် နုတ်ယူပေးသွင်းရမည်။

၄၄။ စက်မှုဇုန်ရှိလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သည့် ပြည်တွင်း၊ ပြည်ပမှ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ ဝင်ငွေခွန်ကျသင့်သည့်လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျသင့်ဝင်ငွေခွန်ကို သက်ဆိုင်ရာရင်းနှီးမြှုပ်နှံသူက ကောက်ခံပေးသွင်းရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# လှိုင်လှိုင်ပေါ်နေသောပဲတီစိမ်း မုံရွာဈေးကွက်၌ အရောင်းအဝယ်သွက်



**မုံရွာ မေ ၂၈**

ပဲတီစိမ်းလှိုင်လှိုင်ပေါ်ချိန်ဖြစ်သဖြင့် မုံရွာမြို့ ကုန်သည်ပွဲစားစက်ပိုင်များထံသို့ နေ့စဉ် ပဲတီစိမ်းအိတ် ၃၀၀၀ ခန့်ဝင်ရောက်နေပြီး တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ နေ့စဉ် ပဲတီစိမ်းအိတ် ၂၀၀၀ နှင့် ၃၀၀၀ ကြား ပြန်ရောင်းချနေရကြောင်း မုံရွာကုန်စည်ဒိုင် အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးထံမှ သိရသည်။

"ပဲတီစိမ်းက မုံရွာကုန်စည်ဒိုင်ကို တစ်ရက်အိတ် ၃၀၀၀ လောက် ဝင်တယ်၊ ဈေးကပုံမှန်ပဲ၊ ဈေးက ၃၆၀၀၀ နဲ့ ၃၇၀၀၀ ကြားမှာပဲလည်နေတယ်၊ တရုတ်က နည်းနည်းဝယ်တယ်၊ အိန္ဒိယက နည်းနည်းပါးပါးဝယ်တယ်၊ မုံရွာကုန်သည်တွေကတော့ ရောင်းနိုင်ပါတယ်၊ မုံရွာမှာရှိတဲ့ ကိုယ်စားလှယ်ကနေဝယ်ပြီး တရုတ်နဲ့ အိန္ဒိယကဝယ်လက်တွေဆီပို့ပါတယ်၊ တရုတ်ပို့ရမယ်ဆို မန္တလေးက ပို့ပြီး အိန္ဒိယဆိုရင် ရန်ကုန်ကနေသွားပါတယ်၊ မုံရွာကနေဆိုရင် နေ့စဉ် အိတ် ၂၀၀၀ နဲ့ ၃၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေပါတယ်၊ မုံရွာဒေသအနေနဲ့ စံချိန်ပြည့်မီအောင်မရောင်းနိုင်ပေမယ့် ရွှေဘို၊ ပခုက္ကူ၊ ရောဝတီတိုင်းဒေသကြီး စတာတွေကထွက်တဲ့ ပဲတီစိမ်းတွေပါ ချိတ်ဆက်လုပ်ရင် အမှာရှိသလောက် ရောင်းပေးနိုင်ပါတယ်" ဟု ဦးဇော်မိုးက ပြောသည်။

မြေပဲဆန်အနီ၊ အဖြူ၊ ပဲတီစိမ်း၊ ရေသွင်းနှမ်းများ မုံရွာဈေးကွက်အတွင်း ဝင်ရောက်နေပြီး လက်ရှိပဲတီစိမ်းဈေးသည် တစ်အိတ်လျှင် ကျပ် ၃၆၀၀၀ နှင့် ၃၇၀၀၀ ကြား၊ မြေပဲဆန်တစ်ပိဿာ ကျပ် ၃၀၀၀ နှင့် ၃၂၀၀ ကြား နေ့စဉ် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပဲစင်းငုံတို့ ကုလားပဲတို့ကတော့ အရောင်းအဝယ်ဖြစ်တော့ဖြစ်တယ်၊ လက်ရှိပေါ်တာမဟုတ်ဘူး၊ ပေါ်တာကြာပြီဆိုတော့ အခုမှ ဈေးကြိုက်လို့ ဝင်ရောင်းတာရှိမယ်၊ လိုအပ်လို့ရောင်းတာရှိတယ်၊ အများဆုံးက ပဲတီစိမ်းက အသစ်ပေါ်နေတော့ နေ့စဉ်အိတ်ထောင်နဲ့ချီ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု မုံရွာမြို့မှ ပဲကုန်သည် ဦးတင်ကိုက ပြောသည်။

တရုတ်နိုင်ငံက ဝယ်လိုအားမြင့်တက်လာသဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက ကျဆင်းနေသော ပဲတီစိမ်းဈေးသည် မေ ၂၀ ရက်တွင် ပြန်လည်မြင့်တက်သွားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# SIM Card များ စနစ်တကျပြန်လည် မှတ်ပုံတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များစနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့် နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/ မမှန်စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့် လည်းကောင်း၊ အရောင်းဆိုင်များတွင် လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန် (၂၃-၂-၂၀၂၀) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ Website များနှင့် လူမှုကွန်ရက်မီဒီယာများတွင် လည်းကောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ Passport (နိုင်ငံခြားသားများအတွက်) တစ်ခုခုဖြင့် (၂) ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းခံရသည့် SIM Card များအား အပိုဒ် (၁) တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် (၃၀-၆-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ကြပါရန်နှင့် မှတ်ပုံတင်ခြင်းမပြုလုပ်ပါက (၃၀-၆-၂၀၂၀) ရက်နေ့ နောက်ပိုင်း အပြီးသတ် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် မိမိတို့၏ SIM Card များကို သတ်မှတ်ရက်အတွင်း မှန်ကန်စွာ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# မင်းဘူး (စကု) မြို့နယ်ရှိ ကျေးရွာပေါင်း ၂၂ ရွာတွင် မျိုးစေ့များဖြန့်ဝေ

**မင်းဘူး မေ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်တွင် အိမ်ခြံဝင်းဥယျာဉ် ဆောင်ရွက်နိုင်ရန် မင်းဘူး (စကု) မြို့နယ်အတွင်းရှိကျေးရွာ ၂၂ ရွာမှ အိမ်ထောင်စု ၁၀၀၀ အား ဟင်းသီးဟင်းရွက် မျိုးစေ့ငါးမျိုး၊ ပျိုးပင်လေးမျိုးနှင့် ပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ပွဲကို မင်းဘူး(စကု) မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် မေ ၂၆ ရက်က ကျင်းပသည်။

"မင်းဘူး(စကု) မြို့နယ်အတွင်းမှာ ကျေးရွာအုပ်စု ၇၄ စု၊ ကျေးရွာပေါင်း ၁၅၀ ရှိပါတယ်၊ ဒီနေ့က ကျေးရွာပေါင်း ၂၂ ရွာက အိမ်ထောင်စုပေါင်း ၁၀၀၀ အတွက် မျိုးစေ့ငါးမျိုးကို အိမ်ခြံဝင်းဥယျာဉ် အစီအစဉ်နဲ့ မိမိတို့နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးစေမှာဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘူး၊ ချဉ်ပေါင်၊ ရုံးပတီ၊ ဖူးစားပြောင်းနှင့် ကန်စွန်း ဟင်းသီးဟင်းရွက်မျိုးစေ့ငါးမျိုး၊ ဒန့်သလွန်၊ ကြက်ဟင်းခါး၊ ဘူးနှင့် သခွားပျိုးပင်လေးမျိုးတို့ကို အခမဲ့ဖြန့်ဝေခဲ့ပြီး သီးနှံမျိုးစေ့များ ထပ်မံရရှိပါက ကျေးရွာများရှိ အိမ်ထောင်စုများအား ထပ်မံဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိမိတို့နေအိမ်ဝင်းအတွင်း မြေလွတ်နေရာများတွင် မီးဖိုချောင်သီးနှံများ စိုက်ပျိုးထားခြင်းဖြင့် မိသားစုများ ငွေကုန်သက်သာစေရန်၊ အာဟာရပြည့်ဝပြီး အန္တရာယ်ကင်းသည့်ဟင်းသီးဟင်းရွက်များ ရရှိလာစေရန်၊ စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# သင်ဖြူးဖျာဈေးကွက် အရောင်းအဝယ် ပြန်လည်သက်ဝင်လှုပ်ရှားလာ

**မန္တလေး မေ ၂၈**

ကိုဗစ်- ၁၉ ရောဂါ အခြေအနေကြောင့် နှစ်လကျော်ကြာ ဈေးကွက်အေးစက်နေသည့် သင်ဖြူးဖျာဈေးကွက်မှာ ယခုရက်ပိုင်းအတွင်း ဒေသန္တရတားမြစ်မိန့်များ ဖြေလျှော့ပေးမှုကြောင့် အရောင်းအဝယ်များပြန်လည်သက်ဝင်လှုပ်ရှားလာကြောင်း မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် လက်ဆောင်ယူကျေးရွာမှ သင်ဖြူးဖျာရက်လုပ်သူများက ပြောသည်။

အဆိုပါကျေးရွာတွင် သင်ဖြူးဖျာရက်လုပ်သည့်လုပ်ငန်းကို မိရိုးဖလာလက်မှုလုပ်ငန်းအဖြစ် တစ်ရွာလုံးနီးပါး လုပ်ကိုင်ကာ စီးပွားရေးအဆင်ပြေလျက်ရှိပြီး ယခုနှစ်တွင် သင်ဖြူးဖျာအကောင်းဆုံးအချိန်ဖြစ်သည့် နွေရာသီကာလ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဒေသန္တရအမိန့်များထုတ်ပြန်ကာ လမ်းပန်းဆက်သွယ်ရေး ကန့်သတ်မှုများကြောင့် သယ်ယူပို့ဆောင်မှုအခက်အခဲများ ဖြစ်ပါသဖြင့် အရောင်းအဝယ်များ နှစ်လကျော်ကြာ အေးစက်ငြိမ်သက်လျက်ရှိကြောင်း အဆိုပါရွာမှ သင်ဖြူးဖျာလုပ်ငန်းလုပ်ကိုင်သူ ကိုနောင်နောင်က ပြောသည်။

''သင်ပင်ကိုလွှာပြီး ရက်လုပ်ထားတဲ့ သင်ဖြူးဖျာက ကျန်းမာရေးနဲ့ ညီညွတ်ပြီး အေးမြတဲ့ခံစားမှုရှိလို့ နွေရာသီကာလမှာ သင်ဖြူးဖျာနဲ့ အိပ်စက်နေထိုင်ခြင်းက အကောင်းဆုံးပါပဲ။ ဒါကြောင့် နွေကာလမှာ ပိုပြီးရောင်းအားကောင်းပါတယ်။ ဒီနှစ်နွေမှာတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့အတွက် တင်ပို့ရောင်းချလို့လည်းမရ၊ ကျွန်တော်တို့ရွာတွေဆီကိုလည်း လာပြီး ဝယ်လို့မရတဲ့အခြေအနေနဲ့ ကြုံတွေ့နေရတော့ အရောင်းအဝယ်တွေက မတ်လလောက်ကနေ အခုမေလလယ်လောက်အထိ ရပ်တန့်သလိုဖြစ်သွားတယ်။ အခုမေလတတိယအပတ်ကစပြီး ခရီးသွားလာမှုတွေဖြေလျှော့ပေးတဲ့အတွက် မန္တလေးဈေးကွက်ကိုစပြီးတင်ပို့လို့ရသွားလို့အရောင်းအဝယ်တွေပြန်ပြီး အသက်ဝင်လာတယ်လို့ပြောရမှာပဲ။ အရောင်းအဝယ်အေးနေတဲ့ကာလမှာတော့ လက်ခစားလုပ်တဲ့သူတွေ ပုံမှန်ဝင်ငွေလေးရအောင် သင်ဖြူးဖျာတွေ ဆက်တိုက်ရက်လုပ်ပြီး စုဆောင်းထားပါတယ်'' ဟု ၎င်းက ဆက်လက်ပြောပြသည်။

သင်ဖြူးဖျာရက်လုပ်သည့်လုပ်ငန်းနှင့် ပတ်သက်၍ လက်ဆောင်ယူကျေးရွာမှ ဒေါ်တုတ်တုတ်က ''သင်ဖြူးဖျာရက်တဲ့အခါမှာ သင်ပင်ကို တစ်ရက်ရေစိမ်ပြီး လွှာရပါတယ်။ လွှာပြီးသားသင်တွေကို ရေခြောက်အောင်လှန်းပြီးမှ ဖျာရက်ရတာပါ။ ဖျာရက်တဲ့အချိန်မှာတော့ ရေဆွတ်ပြီးမှ ပြန်ရက်ကြရတာပါ။ အဲဒါမှ သင်ဖြူးဖျာက ကျဲမနေဘဲ ခပ်စိပ်စိပ်လေးဖြစ်နေမှာပါ။ ရေမဆွတ်ရင် သင်တွေက ကျဲနေမှာပေါ့။ တစ်ရက်ကို ဖျာနှစ်ချပ်လောက် ရက်နိုင်ပါတယ်။ တချို့လည်း ကျွမ်းကျင်မှုပေါ်မူတည်ပြီး သုံး၊ လေးချပ်ပြီးပါတယ်။ လက်ခအနေနဲ့ ကျပ် ၂၀၀၀ ရပါတယ်။ ကိုယ့်အိမ်မှာနေရင်း လုပ်ရတဲ့အတွက် အိမ်မှုကိစ္စလုပ်ရင်း သက်သက်သာသာလုပ်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် အိမ်ခြေ ၃၅၀ လောက်ရှိတဲ့ ကျွန်မတို့ရွာမှာ တစ်ရွာလုံးနီးပါးပဲ။ မိရိုးဖလာလုပ်ငန်းအနေနဲ့ လုပ်ကြပါတယ်'' ဟု ပြောသည်။

အဆိုပါကျေးရွာမှ သင်ဖြူးဖျာများကို လက်ကားဈေးနှုန်းများအဖြစ် ၄ ပေ x ၆ ပေ အရွယ်ရှိ တစ်ယောက်အိပ်တစ်ချပ်လျှင် ကျပ် ၂၀၀၀၀၊ ၆ ပေ x ၅ ပေခွဲ အရွယ်ရှိ နှစ်ယောက်အိပ်တစ်ချပ်လျှင် ကျပ် ၂၅၀၀၀၊ ၆ ပေ x ၆ ပေခွဲ အရွယ်ရှိ မိသားစုဖျာတစ်ချပ်လျှင် ကျပ် ၃၅၀၀၀ နှုန်းဖြင့် မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ တင်ပို့ရောင်းချသည့်အပြင် ကျေးရွာသို့ တိုက်ရိုက်လာရောက်ဝယ်ယူမှုများလည်း ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ထန်းလျှော်ခြင်း ရက်လုပ်ခြင်းဖြင့် တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိ

**ပခုက္ကူ မေ ၂၈**

ပခုက္ကူမြို့နယ်ထန်းတောချောက်ကျေးရွာရှိပြည်သူများအား မြို့နယ်သမဝါယမအသင်းစု၏ ပံ့ပိုးချေးငွေဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းအဖြစ် ထန်းလျှော်ခြင်း အမျိုးမျိုးရက်လုပ်ရာ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ထိုကျေးရွာတွင် လပြည့်ဝန်း စိုက်ထွေသမဝါယမအသင်းသား ၂၀ ရှိပြီး အသင်းသားများကိုယ်တိုင် ပံ့ပိုးချေးငွေကျပ်သိန်း ၈၀ ဖြင့် ကုန်ကြမ်းထန်းလျှော်၊ ပလတ်စတစ်များ လက်ငင်းဝယ်ယူသိုလှောင်ခြင်း၊ ကုန်ချောထန်းလျှော်နှင့် ပလတ်စတစ်ခြင်းများ ရက်လုပ်ပြီး မိမိတို့နှစ်သက်ရာ ဈေးကွက်ရရှိချိန်တွင် ရောင်းချကြကြောင်း သိရသည်။

ထန်းလျှော်ကုန်ကြမ်းများကို ကမ္မမြို့တွင် သွားရောက်ဝယ်ယူရပြီး ထန်းလျှော်အလက် ၁၀၀ ကို ကျပ် ၂၀၀ ပေးရကြောင်း၊ ထန်းလျှော်ခြင်း ကုန်ချောတစ်လုံးကို ကျပ် ၃၅၀၀ ရောင်းရကြောင်း၊ သမဝါယမအသင်းစုမှ ပံ့ပိုးချေးငွေရရှိသောကြောင့် ထန်းလျှော်ကုန်ကြမ်းများ ဝယ်ယူရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ ကုန်ကြမ်းအလက် ၁၀၀ ကို ထန်းလျှော်ခြင်း ကုန်ချောလေးလုံးအထိ ရရှိပြီး လူနှစ်ဦး ရက်လုပ်ရကြောင်း၊ ပလတ်စတစ်ခြင်း ရက်လုပ်ရန် ကုန်ကြမ်းတစ်ပိဿာကို ကျပ် ၄၀၀ ဖြင့်ဝယ်ယူရပြီး ပလတ်စတစ်ခြင်း အမျိုးအစား လေးမျိုး ရက်လုပ်ရကြောင်း၊ ကုန်ချောပစ္စည်းများကို ပလတ်စတစ်ခြင်း အမျိုးအစားပေါ်မူတည်၍ အများဆုံး ကျပ်၃၀၀၀ မှအနည်းဆုံး ကျပ် ၂၀၀၀ ဖြင့် ရောင်းချရကြောင်း ထန်းတောချောက်ကျေးရွာရှိ လပြည့်ဝန်း သမဝါယမအသင်း ဥက္ကဋ္ဌ ဒေါ်စန်းနုဝေက ပြောသည်။

**ဆလိုင်းကိုကီး**

## လက်ရွေးစင်အသင်းအသီးသီး၏ နည်းပြချုပ်သစ်များကို စာချုပ်ချုပ်ဆိုရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မေ ၂၅ ရက်က ပြုလုပ်သည့် နည်းစနစ်ကော်မတီအစည်းအဝေးတွင် ခန့်အပ်ခဲ့သည့် လက်ရွေးစင်အသင်းသုံးသင်း၏ နည်းပြချုပ်သစ်များကို ကိုဗစ်-၁၉ ရောဂါအခြေအနေ တည်ငြိမ်သွားမှသာ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ်အဖြစ် ဗစ်တာဟာမန်စ် (နယ်သာလန်)၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ မြန်မာ ယူ-၁၆ အမျိုးသားအသင်းနည်းပြချုပ်အဖြစ် ဦးချစ်နိုင်တို့ကို ခန့်အပ်ထားပြီး ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ချက်ချင်းစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးခြင်းဖြစ်သည်။ ဗစ်တာဟာမန်စ်မှာလည်း ကိုဗစ်-၁၉ ရောဂါကြောင့် လာရောက်ရန် အဆင်မပြေသေးဘဲ ၎င်းရောက်ရှိလာမှသာ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်း နည်းပြချုပ်သစ်အဖြစ် ခန့်အပ်မည့် နယ်သာလန်နိုင်ငံသား ဗစ်တာဟာမန်စ်ကို ၂၀၂၂ ဆီးဂိမ်းပြိုင်ပွဲအထိ စတင်တာဝန်ပေးရန် စီစဉ်ထားပြီး ကျန်နည်းပြနှစ်ဦးကိုမူ တစ်နှစ်စီ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ် ဗစ်တာဟာမန်စ်သည် အရှေ့တောင်အာရှလက်ရွေးစင်အသင်းများကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ကို ကိုင်တွယ်ခဲ့ဖူးကာ လေးသင်းမြောက်အဖြစ် မြန်မာအသင်းကို ကိုင်တွယ်ခြင်းဖြစ်သည်။

ရှိုင်းထက်ဇော်



## လီဗာပူးအသင်းက လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ပေးမည် မဟုတ်ဟုဆို

လီဗာပူးအသင်းဟာ လိုက်ဇစ်အသင်း တိုက်စစ်မှူး တီမိုဝါနာကို ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် လိုက်ဇစ်အသင်းက တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ကို ပေးမှာမဟုတ်ဘူးလို့ လီဗာပူးအသင်းက ပြောကြားခဲ့ပါတယ်။

လိုက်ဇစ်အသင်းကတော့ သူတို့တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ အောက် ဈေးနှုန်းနဲ့ ညှိနှိုင်းလာမယ်ဆိုရင်လည်း လက်ခံမှာမဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

လီဗာပူးအသင်းနည်းပြ ကလော့ဟာ ဂျာမနီကြယ်ပွင့် တီမိုဝါနာကို ခေါ်ယူဖို့အတွက် ကာလရှည်စောင့်နေခဲ့တာဖြစ်ပြီး အသင်းအများစုဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဘဏ္ဍာရေးအခက်အခဲကိုယ်စီနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။

လီဗာပူးအသင်းကလည်း လာမယ့်တစ်နှစ်အတွင်းမှာ ဝင်ငွေလျော့ကျမှုအနေနဲ့ ပေါင်သန်း ၁၀၀ လောက်ဆုံးရှုံးရဖို့ ရှိနေတာလည်းဖြစ်ပါတယ်။ လီဗာပူးအသင်းနဲ့ လိုက်ဇစ်အသင်းတို့ဟာ လက်ရှိအနေအထားအရ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိနေပေမယ့် လိုက်ဇစ်အသင်းက တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ကို လီဗာပူးအသင်းက ပေးမှာမဟုတ်ကြောင်းနဲ့ လက်ရှိအနေအထားအရ ပေါင်သန်း ၃၀ အထိပေးဖို့လည်း စီစဉ်နေတယ်လို့လည်း သိရပါတယ်။

လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာကို လက်ရှိမှာ အင်တာမီလန်အသင်းနဲ့ ဘာစီလိုနာအသင်းအပါအဝင် ကလပ်အသင်းအများစုက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်းဖြစ်ပါတယ်။

● ငွေကြယ်-ရေးသားသည် ●

## ချယ်လ်ဆီးအသင်းက ဂိုးသမားကီပါနေရာမှာ အစားထိုးဖို့ ဒေါ့မွန်ဂိုးသမား ရိုမန်ဘာကီကို ခေါ်ယူရန် ပြင်ဆင်နေ

ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ ဂိုးသမား ရိုမန်ဘာကီကို ခေါ်ယူဖို့ပြင်ဆင်နေပြီး ချယ်လ်ဆီးအသင်းက လက်ရှိဂိုးသမားကီပါရဲ့နေရာမှာ အစားထိုးဖို့ ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ ဂိုးသမား ရိုမန်ဘာကီဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနဲ့အတူ ပွဲပေါင်း ၁၅၀ ကျော် ပါဝင်ကစားပေးခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်က ဝါရင့်ဂိုးသမား ရိုမန်ဘာကီကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပြီး ရိုမန်ဘာကီကို ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် ကီပါဟာလည်း ချယ်လ်ဆီးအသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်ပါတယ်။

ချယ်လ်ဆီးဂိုးသမားကီပါဟာ ကမ္ဘာ့ဈေးအကြီးဆုံး ဂိုးသမားတစ်ဦးဖြစ်ပြီး ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၇၁ သန်းကျော်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

## စပါးအသင်းက ဘုန်းမောက် ကွင်းလယ်ကစားသမား ရိုင်ယန်ဖရေဆာကို ခေါ်ယူရန် ပစ်မှတ်ထားနေ



စပါးအသင်းဟာ ဘုန်းမောက်အသင်းရဲ့ ကွင်းလယ်ကစားသမား ရိုင်ယန်ဖရေဆာကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရိုင်ယန်ဖရေဆာဟာ အခုနှစ်ဘောလုံးရာသီကုန်မှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး စပါးအသင်းက ကွင်းလယ်ပိုင်း ကစားသမားအင်အားဖြည့်တင်းဖို့အတွက် ရိုင်ယန်ဖရေဆာကို ခေါ်ယူဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရ ကွင်းလယ်ကစားသမား ရိုင်ယန်ဖရေဆာဟာ ဘုန်းမောက်အသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ရင် စပါးအသင်းဆီ ပြောင်းရွှေ့မယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်နေတာဖြစ်ပါတယ်။

စပါးအသင်းနည်းပြ မော်ရင်ဟိုအနေနဲ့ လာမယ့်လအတွင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားခဲ့ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေကို ပြန်လည်စတင်မှာဖြစ်တဲ့အတွက် ပြိုင်ပွဲတွေ မစတင်မီမှာ ကွင်းလယ်ကစားသမား ရိုင်ယန်ဖရေဆာကို ခေါ်ယူဖို့စီစဉ်နေတာလည်း ဖြစ်ပါတယ်။

## အနုပညာ

## Black Pink ကို ချီးကျူးလိုက်တဲ့ လေဒီဂါဂါ

အမေရိကန်ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါက သူနဲ့ တောင်ကိုရီးယားတေးဂီတအဖွဲ့ Black Pink တို့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းသစ် Sour Candy ကို မေ ၂၈ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ လတ်တလော ပြုလုပ်ခဲ့တဲ့အင်တာဗျူးမှာ လေဒီဂါဂါက Black Pink နဲ့တွဲဖက်ကာ တေးသီချင်းဖန်တီးဖြစ်ခဲ့ပုံနဲ့ အဆိုပါတေးဂီတအဖွဲ့ဝင်တွေကို ချီးကျူးစကား ထည့်သွင်းပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါက တေးသီချင်းမထုတ်လွှင့်မီ မေ ၂၇ ရက်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ Black Pink အဖွဲ့ဝင်တွေဟာ ငယ်ရွယ်လှပတဲ့ အမျိုးသမီးတွေဖြစ်ကြတဲ့အပြင် ပါရမီရှိသူတွေဖြစ်ကြောင်း ချီးကျူးခဲ့ပါတယ်။

ဒါ့အပြင် သူက အဖွဲ့ဝင်လေးဦးပါဝင်တဲ့ အဆိုပါတေးဂီတအဖွဲ့ရဲ့ ငါးဦးမြောက်အဖွဲ့ဝင်လို့ ခံစားရတဲ့အတွက်လည်း ဂုဏ်ယူမိကြောင်းလည်း ဆိုပါတယ်။

Sour Candy ဟာ လေဒီဂါဂါရဲ့ ခြောက်ခုမြောက်တေးအယ်လ်ဘမ် Chromatica မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အဆိုပါတေးအယ်လ်ဘမ်သစ်ကို လာမယ့် မေ ၂၉ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## ဆောင်းဂျွန်ကီရဲ့ ဇာတ်လမ်းတွဲသစ်ရိုက်ကူးရေး နှောင့်နှေးဦးမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဂျွန်ကီဟာ ဇာတ်လမ်းတွဲရုပ်ရှင်သစ် Bogota မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲအတွက် ရိုက်ကူးရေးတွေကို စတင်ခဲ့ပြီးဖြစ်ပေမယ့် ဆက်လက်ရိုက်ကူးဖို့ရာ ကြန့်ကြာနေဦးမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ရိုက်ကူးရေးလုပ်ငန်းတွေကို ရပ်နားထားကာ သတ်မှတ်ထားတဲ့အစီအစဉ်အတိုင်း ရိုက်ကူးနိုင်ခြင်းမရှိဘဲ နှောင့်နှေးနေဦးမှာလည်း ဖြစ်ပါတယ်။

အဆိုပါဇာတ်လမ်းတွဲကို ယခုနှစ်အစပိုင်းက ကိုလံဘီယာမှာ သွားရောက်ရိုက်ကူးခဲ့ပါတယ်။ ရိုက်ကူးနေစဉ်မှာပင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ရိုက်ကူးရေးကိုရပ်နားကာ ရုပ်ရှင်အဖွဲ့သားတွေဟာ တောင်ကိုရီးယားကို မတ်လကုန်ပိုင်းက ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဒေသတွင်းပြန်လည်ရောက်ရှိချိန်မှာလည်း အဖွဲ့သားတွေအားလုံး ရက်သတ္တနှစ်ပတ်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူခဲ့ကြကြောင်းလည်း သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲ ထုတ်လုပ်ရေးအဖွဲ့က လတ်တလောမှာ ထုတ်ပြန်ချက်တစ်စောင်ရေးသားဖော်ပြခဲ့ရာမှာတော့ ဇာတ်လမ်းတွဲရိုက်ကူးရေးလုပ်ငန်းတွေ ပြန်လည်စတင်မယ့်ရက်ကို မဆုံးဖြတ်နိုင်သေးကြောင်းနဲ့ လာမယ့်နှစ်အထိတော့ ရပ်နားထားဦးမှာဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့တယ်လို့ သိရပါတယ်။

Bogota ဟာ ကိုလံဘီယာမှာ နေထိုင်တဲ့ ကိုရီးယားလူမျိုးတစ်ဦးအကြောင်းကို ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီး ရိုက်ကူးရေးရဲ့ ၉၀ ရာခိုင်နှုန်းခန့်ကို ကိုလံဘီယာမှာ ရိုက်ကူးဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ဆောင်းဂျွန်ကီရဲ့ ဇာတ်လမ်းတွဲသစ်ကို ယခုနှစ်အတွင်းမှာ ပရိသတ်ရှေ့အရောက် ပို့ဆောင်နိုင်ဦးမှာမဟုတ်ဘဲ ၂၀၂၂ ခုနှစ်အတွင်းမှာမှ မျှော်လင့်နိုင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

● အေးပြည့်-ရေးသားသည် ●



## အိမ်ထောင်သက် သုံးနှစ်အကြာမှာ ကွာရှင်းလိုက်တဲ့ လီဒေါင်ဂန်းနဲ့ ချိုယွန်ဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား လီဒေါင်ဂန်းနဲ့ မင်းသမီး ချိုယွန်ဟီးတို့ဟာ လတ်တလောမှာ တရားဝင်ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လက်ထပ်ပြီးနောက် သုံးနှစ်ခန့်အကြာမှာ ယခုလိုကွာရှင်းခဲ့တာဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနရဲ့ ဖော်ပြချက်ကို ကိုးကားကာ ကိုရီးယားဟာလတ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါကြယ်ပွင့်စုံတွဲဟာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ချိုယွန်ဟီးရဲ့ ဖျော်ဖြေရေးအေဂျင်စီက မေ ၂၈ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ စတားရှစ်အင်တာတိန်းမန့်က ချိုယွန်ဟီးဟာ မေ ၂၂ ရက်မှာ ကွာရှင်းပြတ်စဲဖို့ရာ လုပ်ဆောင်ခဲ့ပြီး အပြီးသတ်ကွာရှင်းနိုင်ရေး ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

လီဒေါင်ဂန်းနဲ့ ချိုယွန်ဟီးတို့ဟာ ၂၀၁၇ ခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ The Gentlemen of Wolgyesu Tailor Shop ဇာတ်လမ်းတွဲမှာ အတူတွဲဖက်ပါဝင်ခဲ့ရင်းက ချစ်သူတွေဖြစ်ခဲ့ကာ လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးမှာ သမီးလေးတစ်ဦး ထွန်းကားခဲ့ကာ အိမ်ထောင်သက် သုံးနှစ်ခန့်အကြာမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။

ချိုယွန်ဟီးရဲ့ အေဂျင်စီက မင်းသမီးဟာ အနုပညာလုပ်ငန်းတွေကို ပြန်လည်လုပ်ဆောင်တော့မှာဖြစ်ပြီး ပရိသတ်တွေအတွက် အကောင်းဆုံးကြိုးစားသွားဖို့ရာ ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့ပါတယ်။

## ဒေါ်တင်လှိုင်

### အသက်(၉၁)နှစ်

ဒါးပိန်မြို့နေ (ဦးနေဝင်း–ဒေါ်ခြုံ)တို့၏ သမီး၊ မန္တလေးမြို့နေ (ဦးအောင်ကျော်–ဒေါ်ငြိမ့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၈၁/ဘီ)နေ (ဒုတိယဗိုလ်မှူးကြီး အံ့ကြွယ်)၏ ဇနီး၊ (ဒေါက်တာဦးဌေးကြွယ်–ဒေါ်ခင်အေးသွင်)၊ ဦးဌေးအောင်(သင်္ဘောအင်ဂျင်နီယာ)–ဒေါ်ကျင်တီ၊ ဦးကျော်ဇင် (သင်္ဘောအင်ဂျင်နီယာ)–ဒေါက်တာဒေါ်အေးအေးမူ(Sun Clinic)၊ (ဦးတင်ထွန်း)၊ ဦးရဲထွန်း–ဒေါ်နွဲ့တင်၊ ဦးခင်မောင်ကြီး–ဒေါ်မြမြသန်း(လယ်ပြ၊ အမက–၂၂၊ မြောက်ဒဂုံ)၊ ဗိုလ်မှူးခင်မောင်လေး(ငြိမ်း)–ဒေါ်ခင်ယုမော်၊ ဗိုလ်မှူးကျော်နိုင်(ငြိမ်း)–ဒေါ်ခင်မိမိကြွယ်၊ ဒေါ်ခင်စန်းကြွယ်၊ ဦးရဲမြင့် (ခေတ္တ–U.S.A)တို့၏ ချစ်လှစွာသော ကျေးဇူးရှင် မွေးသမိခင်ကြီးသည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၂:၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၅–၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်လှိုင်

### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၈၁/ဘီ)နေ (ဒုတိယဗိုလ်မှူးကြီး အံ့ကြွယ်)၏ ဇနီး၊ ဦးရွှေဇင်ထွန်း–ဒေါ်အေးမွန်သူ၊ ဦးမျိုးသိန်းဦး–ဒေါ်တင်ရတနာစိန်မြင့်၊ ဦးထွန်းဇေယျ–ဒေါ်ခင်မာမာကြွယ်၊ ဦးကျော်နိုင်စိုး–ဒေါ်ဖြူသီအောင်၊ မောင်ဝင့်သူအောင်၊ ဒေါက်တာဇေယျာကျော်၊ ဦးမြတ်မင်းစိုး–ဒေါ်မွေးသစ္စာလှိုင်၊ ဦးရဲနိုင်ဝင်း–ဒေါ်အိအိခိုင်၊ မောင်ဘုန်းပြည့်ကြွယ်၊ မတင်မာလာထွန်း၊ မခင်ဝိုင်းချစ်၊ မယုမွန်အောင်၊ မောင်အောင်ကောင်းမိုး၊ မောင်ထူးကျော်အောင်၊ မောင်စည်သူအောင်၊ မောင်ထက်အောင်လှိုင်၊ မမြတ်နိုးခင်၊ မောင်အောင်ကောင်းမြတ်၊ မောင်မင်းထက်ကျော်၊ မောင်ဟိန်းဝေယံထွဋ်တို့၏ ချစ်လှစွာသောအဘွား၊ မြစ် ၁၁ ယောက်တို့၏ဘွားဘွားကြီးသည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၂:၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၅–၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးရင်မောင်သန်း(ငြိမ်း)

ကြည်း–၁၀၂၂၂

အပတ်စဉ်(၃၀)

### အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးဘသန်း–ဒေါ်တင်ရွှေ)တို့၏ သား၊ ဒေါ်ခင်မျိုးနွယ်၏ ခင်ပွန်း၊ ဦးအောင်ဇော်ဟိန်း၊ Capt.ရန်မျိုးအောင် (Uniteam)–ဒေါ်ယဉ်မျိုးပိုက် (D.S.Y)တို့၏ ဖခင်၊ မယဉ်မီကို၊ မယဉ်မင်းအေး(MISAKI)တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၆–၅–၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၅–၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၁၆–၄–၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ခဲ့သော Captain ဦးမျိုးထွန်းဇော် (Spirits of Hamburg)(Uniteam Marine Ship Management)၏ ဈာပနတွင် ကွယ်လွန်ချိန်မှ စ၍ ပြီးဆုံးသည့်နေ့အထိ အစစအရာရာ လိုလေသေးမရှိအောင် ကူညီပေးပါသော Zeaborn Ship Management မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Uniteam Marine Ship Management မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Captain ဦးသက်နိုင် (Office Director)၊ Captain ဦးဖြိုးဝင်းညွန့် (Administ-ration Manager)၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့အစည်းများ၊ နေအိမ်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ message တို့ဖြင့်လည်းကောင်း၊ စာနာထောက်ထားစွာဖြင့် မေးမြန်းကူညီပေးခဲ့ကြသော လူကြီးမင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူဇနီးနှင့်
သားမောင်ဟိန်းဇော်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ကြည်(ခ)ဒေါ်အုန်း (၈၅)နှစ်

မော်လမြိုင် (ကရုပ္ပိ)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နေ [ဦးလှမောင် (ဆေးအင်စပက်တာ–ငြိမ်း)–ဒေါ်ညိန်းရွှေ]တို့၏ သမီးငယ်၊ (ဒေါ်သန်းညွန့်)၏ ညီမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈၂/ရပ်ကွက်၊ ဘုမ္မာ(၃)လမ်း၊ အမှတ်(၆၈၇)နေ ဦးကြည်စိန်၏ ချစ်လှစွာသောဇနီး၊ (ဦးတင်ဝင်းနိုင်–ဒေါ်ချိုချိုယု)၊ ဦးဇော်သက်နိုင်–ဒေါ်လွင်လွင်စိုး၊ ဦးကြည်သော်နိုင်–ဒေါ်ဝင်းရွှေ၊ ဦးအေးကိုကို–ဒေါ်ကေသွယ်နိုင်၊ ဦးမိုးကျော်နိုင်–ဒေါ်စိုးစိုးမာတို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀–၅–၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃–၆–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၆၈၇)၊ ဘုမ္မာ(၃)လမ်း၊ ၈၂/ရပ်ကွက်၊ နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဖြူဖြူသန်း (၆၆)နှစ်

(တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ၊ သမိုင်း၊ ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၉)၊ သုံးလွှာနေ (ဦးလှထွေး–ဒေါ်အုန်းညွန့်)တို့၏ သမီး၊ [ဦးဉာဏ်လင်း(တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ၊ သမိုင်း)]၏ ချစ်လှစွာသောဇနီး၊ ကိုအောင်စိုးမိုး(ကိုတားနီ) (Premier Coffee, Capital Diamond Star Group)၏ ချစ်လှစွာသောမိခင်၊ ဦးနေမျိုးအောင် (ရန်ကုန်အနောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)–ဒေါ်လဲ့လဲ့ဝင်း(ဗဟန်းမြို့နယ်၊ စာရင်းစစ်ရုံး၊ ငြိမ်း)၊ ဦးတင်သန့်(ဦးဓမ္မစာရ)–ဒေါ်ခင်ခင်သိန်း(မြန်မာနိုင်ငံတော်ဗဟိုဘဏ်–ငြိမ်း)တို့၏ ညီမ၊ ဒေါ်ကြွယ်ကြွယ်သန်း(ခ)မသီရိ၊ ဒေါ်စိမ်းစိမ်း(ခ)မစန္ဒာ(ပြန်ကြားရေး–ငြိမ်း)၊ ဗိုလ်ကြီးမြဆွေ(ငြိမ်း)–ဒေါ်ခင်ထွေးညွန့်တို့၏ အစ်မ၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် သျှင်ပါဂူအထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၀–၅–၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃–၆–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းငွေ

(ဦးစီးအရာရှိ–ငြိမ်း၊ အဆောက်အဦးအထူးအဖွဲ့–၂)

### အသက်(၆၄)နှစ်

ပြည်မြို့နေ (ဦးချစ်သာ–ဒေါ်မြညွန့်)တို့၏ သား၊ လှိုင်သာယာ F.M.I City နေ စူဝံကြယ်တိုင်းရင်းဆေးတိုက်ပိုင်ရှင် ဒေါ်ဌေးဌေးကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ မအိလဲ့ဖြူ (Yoma Group)၏ ဖခင်သည် ၂၇–၅–၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉–၅–၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ကောင်းမွန်စွာ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂–၆–၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် အထက်လိပ်စာပါ ဒေါ်ဌေးဌေးကြည်၏ နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဟန်သက်ဝင်း(ငြိမ်း)

ကြည်း–၃၆၉၄၁

တေဇ(၃၀)

### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၅)A/B၊ မြေညီထပ်နေ ဦးစောသောင်းငြိမ်း–ဒေါ်လှလှနွယ်တို့၏ သား၊ ဗိုလ်ကြီးစောသောင်းဦး(ငြိမ်း)–ဒေါ်ခင်စောမြင့်၊ ဦးအောင်ကျော်တင်–ဒေါ်ဝေဝေခင်၊ ဦးသန်းထိုက်–ဒေါ်ခင်မေမေလွင်၊ ဦးဟန်ဇော်ဝင်း–ဒေါ်စိမ်းလဲ့လဲ့ဝေတို့၏ ညီ/မောင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေး ဗိုလ်ကြီးဟန်သက်ဝင်း(ငြိမ်း) သည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်ပြီးဖြစ်ပါ၍ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဝင်းကြည်

### အသက်(၈၇)နှစ်

ဒေါက်တာသန္တာဝင်း (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီး၊ ရန်ကုန်)၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်ဝင်းကြည်သည် ၂၆–၅–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်**
**လည်ပင်းခွဲစိတ်ကု ဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

## ရေ–၁၁၈၆ ဗိုလ်မှူးသီဟ(ငြိမ်း) (ဗလ–၆၃၀)

### အသက်(၇၂)နှစ်

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) မှ သူငယ်ချင်း ဗိုလ်မှူးသီဟ(ငြိမ်း)သည် ၂၂–၅–၂၀၂၀ (သောကြာနေ့) ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်း ကောင်းရာဘုံဘဝသို့ရောက်ရှိပါစေ။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း**
**အမှတ်စဉ်(၁၁)မှ သူငယ်ချင်း မိသားစုများ**

ခရစ်တော်၌အိပ်ပျော်ခြင်း

## လင်ကင်တွီး(ခ)ဦးကျင်

### အသက်(၉၇)နှစ်

ပဲခူးမြို့၊ ညောင်ဝိုင်း(၁၃)လမ်း၊ အမှတ်(၁၅၇)နေ သိက္ခာတော်ရ ဒေါ်ခင်ခင်၊ ဦးလှမြင့်–ဒေါ်ခင်ခင်လေး၊ ဦးမြင့်ဆွေ–ဒေါ်ထွေးထွေးဝင်း၊ ဦးမျိုးမြင့်–ဒေါ်နုနုရီ၊ Dr.သိန်းဝင်း–ဒေါ်မြင့်မြင့်မော်၊ ဦးရဲမြင့်–ဒေါ်မြင့်မြင့်လွင်၊ ဦးကြည်ထွန်း–ဒေါ်စောမြင့်၊ ဒေါ်မိမိလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုး၊ ဒေါ်ခင်ကြူ၏ ချစ်လှစွာသောခင်ပွန်း ဦးကျင်သည် ၂၇–၅–၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၀:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဆင်ဖြူကွင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်စတယ်လာ

### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၂/၁၁၄)၊ ဦးအေး (၄)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဖိုးဆိုင်–ဒေါ်စိန်ပွင့်)တို့၏ သမီး၊ (ဦးဖိုးကျင်–ဒေါ်မြစိမ်း)တို့၏ သမီးချွေးမ၊ (ဦးစောလီယို)၏ ချစ်လှစွာသောဇနီး၊ ဦးဂျော့(ချ်)လီယို–(ဒေါ်ခင်သန်းဦး)၊ ဒေါ်ရိုဇက်တာလီယို–ဦးမောင်မောင်၊ (ဦးအက်ဒွပ်လီယို)–ဒေါ်ယဉ့်နန်း၊ (ဦးသီဟအောင်နိုင်)၊ (ဒေါ်မိုရင်းလီယို–ဦးစောတင်အောင်မင်း)၊ ဦးအယ်လ်ဘတ်လီယို–ဒေါ်မာမာလွင်၊ (ဦးရောဘတ်လီယို)–ဒေါ်ထုဆိုင်၊ ဒေါ်မေပုလဲ–Mr. Peter Swarbrick တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၉ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မေ(ခ)ဒေါ်ပိုပို

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၂၇)၊အခန်း(၇)၊ သုဇိတာလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာနေ (ဦးဘာဘာ–ဒေါ်လှမေ)တို့၏ သမီး၊ (ဦးတင်ဝင်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်စောစန္ဒာ၊ (ဦးကျော်မင်းဦး)–ဒေါ်မေသန္တာအောင်၊ ဦးဇော်မင်းဦး–ဒေါ်အေးအေးမြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ရင်မေ(ခ)ဒေါ်ပိုပိုသည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၅–၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃–၆–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးငွေစိုး

### အသက်(၆၇)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ လက်ပံကုန်းကျေးရွာနေ (ဦးစိန်ဖေ–ဒေါ်ခင်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးသန်း–ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွာသစ်ကျေးရွာ၊ ဗိုလ်တေဇလမ်း၊ ခြံအမှတ်(၁၁၃)နေ ဒေါ်နုနုဌေး(အလပြ–ငြိမ်း၊ အထက–၂၊ ဒဂုံ)၏ ခင်ပွန်း၊ ရဲအုပ်မင်းအောင်စိုး–ဒေါ်ခင်မေဦး၊ ဦးသန်းအောင်စိုး–ဒေါ်စိမ်းနွဲ့အေး၊ ဦးနေလင်း–ဒေါ်ပြည့်ပြည့်ငွေစိုးတို့၏ ဖခင်၊ မထက်ရတီကျော်၊ မောင်မင်းဟိန်းကျော်၊ မလင်းမွန်မွန်သော်၊ မောင်ဟိန်းခန့်အောင်တို့၏အဘိုးသည် ၂၇–၅–၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၅–၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂–၆–၂၀၂၀ (အင်္ဂါနေ့) နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွာသစ်ကျေးရွာ၊ ဗိုလ်တေဇလမ်း၊ ခြံအမှတ်(၁၁၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလွင်မျိုးဇော်(ခ)ဦးကို

### အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်လွင်)–ဒေါ်မူမူတို့၏ သားကြီး၊ (ဦးတင်အောင်–ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဦးအောင်မျိုးဇော်–ဒေါ်မင်းပပအောင်၊ ဦးမျိုးမင်းမင်းလွင်–ဒေါ်အေလာမြင့်၊ ဦးကျော်သူရ–ဒေါ်နုထွေးလှိုင်၊ ဦးသော်သော်အောင်တို့၏ အစ်ကို၊ မောင်ဝေယံ၏ ဖခင်၊ ဒေါ်ဝါဝါပြုံး(ဒု–လက်ထောက်ကြီးကြပ်)မြို့နယ်ပညာရေးမှူးရုံး၏ ချစ်လှစွာသောခင်ပွန်း ဦးလွင်မျိုးဇော်(ခ)ဦးကိုသည် ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃:၃၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၅–၂၀၂၀ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ အမှတ်(၉၄၅)၊ အင်းဝ(၇)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သရက်အသင်း (ရန်ကုန်)၏ ဘဏ္ဍာရေးမှူး ဒေါ်ဌေးဌေးကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ မအိလဲ့ဖြူ (YOMA Group)၏ ချစ်လှစွာသော ဖခင်ကြီး ဦးသန်းငွေ (ဦးစီးအရာရှိ လမ်းတံတားအင်ဂျင်နီယာ)သည် ၂၇–၅–၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ များစွာဝမ်းနည်းကြေကွဲရပါသည်။

**သရက်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့**

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

အနိစ္စ

# COVID-19 ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးအတွက် အမိန့်၊ ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၆/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 –COVID – 19) ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID – 19 ရောဂါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတွင်းကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများတွင်သာ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို သတ်မှတ်ထားသောနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြည့်နေမှုအား ဒေသဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျ ဝိုင်းဝန်း၍ ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းကို အထူးအလေးထားဆောင်ရွက်လျက်ရှိခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နှီးနွှယ်ဌာနများနှင့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် တက်တက်ကြွကြွဆောင်ရွက်လျက်ရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၁၆-၄-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၃၇/၂၀၂၀) အရ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့်ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များကို ထပ်မံဖြည့်စွက်လိုက်သည်-

(က) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ခြင်း၊
(ခ) အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများ၊
(ဂ) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများအတွင်း ဆောင်ရွက်ရမည့်ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် သင်တန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊
(ဃ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်ကိုက်ညီ၍ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များက ဖွင့်လှစ်ခွင့်ပြုထားသော စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊
(င) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၃-၅-၂၀၂၀ ရက်စွဲဖြင့် အသိပေးထုတ်ပြန်ကြေညာထားသည့် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သောလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်း။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**



# ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားဖြင့် ပို့ဆောင်

**လားရှိုး မေ ၂၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၁၄၂ ဦး၊ အမျိုးသမီး ၁၃၄ ဦး စုစုပေါင်း ၂၇၆ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါနေရပ်ပြန်ပြည်သူ ၂၇၆ ဦးတို့တွင် ကချင်ပြည်နယ်မှ ကိုးဦး၊ ချင်းပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၆ ဦး၊ နေပြည်တော်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ၅၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၄၈ ဦး၊ ရခိုင်ပြည်နယ်မှ ၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၇ ဦးတို့ ဖြစ်ကြသည်။

နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ မေ ၂၈ ရက်အထိ အမျိုးသား ၅၀၅၇ ဦး၊ အမျိုးသမီး ၂၉၇၀ စုစုပေါင်း ၈၀၂၇ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကျန်းမာရေးစောင့်ရှောက်မှုစင်တာများကို ဆိုက်ဘာတိုက်ခိုက်သူများအား ထိရောက်စွာ အရေးယူရန် ကုလသမဂ္ဂတိုက်တွန်း**
စာမျက်နှာ » ၁၁

**အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များကို အချိန်မတိုင်မီ ပြန်လည်ခေါ်ယူမည်**
စာမျက်နှာ » ၁၂

**တရုတ်နိုင်ငံ ကိုဗစ်-၁၉၊ အရေးပါသော အစည်းအဝေးနှင့် အနာဂတ်အလားအလာ**
စာမျက်နှာ » ၁၃

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
စာမျက်နှာ » ၁၅

# မန္တလေးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ချေးငွေလျှောက်ထားသူ ၄၀၀ ကျော်အနက် လုပ်ငန်းပေါင်း ၉၀ ချေးငွေရရှိ

**မန္တလေး မေ ၂၈**

ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအား ယခု စတုတ္ထအကြိမ်တွင် နိုင်ငံတော်မှ COVID-19 Fund အဖြစ် ချေးငွေကျပ် ၁၅ ဒသမ ၀၇၉ ဘီလီယံ ခွင့်ပြုခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ လျှောက်ထားသူ ၄၁၇ ဦးအနက် ကုမ္ပဏီနှင့် လုပ်ငန်းရှင်ဦးရေ ၉၀ ချေးငွေရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းက ပြောကြားသည်။

စတုတ္ထအကြိမ် ချေးငွေချထားမှုကို မေ ၂၂ ရက်က ချထားခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ၄၁၇ ခု ချေးငွေရရှိခဲ့ပြီး ပထမအကြိမ်တွင် ၈၈ ခု၊ ဒုတိယအကြိမ်တွင် ၁၁၃ ခု၊ တတိယအကြိမ်တွင် ၁၁၁ ခုဖြစ်ရာ မန္တလေးတိုင်းဒေသကြီးမှ အဆိုပါချေးငွေရရှိမှုမှာ ဒုတိယအကြိမ်၌ နှစ်ဦးနှင့် ယခု စတုတ္ထအကြိမ်တွင် ဦးရေ ၉၀ အထိ ချေးငွေရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လေးကြိမ်မြောက်မှာ အရင်အကြိမ်တွေက မပါသလောက်ပဲ။ ခုရတာက အားလုံးမန္တလေးတိုင်းဒေသကြီးကပါ။ ခုချပေးတာက လုပ်ငန်းတွေ တော်တော်စုံပါတယ်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**